# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝင်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၀ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၁)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်မှုဌာန ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Fanrong ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်သတ္တုအရင်းအမြစ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Tawfiq-e-Elahi Chowdhury, BB ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်

## တရုတ်နိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်မှုဌာန ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ်တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံအကြား လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးအတွက် ဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်မှုဌာန ဒုတိယအုပ်ချုပ်ရေးမှူး Mr. Li Fanrong ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်သတ္တုအရင်းအမြစ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Tawfiq-e-Elahi Chowdhury, BB ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

# ကုလသမဂ္ဂအဆောက်အအုံ၌ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများခေါင်းစဉ်ဖြင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းမှ ရှင်းလင်းပြောကြားပွဲတစ်ရပ်ပြုလုပ်

**နေပြည်တော် မတ် ၉**

ဂျီနီဗာမြို့၌ ၂၆-၂-၂၀၁၈ ရက်မှ ၂၃-၃-၂၀၁၈ ရက်အထိ ပြုလုပ်လျက်ရှိသည့် (၃၇)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးကာလအတွင်း ၈-၃-၂၀၁၈ ရက် မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂအဆောက်အအုံ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ ခေါင်းစဉ်ကို ပြုပြင်ပြောင်းလဲမှု၊ စိန်ခေါ်မှုများနှင့် ရွေးချယ်မှုဟူသော ကဏ္ဍများဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် UEHRD ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ ပြည်သူ့လွှတ်တော်အမတ် ဒေါ်ပြုံးကေသီနိုင်၊ အမျိုးသားလွှတ်တော်အမတ် ဦးဂျေယောဝူ၊ ဦးနေအုပ်တင့်နှင့် ဒေါ်ဟေမာမင်းသူတို့ ပါဝင်သည်။

**အဖွင့်မိတ်ဆက်စကားပြော**

အဆိုပါရှင်းလင်းပြောကြားပွဲသို့ ဂျီနီဗာမြို့အခြေစိုက် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများ၊ ကုလသမဂ္ဂအေဂျင်စီများမှ အမြဲတမ်းကိုယ်စားလှယ်၊ ကိုယ်စားလှယ်များ ၄၀ ကျော်တက်ရောက်ခဲ့ပြီး မြန်မာအမြဲတမ်းကိုယ်စားလှယ်ဦးထင်လင်းက အဖွင့်မိတ်ဆက်စကားပြောကြားခဲ့သည်။

**အပြောင်းအလဲများဆောင်ရွက်ခဲ့ရ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားသည့် အပြောင်းအလဲများဆောင်ရွက်ခဲ့ရကြောင်း၊ ဆယ်စုနှစ် ငါးခုကြာခဲ့သည့် တပ်မတော်အုပ်ချုပ်မှုစနစ်ကို စွန့်လွှတ်၍ ဒီမိုကရေစီခိုင်မာစွာ အမြစ်တွယ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာရှိသော ကိုလိုနီအမွေအနှစ်၊ တိုင်းရင်းသားမျိုးနွယ်စုများအကြောင်း ယှဉ်ပြိုင်မှုများနှင့် တပ်မတော်

*စာမျက်နှာ ၃ ကော်လံ ၁* ❒




မြန်မာ့အလင်း

# ကမ္ဘာကိုပင့်မထားနိုင်သည့် ပုခက်လွှဲသောလက်

ပုခက်လွှဲသောလက်သည် ကမ္ဘာကို လွှမ်းမိုးနိုင်၏ဆိုသည်ကို အစဉ်အဆက် ပြောကြားခဲ့ကြပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာကိုလွှမ်းမိုးနိုင်သည်ထက် ကမ္ဘာကိုပင့်မထားနိုင်သည်ကို ပိုမိုအလေးထား ပြောကြားခဲ့ပါသည်။ မိခင်တို့သည် သားသမီးတို့အား ငယ်စဉ်ကတည်းက ဦးခေါင်းထဲ၌၊ နှလုံးသားထဲ၌ မှန်ကန်သောတန်ဖိုးထားမှုတို့ကို သင်ကြားပေးနိုင်ပါက ကမ္ဘာပေါ်တွင် ပိုမိုကောင်းမွန်သောတန်ဖိုးတို့ပွားများလာမည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးအနက်ထား ပြောဆိုခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား၌ ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ မျိုးဆက်သစ်တို့အား မွေးကင်းစအရွယ် ကတည်းက မှန်ကန်သောစိတ်ဓာတ်တို့ကို မိခင်ဖြစ်သူက သွင်းပေးနိုင်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်း ဖြစ်ပါသည်။ မိခင်တို့၏ အရေးပါပုံအား ထောက်ပြခဲ့ခြင်းနှင့်အတူ မိခင်တို့၏ အရည်အသွေးမြှင့်တင်ရန် အရေးကြီးကြောင်းကိုပါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ညွှန်ပြခဲ့ခြင်းဖြစ်ပါသည်။

လူ့အဖွဲ့အစည်းတိုင်း၌ အစဉ်အလာဓလေ့ထုံးစံတို့ ရှိလေ့ရှိပါသည်။ သားယောကျာ်းလေးတို့အား ဦးစားပေးခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အစဉ်အလာဓလေ့ထုံးစံတစ်ခု ဖြစ်ပါသည်။ ဤဓလေ့ထုံးစံသည် မြန်မာ့ကျေးလက်တောရွာတို့၌ ပိုမိုစွဲမြဲသည်ဟု ပြောနိုင်ပါသည်။ အမျိုးသမီးတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းနေထိုင်ရာ ဒေသများဖြစ်သကဲ့သို့ မြန်မာ့ဂျီဒီပီ (GDP) ၏ ၃၀ ရာခိုင်နှုန်းဖန်တီးရာ ဒေသများဖြစ်သည့် ကျေးလက်ဒေသတို့၌ ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်နေသည်ကို ထောက်ပြခဲ့ပါသည်။ တိုင်းပြည်၏ ဖြတ်သန်းခဲ့သော သမိုင်းကြောင်းတို့အရ ကျေးလက်တောရွာတို့ရှိ အမျိုးသားတို့သည် ဇာတိကျေးလက်တောရွာတို့ကို စွန့်ခွာ၍ ပြင်ပဒေသတို့၌ သွားရောက်လုပ်ကိုင်နေရသောကြောင့် ဤလိုအပ်ချက် ဖြည့်ဆည်းပေးရေးက ပိုမိုအရေးပါလာနေသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်း ဖြစ်ပါသည်။

လူထုအစိုးရသစ်လက်ထက်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ပြန်လည်ဖွဲ့စည်းလျက်၊ ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသမီးထု၏ ဖွံ့ဖြိုးတိုးတက်မှုအား လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အမျိုးသမီးကော်မတီများ၊ ခရိုင်အမျိုးသမီးကော်မတီများနှင့် မြို့နယ်အမျိုးသမီးကော်မတီတို့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးတင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးနှင့် အမျိုးသမီးထု၏ စွမ်းအားအပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေးကို ဆက်စပ်တင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ညွှန်ပြသကဲ့သို့ အမျိုးသမီးတစ်ဦးချင်းစီအနေဖြင့် ဒီမိုကရေစီစိတ်ဓာတ်နှင့် ဒီမိုကရေစီအလေ့အကျင့်တို့ကို အရင်းခံလျက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှုနှင့် ချစ်ခင်ကြင်နာမှုများတို့ စုပေါင်းပါဝင်နိုင်ရေးတို့ကိုသာစွမ်းဆောင်နိုင်မည်ဆိုပါက တိုင်းပြည်လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးတို့သည် ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ထိထိရောက်ရောက် ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့်ကဏ္ဍအသီးသီးတွင် အမျိုးသမီးတို့ ပိုမိုပါဝင်ဆောင်ရွက်လာသည်နှင့်အညီ ခေတ်အဆက်ဆက်ဖော်ဆောင်ခဲ့သည့် အမျိုးသမီးတို့၏ စွမ်းဆောင်မှုတို့ကို အတုယူလျက် မျိုးဆက်သစ်မြန်မာအမျိုးသမီးထုအနေဖြင့် ဘဝလုံခြုံမှုရှိရေးနှင့် စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်းအားထုတ်ရန်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ကို ပြည်ထောင်စုကြီး၏ အမျိုးသမီးထုတစ်ရပ်လုံးက ဘဝလမ်းညွှန်အဖြစ် ခံယူကျင့်သုံးကြရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်အကြောင်း စာပေစကားဝိုင်းကျင်းပမည်

**နေပြည်တော် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့ လူထုအခြေပြုဗဟိုဌာနတွင် ဖွဲ့စည်းထားသည့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) ၏ စာပေစကားဝိုင်းကို မတ် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာပေစကားဝိုင်းတွင် ထွန်းဖောင်ဒေးရှင်း စာပေဆုရစာအုပ်ဖြစ်သော စာရေးဆရာခင်မောင်တင်(မဟာဝိဇ္ဇာ)၏ **"နှစ်(၆၀)မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်"**အကြောင်းကို စာရေးသူကိုယ်တိုင် တက်ရောက်ပါဝင်ပြီး အသင်းဝင်စာဖတ်သူများနှင့် Book Review ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၉**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့်ရှိနိုင်သည်။ မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ဘွဲ့တံဆိပ်ဆက်ကပ်ခံခဲ့ရသည့် ဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပဲခူး မတ် ၉**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံမဏ္ဍပ်မာန်တော်ကြီး၌ မတ် ၉ ရက်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ပဲခူးတိုင်းဒေသကြီးမှ ဆရာတော်ကြီးများအား ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်းခံရသည့် တိုင်းဒေသကြီးမှ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း/ ခရိုင်မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၉-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၉၅/၈၁၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၆ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ ・၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ ・၄ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၀ ・၁ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၅ |
| တရုတ် | တစ်ယွမ် | ၂၁၀ ・၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ・၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်မှုဌာန ဒုတိယအုပ်ချုပ်ရေးမှူး **Mr. Li Fanrong** နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်သတ္တုအရင်းအမြစ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် **Dr.Tawfiq-e-Elahi Chowdhury, BB** တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*❍ရှေ့ဖုံးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံစဉ် မြန်မာ- တရုတ်- ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံအကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးသန့်စင် | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးဇော်ဌေး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန |

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၌ စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၉**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန် ရွှေရတုခန်းမ၌ ကျောင်းသား ကျောင်းသူများ လိမ္မာရေးခြားရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေးမြှင့်မားရေးနှင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်း ပညာရပ်ကို တန်ဖိုးထားလေးစားတတ်စေရေးတို့အတွက် ရည်ရွယ်၍ Personal and Professional Development (PPD) အစီအစဉ် စာပေဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ စာရေးဆရာ နေဘုန်းလတ်က "လူနှင့်လမ်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာမ ပုညခင်က "ပုထုဇဉ်နှင့် စိတ်ဝိညာဉ်" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❐ရှေ့ဖုံးမှ*

အုပ်ချုပ်မှုစနစ်တို့မှ ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မိမိတို့တာဝန်ကို စတင်တာဝန်ယူသည်နှင့်တစ်ပြိုင်နက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင်လာစေရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ နက်နဲရှုပ်ထွေးမှုများရှိသော်လည်း သိသာထင်ရှားသည့် တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်လအတွင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့မှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်သို့ ပါဝင်လာခြင်းသည် ငြိမ်းချမ်းရေးလမ်းကြောင်းတွင် သမိုင်းမှတ်တမ်းသစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ ယမန်နေ့က ကျင်းပခဲ့သည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တရားစီရင်ရေးနှင့် ဥပဒေရေးရာတို့အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်ကြောင်းကို အလေးအနက်ထား ပြောကြားခဲ့ကြောင်း၊ အစိုးရသစ်အပေါ်တွင် နိုင်ငံတကာ အသိုက်အဝန်းနှင့် မိမိတို့ပြည်သူတို့၏ မြင့်မားသော မျှော်မှန်းချက်များသည် ဤရှုပ်ထွေးမှုများကို ပိုမိုဝန်ပိစေပါကြောင်း၊ ရခိုင်ကိစ္စနှင့်ပတ်သက်၍ ဝေဖန်မှုများနှင့် သံသယများ ရှိနိုင်ပါကြောင်း၊ သို့သော် အပြုသဘောဆောင်သည့် ဝေဖန်မှုဖြစ်ရန်လိုပြီး အပြစ်တင်မှုနှင့် အလျင်စလိုဆုံးဖြတ်ရန် မဟုတ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်သွားရန်အတွက် အပြုသဘောဆောင်သည့် နည်းလမ်းတစ်ရပ် လိုအပ်ကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို မည်သည့်အကြောင်းနှင့်မျှ သွေဖည်မသွားစေသင့်ကြောင်း၊ ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှုများမှာ အကြမ်းဖက်သမားများမှ လုံခြုံရေးတပ်ဖွဲ့များအား တိုက်ခိုက်မှုများမပြုမီ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ပုံမှန်လမ်းကြောင်းပေါ်တွင် ရှိနေခဲ့ကြောင်း၊ တိုက်ခိုက်မှုများနှင့် လူပေါင်းများစွာ နေရပ်စွန့်ခွာမှုများသည် ယင်းအခြေအနေကို ပြောင်းလဲသွားစေခဲ့ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏သဘောထားနှင့် အမြင်တို့အပေါ်တွင်လည်း အပြုသဘောမဆောင်သည့် သဘောထားအမြင်များသို့ ရောက်ရှိစေခဲ့ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

## အစွမ်းကုန်ကာကွယ်သွားမည်

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက အစိုးရသည် ရခိုင်ပြည်နယ်ကိစ္စနှင့်စပ်လျဉ်း၍ ရေရှည်တည်တံ့သည့် အဖြေတစ်ရပ် ဆောလျင်စွာပေါ်ထွက်ရန် လိုအပ်ကြောင်းကို နားလည်သဘောပေါက်သည့်အားလျော်စွာ အသိုက်အဝန်းအားလုံးအတွက် ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် အစီအစဉ်အများအပြားကို ဦးဆောင်ဦးရွက်ပြုဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရေရှည်တည်တံ့သည့် အဖြေတစ်ရပ်ရှာဖွေရန် ပြည်ထောင်စုဝန်ကြီးအဆင့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီနှင့် ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများပါဝင်သည့် အကြံပေးအဖွဲ့များ တည်ထောင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် "ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးတို့ဆိုင်ရာ ပြည်ထောင်စုစီမံကိန်း" ကို ဦးဆောင်လျက်ရှိကြောင်း၊ "ရက်စက်ကြမ်းကြုတ်မှု"၊ "လူမျိုးစုသုတ်သင်ရှင်းလင်းမှု" နှင့် "လူမျိုးသုဉ်းသတ်ဖြတ်မှု" အစရှိသည့် စွပ်စွဲချက်များအပေါ် အစိုးရအနေဖြင့် နှုတ်ဆိတ်နေသည်ဟူသည့် စွပ်စွဲချက်များရှိကြောင်း၊ လွတ်လပ်မှုနှင့်ဒီမိုကရေစီတို့အတွက် ကာလရှည်ကြာစွာ ကြိုးပမ်းဆောင်ရွက်လာခဲ့သော မြန်မာခေါင်းဆောင်များအနေဖြင့် ယင်းသို့သော အပြုအမူများကို မည်သည့်အခါမှ ထောက်ခံအားပေးမည်မဟုတ်ကြောင်း၊ အစိုးရအနေဖြင့် ယင်းသို့မဖြစ်စေရန်လည်း အစွမ်းကုန်ကာကွယ်သွားမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ စွပ်စွဲမှုများကို အလေးအနက်ထားနားထောင်ပြီး ခိုင်မာသည့် သက်သေအထောက်အထားရှိပါက ကျူးလွန်သည့် မည်သူ့ကိုမဆို အရေးယူသွားမည်ဖြစ်ကြောင်းဖြင့် ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။

## ယုံကြည်မှုတည်ဆောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်အဖြစ်အပျက်ကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ခွာသွားသည့် လူများအပါအဝင် ထိခိုက်နစ်နာခံရသည့် ပြည်သူများအားလုံးအပေါ် ဂရုပြုအလေးထားပါကြောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်မှုများပြုလုပ်ထားပြီးပါကြောင်း၊ ပြန်လည်ဝင်ရောက်မည့်သူများ၏ ဘေးကင်းလုံခြုံမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက စိုးရိမ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ဝင်ရောက်မည့်သူများ၏ လုံခြုံရေးအတွက်သာမက ရခိုင်၊ မူဆလင်၊ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီး၊ ဟိန္ဒူစသည့်အသိုက်အဝန်းတို့၏ လုံခြုံရေးကိုလည်း စိုးရိမ်ပါကြောင်း၊ ၎င်းတို့အားလုံးသည် အကြမ်းဖက်မှု၏သားကောင်များဖြစ်ကြောင်း၊ အားလုံး၏ လုံခြုံရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို အင်အားတိုးမြှင့်ချထားပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှကူညီပံ့ပိုးသည့် အကြမ်းဖက်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ မိမိတို့အားလုံးအတွက် အန္တရာယ်ရှိပါကြောင်း၊ ဒေသတစ်ခုလုံးကို ခြိမ်းခြောက်လာသည့် အကြမ်းဖက်မှုကို အတူတကွ လက်တွဲပူးပေါင်းတွန်းလှန်ရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်၏ရှုပ်ထွေးမှုများနှင့် စိန်ခေါ်မှုများကို လူ့အသိုက်အဝန်းတစ်ရပ်တည်းအတွက် လူ့အခွင့်အရေးဆိုင်ရာ ကျဉ်းမြောင်းသည့် ဘောင်အတွင်းမှ သီးသန့်ရှုမြင်စဉ်းစား၍ မရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေးအတွက် ကူညီပံ့ပိုးရာတွင် ပိုမို၍ ဓမ္မဓိဋ္ဌာန်ကျပြီး မျှတသောချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း၊ အပြန်အလှန်နားလည်မှုမရှိပါက အပြန်အလှန် သံသယဖြစ်မှု၊ ရန်လိုမှုများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိခိုက်နစ်နာသူများ၏ ဘဝများသည်လည်း တိုးတက်လာမည်မဟုတ်ကြောင်း၊ ပို၍ဆိုးရွားသည့် အနိဋ္ဌာရုံများဖြစ်ရန် လမ်းစဖွင့်ပေးရာရောက်ကြောင်း၊ ပကတိအခြေအနေကို အသိအမှတ်ပြုရန်နှင့်တစ်ဦး၏စိုးရိမ်မှုကို တစ်ဦးက အပြန်အလှန် နားလည်ရန်လိုအပ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ရန် ရခိုင်ပြည်နယ်အတွင်း ရေရှည်ငြိမ်းချမ်းတည်ငြိမ်၍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် လက်တွဲ၍ ယုံကြည်မှု တည်ဆောက်သွားရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားမှုအပြီးတွင် UEHRD ၏ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က မြန်မာနိုင်ငံအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာချမှတ်ဆောင်ရွက်နိုင်မှုများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြား၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စု စီမံကိန်း၏ ဆောင်ရွက်ချက်များ၊ ယင်းလုပ်ငန်းစဉ်များကို လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ခွဲ၍ ဆောင်ရွက်နေမှုများ၊ UEHRD ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်လက်တွဲဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

## ပူးပေါင်းဆောင်ရွက်ရန်ပြောကြား

ထို့နောက် ကလောမဲဆန္ဒနယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်အမတ် ဒေါ်ပြုံးကေသီနိုင်က လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် နှစ်ပေါင်း ၃၀ ကျော် ယုံကြည်ဆောင်ရွက်ခဲ့သူတစ်ဦး၏ ရှုထောင့်မှနေ၍ ရခိုင်ပြည်နယ်ရှိ လူသားချင်းစာနာမှု အကူအညီ ပေးရေးကိစ္စ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် စိုးရိမ်မှုရှိသည့်ကိစ္စ၊ မည်သူတစ်ဦးတစ်ယောက်မှ ဥပဒေအထက်တွင် မရှိရေးအတွက် တိုက်ပွဲဝင်နေသည့်ကိစ္စ၊ နိုင်ငံတကာက နားလည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ ကန့်သတ်ပိတ်ဆို့မှုများသည် ဆင်းရဲသည့် ပြည်သူများအပေါ်သာ ထိခိုက်နိုင်မှုရှိသည့်ကိစ္စ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ရှင်းလင်းပြောကြားပြီးနောက် အမေး၊ အဖြေကဏ္ဍကို ဆက်လက်ပြုလုပ်ခဲ့ရာ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အီးယူ၊ ဩစတြေးလျ အမြဲတမ်းကိုယ်စားလှယ်များ၊ အဖွဲ့ရုံးကိုယ်စားလှယ်များက ရခိုင်ပြည်နယ်လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးမှုများအတွက် မြန်မာနိုင်ငံနှင့် UNDP ၊ UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ UEHRD ၏ ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့များ ပိုမိုဝင်ရောက်ခွင့်ပြုရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေမှု၊ လူ့ အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အစီအစဉ်ဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုပြုလုပ်မည့် အစီအစဉ်များရှိ - မရှိ၊ လူ့အခွင့်အရေး ချိုးဖောက်သည်ဟု တွေ့ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အရေးယူမှုဆိုင်ရာ နောက်ဆက်တွဲအခြေအနေများ၊ နိုင်ငံသားဖြစ်မှုနှင့် လွတ်လပ်စွာ သွားလာခွင့်စသည့်ကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခဲ့ကြသည်။

ယင်းမေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးနှင့် UEHRD ၏ ညှိနှိုင်းရေးမှူးချုပ်တို့က အသီးသီးပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂျီနီဗာမြို့ကုလသမဂ္ဂ အဆောက်အအုံ၌ပင် သတင်းမီဒီယာများနှင့် တွေ့ဆုံဖြေကြားခဲ့ပြီး ဘီဘီစီ(မြန်မာပိုင်း)နှင့်လည်း တယ်လီဖုန်း အင်တာဗျူး ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၉**

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (15th ACDFIM) သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် စင်ကာပူတပ်မတော် Paya Lebar Airbase မှ ပြန်လည်ထွက်ခွာရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဌေးအောင်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ဆန်းညွန့်ဦးနှင့် စင်ကာပူတပ်မတော်မှ အရာရှိကြီးများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး H.E. Mrs. Venessa Chan နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**
သတင်းစဉ်



# ဥပဒေရေးရာ အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် The International Legal Foundation (ILF) အဖွဲ့မှ Executive Director Ms. Jennifer Smith အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ILF က ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြစ်မှုဆိုင်ရာ မှုခင်းများ၌ ဥပဒေရေးရာ အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွပ်စွဲခံရသည့် ဆင်းရဲနွမ်းပါးသူများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကနိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးသည့် လုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရေးရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့်သင်တန်းများ အပါအဝင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ အမှုနှင့် သက်ဆိုင်သူများ၏ ဥပဒေရေးရာအခွင့်အရေးများအတွက် ဥပဒေအရာရှိများနှင့် ဥပဒေရေးရာ အထောက်အကူပေးသည့် ရှေ့နေများအကြား ပူးပေါင်းဆောင်ရွက်မှုစသည်တို့ကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံအတွင်းသို့ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ၆၉၉၂၅၂ ဦး ဝင်ရောက်ခဲ့

**နေပြည်တော် မတ် ၉**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ သဘာဝတောတောင်၊ ရေ၊ မြေ၊ ရာသီဥတု သာယာမှု၊ သဘာဝရှုခင်းများ ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုးစေတီများ၊လူမျိုးစုများ၏ မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပေါကြွယ်ဝမှု၊ သာယာလှပသော ကမ်းခြေများ၊ ကျွန်းစုများ၊ သဘာဝရေချိုအိုင်ကြီးများ၊ သဘာဝဘေးမဲ့တောများနှင့် တောတိရစ္ဆာန်များစသည့် လေ့လာစရာများ ပေါကြွယ်ဝမှုများကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ တစ်နေ့တခြား ဝင်ရောက်မှုများပြားလာခဲ့သည်ကို တွေ့ရသည်။

**ဝင်ရောက်ခဲ့**

ထိုကဲ့သို့လေ့လာစရာ သဘာဝအလှတရားများကြောင့် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ (လုပ်ငန်း) တို့ဖြင့် ဝင်ရောက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝင်ရောက်မှုမှာ ကမ္ဘာလှည့် ၅၇၄၅၀၊ လုပ်ငန်းဖြင့် ၁၈၅၈၁ ဦး၊ စုစုပေါင်း ၇၆၀၃၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၄၉၂၉၅၃ ဦး၊ လုပ်ငန်း ဗီဇာဖြင့် ၂၁၈၆၇၉ ဦး ၊ ပေါင်း ၇၁၁၆၃၂ ဦးရှိခဲ့ပြီး အလားတူ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၄၈၀၄၉၀နှင့် လုပ်ငန်းဗီဇာဖြင့် ၂၁၈၇၆၂ ဦး၊ ပေါင်း ၆၉၉၂၅၂ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမြတ်ဦး(နေပြည်တော်)**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်ရေးအဖွဲ့မှ ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ရေးအတွက် ရုပ်ရှင်ဇာတ်ကားပေါင်း ၅၃ ကားကို အပြီးသတ်ကြည့်ရှုပြီးစီးဟု သိရ

**ရန်ကုန် မတ် ၉**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်ရေးအဖွဲ့မှ ၂၀၁၇ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်း ၅၃ ကားကို ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ရေးအတွက် မတ် ၇ ရက်က အပြီးသတ်ကြည့်ရှုပြီးစီးကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

ရုပ်ရှင်ဇာတ်ကားများကို ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အကြိမ်ပေါင်းများစွာဖြင့် နှစ်လခန့် အချိန်ယူ ကြည့်ရှုအကဲဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေး

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာအီးဗင့်ပတ်(MEP)တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားပြင်ဆင်ရေးအတွက် Forever Group မှ သိန်း ၆၀၀၀ ထည့်ဝင်ထားပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ သိန်း ၃၀၀၀ နှင့် အခမ်းအနားပြင်ဆင်ရေးအတွက် သိန်း ၃၀၀၀ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပညာရေးရန်ပုံငွေအတွက်လည်း ငွေကျပ် သိန်း ၅၀၀ ပံ့ပိုးပေးထားကြောင်း သိရသည်။ ယခင်နှစ်များက အကယ်ဒမီ ရွှေစင်ရုပ်ကလေးတွင် ရွှေနှစ်ကျပ်သား ပါဝင်ခဲ့သော်လည်း ယခုနှစ်တွင် ရွှေငါးကျပ်သား ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအတွက် ကုန်ကျစရိတ်ကိုလည်း Forever Group မှ ကျခံပေးခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုကို ၁၃ ဆုထိ ချီးမြှင့်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

“အရင်တုန်းက သတ်မှတ်ထားတာ ၁၁ ဆုရှိတယ်၊ နောက်တစ်ခါ အထူးဆုဆိုတာရှိတယ်၊ အထူးဆုဆိုတာ ဟိုးတုန်းက ကလေးဇာတ်ဆောင်တွေကို ပေးတဲ့ဆု၊ ပြီးခဲ့တဲ့နှစ်ကစပြီး အထူးဆုဆိုတာ ကလေးဇာတ်ဆောင်တင် မဟုတ်တော့ဘဲ ဒီ ၁၁ ဆုထဲမှာ မပါဘဲ ထူးခြားတာတွေကို ပေးမယ်ဆိုပြီး စသတ်မှတ် လိုက်တာ၊ ဒီနှစ် ထပ်တိုးလာတာက တစ်သက်တာထူးချွန်ဆု၊ ရုပ်ရှင်ကိုလည်း တစ်သက်လုံးလုပ်တယ်၊ အသက်က ၈၅ နှစ်အထက်ဖြစ်ရမယ်၊ ရုပ်ရှင်ထူးချွန်ဆုဖြစ်စေ၊ နိုင်ငံတော်ကချီးမြှင့်တဲ့ ဘွဲ့တံဆိပ်ဖြစ်စေ အဲဒီလိုသတ်မှတ်ချက်တွေရှိတယ်၊ အဲဒါနဲ့ ပြည့်စုံရင်ပေးမယ်၊ ဒီနှစ်ကစပြီး တစ်သက်တာထူးချွန်ဆုပေးမယ်ဆိုတော့ ၁၃ ဆု ဖြစ်သွားတယ်၊ တစ်သက်တာထူးချွန်ဆုရတဲ့ ပုဂ္ဂိုလ်ကို ဒီနှစ် စပွန်ဆာရတဲ့ Forever Group ကလည်း ဆုပေးတဲ့အချိန်က စပြီး လစဉ် ငွေကျပ် ငါးသိန်းနှုန်းနဲ့ တစ်သက်လုံး ထောက်ပံ့မယ်” ဟု ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

ယခုနှစ်တွင် အကယ်ဒမီဗန်းကိုင်၊ ရွှေကြိုများကို သီးခြားရွေးချယ်မည် မဟုတ်ဘဲ အနုပညာရှင်၊ အတတ်ပညာရှင်များ၏ သားသမီးများကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကိုယ်တိုင် အနုပညာအလုပ်လုပ်သူ၊ အသက် ၂၀ နှစ်အောက်များကို ရွေးချယ်မည်ဖြစ်ပြီး အကယ်ဒမီအကူ မောင်မယ်များအဖြစ် ယောကျ်ားလေး၊ မိန်းကလေး ငါးဦး(သို့) လေးဦးစီကို ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

မတ် ၂၃ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆုပေးပွဲ တက်ရောက်သူများကိုလည်း တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ နှုန်းခန့် တန်ဖိုးရှိအစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# စည်းကမ်းလိုက်နာသည့် မော်တော်ယာဉ်အရောင်းစင်တာပြခန်းများအား အားပေးကူညီဆောင်ရွက်မည်

**နေပြည်တော် မတ် ၉**

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေး ကော်မတီ၏ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ်များ တင်သွင်းခွင့်စတင်ခွင့်ပြုချိန်မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ၊ ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်ဖြင့် မော်တော်ယာဉ်ပါမစ် ထုတ်ပေးမှုတွင် အရောင်းစင်တာမှ ဝယ်ယူခြင်းအပါအဝင်၊ ၂၃၀၇၈ စီး၊ ပို့ကုန်၊ သွင်းကုန်၊ ကုမ္ပဏီ၊ သင်္ဘောသား၊ ပြည်ပအလုပ်သမားများအား မော်တော်ယာဉ်ပါမစ်ထုတ်ပေးမှုမှာ ၆၃၃၉ စီး၊ လူပုဂ္ဂိုလ်တစ်ဦးချင်း အစီအစဉ်ဖြင့် မော်တော်ယာဉ်ပါမစ် ထုတ်ပေးမှုမှာ အရောင်းစင်တာ၊ အရောင်းပြခန်းမှ ဝယ်ယူခြင်းအပါအဝင် မော်တော်ယာဉ် ၃၆၆၀၂၅ စီး စုစုပေါင်း မော်တော်ယာဉ်ပါမစ် ၆၁၀၄၄၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

၂၀၁၈ ခုနှစ်တွင် မြေပြင်စစ်ဆေးချက်အရ အရောင်းစင်တာစည်းကမ်းချက်နှင့် ကိုက်ညီမှုမရှိသည့် အရောင်းစင်တာများကို ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး စည်းကမ်းလိုက်နာသည့် အရောင်းစင်တာပြခန်းများအား အားပေးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများတွင် ဌာနဆိုင်ရာအလိုက် ဆောင်ရွက်ဆုံးဖြတ်ရမည့်ကိစ္စရပ်များရှိသကဲ့သို့ သက်ဆိုင်သည့်ဌာနများအားလုံး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များလည်းရှိပါကြောင်း၊ ဤအစည်းအဝေးတွင် အဓိက ကော်မတီတွင် ပါဝင်သောဌာနများ ပူးပေါင်းဆွေးနွေးဖြေရှင်းရမည့် ကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆုံးဖြတ်ကြရန်ဖြစ်ပါကြောင်း။



မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းမှု အပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်း အပိုင်းတို့တွင် လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်အသီးသီးက ဌာနအလိုက်လုပ်ငန်း ဆောင်ရွက်နေမှုများတွင် တွေ့ကြုံရသည့် အားနည်းချက် အားသာချက်များအား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြေရှင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့ ကျန်းမာရေးအထောက်အကူပြုရန် ဆေးပစ္စည်း၊ အဲကွန်းနှင့် ရန်ပုံငွေများ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ကူညီထောက်ပံ့



**ရန်ကုန် မတ် ၉**

ရန်ကုန်မြို့နှင့် ဒေသဝန်းကျင်ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုခံယူလျက်ရှိသော ယခင်သဃ်န်းကျွန်းစံပြဆေးရုံကြီး ယခုသဃ်န်းကျွန်းပြည်သူ့ ဆေးရုံကြီးသို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရန် ဆေးအသုံးအဆောင်ပစ္စည်း၊ အဲကွန်းနှင့် ရန်ပုံငွေများကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ အလှူရှင်များစုပေါင်းကာ ကူညီထောက်ပံ့ပေးအပ်လှူဒါန်းသည်။

“ဒီဆေးရုံကြီးမှာက လတ်တလော ခုတင် ၅၀၀ ဆိုပေမယ့် ဒီထက်မက ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရပါတယ်၊ ဒီနေ့လှူဒါန်းတဲ့ စေတနာရှင်မိသားစုရဲ့လှူဒါန်းမှုက ဌာနတော်တော်များများအတွက် အထောက်အကူဖြစ်ပါတယ်၊ လှူဒါန်းတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းတွေက အစုံပါပဲ၊ အဲကွန်းကအစ ခွဲစိတ်ကုသဌာန၊ အစာအိမ်နဲ့ အူလမ်းကြောင်းစတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အထောက်အကူပြုတဲ့ ပစ္စည်းတော်တော်များများ ပါဝင်တာကို တွေ့ရတော့ ဆေးရုံအုပ်တစ်ယောက်အနေနဲ့ ရော ဝန်ထမ်းတွေကပါ အားလုံး ဝမ်းသာမဆုံးဖြစ်ပြီး ကျေးဇူးတင်နေကြတာပါ” ဟု သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သန်းလှက ပြောသည်။

ယနေ့ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းသော ဆေးအသုံးအဆောင်ပစ္စည်းများနှင့် အဲကွန်းများကို များမကြာမီက မျက်ကွယ်ပြုသွားသော ဆရာမ ဒေါ်ဆွေဆွေဝင်း (ET)အား ရည်စူးပြီး မိဘများနှင့် မိသားစုဝင်များက ကမကထပြုကာ လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်းပေါင်း ၇၀၀ ကျော်ဖိုး ကူညီထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။ ဆေးရုံကြီးသို့ ကူညီထောက်ပံ့သော ပစ္စည်းများမှာ ဆေးရုံသုံးပစ္စည်းများ၊ အဲကွန်းများနှင့် ဆေးရုံကြီးကြပ် ရန်ပုံငွေများလည်း ပေးအပ်လှူဒါန်းခဲ့သည်။

သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးသည် ၁၉၉၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သောဆေးရုံကြီးဖြစ်သည်။ စတင်ဖွင့်လှစ်ခဲ့စဉ်က ခုတင် ၃၀၀ ဆံ့ဆေးရုံအဖြစ် စတင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ခုတင် ၅၀၀ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခဲ့သည်။ ပြီးခဲ့သော ၂၀၁၇ ခုနှစ်က နေ့စဉ်အတွင်းလူနာပျမ်းမျှ ၇၀၀ ကျော်ရှိခဲ့ပြီး ပြင်ပလူနာမှာနေ့စဉ် ၆၀၀ ကျော်အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ အထူးကုဌာန ၂၁ ခုရှိပြီး အတွင်းလူနာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုမှာ ၁၁ ဌာနရှိသည်။ ဖျားနာကုသ၊ ခွဲစိတ်ကုသ၊ သားဖွားမီးယပ်ကုသဌာန၊ ကလေးအထူးကု၊ အရိုးရောဂါကုဌာန၊ ရင်ခေါင်းဆေးကုဌာန၊ မျက်စိအထူးကုဌာန၊ နား၊ နှာခေါင်းအထူးကုဌာန၊ ကျောက်ကပ်ဆေးကုဌာန၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဌာန၊ အစာအိမ်နှင့် အူလမ်းကြောင်းဌာနများ အနေဖြင့် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ယင်းဌာန ၁၁ ခုမှ အတွင်းလူနာများသာမက ပြင်ပလူနာများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

❄ *ကျောဖုံးမှ*

ထို့နောက် သဘောတူညီချက်စာချုပ်များကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးအဖွဲ့ (NEA) ၏ Vice Administrator, H.E. Mr. Li Fanrong နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်သတ္တုအရင်းအမြစ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Tawfiq-e-Elahi Chowdhury, BB တို့က လက်မှတ်ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်းသုံးနိုင်ငံတို့အကြား လျှပ်စစ်ဓာတ်အားကုန်သွယ်ခြင်းဖြင့် စွမ်းအင်ဖူလုံရေး၊ လျှပ်စစ်စွမ်းအင်အရင်းအမြစ်များကို မျှဝေသုံးစွဲရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးတို့တွင် တိုးမြှင့်ဆောင်ရွက် ပေးနိုင်ရုံသာမက မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်းသုံးနိုင်ငံတို့အကြား ကာလကြာရှည် ရင်းနှီးချစ်ခင်မှုကို ပိုမိုခိုင်မြဲစေခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အပြင် အခြားသောအကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*


ထွန်းနန္ဒာဦး (မြဝတီ)၊ **နောက်တန်း**-သူရိန်စိုး (ရန်ကုန်)၊ သက်ပိုင်ထွေး (ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး (ရတနာပုံ)၊ သန်းထိုက်ဇင်၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ ဇော်ဝင်းမောင်၊ ဝင်းမိုးကျော်၊ ဟိန်းထက်စည်သူ (မကွေး)၊ ကျော်သူထွန်း (ဟံသာဝတီ)၊ **အလယ်တန်း**-ဇွဲသက်ပိုင် (ရှမ်းယူနိုက်တက်)၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင် (မကွေး)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ပြည့်စုံနိုင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ **ရှေ့တန်း**-ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဇင်မင်းထွန်း၊ ရဲနိုင်ဦး (မကွေး) နှင့် အောင်ကောင်းမာန် (ရှောဝတီ) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ပြင်သစ်-မြန်မာပရိုင်းမိတ် ပူးပေါင်းသုတေသနအဖွဲ့မှ ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိ

**နေပြည်တော် မတ် ၉**

ပြင်သစ်နိုင်ငံ Poitier University မှ ပါမောက္ခ Jean-Jacques Jaeger ဦးဆောင်သော ပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ ပညာရှင်များ ပူးပေါင်း၍ ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနလုပ်ငန်းများကို ဖေဖော်ဝါရီ ၈ ရက်မှ ၂၈ ရက်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပေါက်ခေါင်းကျေးရွာအနီး ကြာကန်ကျစ်ချောင်၌ ပုံတောင်ဂျီးယားပရိုင်းမိတ်၏ အံသွားအမှတ် ၁ နှင့် ၂ ပါရှိသော ဘယ်ဘက်အောက်မေးရိုးပါ သွားနှစ်ချောင်းကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီခန့်တွင် ယာရှည်ကျစ်ချောင်မှ ပုံတောင်ဂျီးယား ညာဘက်အောက်မေးရိုးပါ သွားနှစ်ချောင်းနှင့် သွားအလွတ် အသေးတစ်ချောင်းကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် သန်းဥတောမှ ပုံတောင်ဂျီးယား၏ ဘယ်ဘက်မေးရိုးပါ အံကြိုသွား အမှတ် ၃ နှင့် အံသွား အမှတ် ၃ ပါ တစ်ချောင်းကို လည်းကောင်း၊ ယာရှည်ကျစ်ချောင်မှ ပုံတောင်ဂျီးယား၏ ညာဘက်ပိုင်းအံသွား အမှတ် ၁ နှင့် အမှတ် ၃ ပါ သွားတစ်ချောင်း၊ အကြီးသွားအလွတ်နှစ်ချောင်းကိုလည်းကောင်း၊ ပေါက်ခေါင်းကျစ်ချောင် အမှတ် ၂ မြေသားရေဆေးဆန်ခါချရာမှ ပုံတောင်ဂျီးယား၏ ညာဘက်မေးရိုးပါ အံသွားအမှတ် ၁ နှင့် အမှတ် ၃ ပါ တစ်ချောင်းတို့ကို လည်းကောင်းတွေ့ရှိခဲ့သည်။ ထိုသို့ တွေ့ရှိရသော ပုံတောင်ဂျီးယားမျိုးစု၏




အံသွားမှာ ယခင်တွေ့ရှိခဲ့ဖူးသော ပုံတောင်ဂျီးယားမျိုးစု၏ အံသွားကဲ့သို့ ကြွေလွှာများ တွန့်ခေါက်မှုနည်းပါးပြီး ချောမွတ်နေသည်ကိုတွေ့ရှိရကာ အရွယ်အစားမှာလည်းအနည်းငယ် သေးငယ်နေသည်ကို တွေ့ရှိရသည်။ ပုံတောင်ဂျီးယားမျိုးစုပရိုင်းမိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ကြာကန်ကျစ်ချောင်နှင့် သန်းဥတောကျစ်ချောင်မှ ယခုနှစ်တွင် ပထမဆုံး တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

ဥပဒေပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက်၌ တရားစွဲတင်ပို့ခဲ့ရာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်ခဲ့သည်။

ဦးလပြည့်ဝန်း (ခ) ဦးမောင်မောင်သည် ထွက်ပြေးတိမ်းရှောင်နေရာမှ ၂၀၁၈ ခုနှစ် မတ် ၆ ရက်တွင် ပြန်လည်ဖမ်းဆီးရမိသဖြင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် မတ် ၇ ရက်၌ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၁၉၉၆) ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၉

**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၁၉၉၆) ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၁၉၉၆) ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေမှု၊ ထိုသို့ဆောင်ရွက်ရာတွင် ရုပ်မြင်သံကြား၊ ရေဒီယို၊ စာနယ်ဇင်းများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ဆောင်ရွက်ပေးနေမှု၊ ထိုသို့ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများ၊ တစ်ဦးချင်းသောပုဂ္ဂိုလ်များနှင့် ကဏ္ဍအသီးသီးတွင် ပူးတွဲဆောင်ရွက်နေမှုစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

## ပြောင်းလဲပြင်ဆင်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်း လေးစားလိုက်နာပြီး ဆောင်ရွက်ရတာ ရှိပါကြောင်း၊ အကယ်၍ ဥပဒေပြဋ္ဌာန်းထားမှုသည် လက်ရှိဥပဒေများနှင့် မလျော်ညီဘူး၊ အကျိုးမရှိဘူး၊ အနှောင့်အယှက် အဟန့်အတားဖြစ်နေသည်ဟုမြင်လျှင် ထိုဥပဒေများကို အကျိုးရှိအောင်၊ ကောင်းမွန်အောင် ပြောင်းလဲပြင်ဆင်ရန် မိမိတို့ကြိုးစားရမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်းက ဥပဒေကို ပြင်ဆင်ရာတွင် ခိုးကူးခွေပပျောက်လျော့နည်းရေးနှင့် ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ပြင်ဆင်ခဲ့ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာ ဝေဖြိုးအောင်က လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို တင်ပြသည့်အဆင့်သို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ညှိနှိုင်းခေါ်ယူဆွေးနွေးနေသည့်အဆင့်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ရုပ်ရှင်ကဏ္ဍနှင့် ကိုက်ညီမည့် ဥပဒေတစ်ရပ်ဖြစ်စေရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

## ဥပဒေနှင့်ကိုက်ညီမှုရှိစေရန်

ထို့နောက် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာစိန်မြအေးက လွှတ်တော်တွင် ရုပ်ရှင်ကဏ္ဍနှင့် ကိုက်ညီမည့် ဥပဒေတစ်ရပ်ဖြစ်စေရန် ဆွေးနွေးသွားနိုင်ရေးအတွက် ယခုဆွေးနွေးပွဲမှ ဦးစွာဆွေးနွေးသွားစေလိုကြောင်း၊ သို့မှသာ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်ကဏ္ဍတွင် ဆွေးနွေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ တည်ဆဲပြဋ္ဌာန်းပြီး ဥပဒေများသည် လက်တွေ့ဆောင်ရာတွင် အခက်အခဲရှိပါက ပြင်ဆင်ပေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပွင့်လင်းစွာ ဆွေးနွေးပေးပါရန်နှင့် အဆိုပါ ဆွေးနွေးချက်များကို လွှတ်တော်တွင် ဥပဒေနှင့်ကိုက်ညီမှုရှိစေရန် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၈/၁၉၉၆) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်း၏ ရည်ရွယ်ချက်မှာ ရုပ်ရှင်ဥပဒေအဖြစ် အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲလျက်ရှိရာ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ တည်ဆဲဥပဒေဖြစ်သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၈/၁၉၉၆ ) မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတကာရုပ်ရှင်ဥပဒေများနှင့် ဆီလျော်မှုမရှိခြင်း၊ နိုင်ငံတကာရုပ်ရှင်၊ ဗီဒီယိုဟူ၍ ခွဲခြားထားမှုမရှိခြင်း၊ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်လိုအပ်လာသည့် အခြေအနေများအရ ရုပ်ရှင်ဥပဒေအသစ်အား အသစ်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးမီ ဗီဒီယိုလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်ခြင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၈/၁၉၉၆) ပါ ပြဋ္ဌာန်းချက်များမှ ပြစ်ဒဏ်များကို ခေတ်နှင့်အညီတိုးမြှင့်ရန် လိုအပ်ခြင်း စသည်တို့ကြောင့် ဤဥပဒေမူကြမ်းကို ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ဦးစောလှထွန်း ဆွေးနွေးစဉ်။



ဒေါက်တာ ဝေဖြိုးအောင် ဆွေးနွေးစဉ်။



ဒေါက်တာ စိန်မြအေး ဆွေးနွေးစဉ်။



ဦးဇင်ဝိုင်း ဆွေးနွေးစဉ်။



ဦးဟန်ညွန့် ဆွေးနွေးစဉ်။

## ဆောင်ရွက်ပေးစေလို

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်ရာတွင် ဆင်ဆာမဲ့အခွေများအား ထိန်းချုပ်နိုင်ရန် ဆင်ဆာမှုဝါဒလျှော့ချရေး၊ ခိုးကူးခွေပပျောက်ရေးအတွက် ပြစ်မှုပြစ်ဒဏ်များ ပြင်ဆင်သတ်မှတ်ရေး၊ လုပ်ငန်းလိုင်စင်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများနှင့် ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

## အကြံပြုဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မူပိုင်ခွင့်နှင့် နိုင်ငံတကာဆက်ဆံရေးဥက္ကဋ္ဌ ဦးမျိုးဆွေ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းနှင့် ဗီဒီယိုအခြေခံအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဆောင်ရွက်ပေးစေလိုသည့် အချက်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွန့်က ဥပဒေတွင် ထည့်သွင်းသင့်သည်များနှင့် နည်းဥပဒေတွင် ထည့်သွင်းသင့်သည့်အချက်များကို အကြံပြုဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ကိုယ်စားလှယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တွေ့ကြုံရသည့် အခြေအနေများ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၈/ ၁၉၉၆) ဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးကြသည်။

## ပြင်ဆင်ဖြေလျှော့သင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ(၈/၁၉၉၆)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပြစ်မှု၊ ပြစ်ဒဏ်ပြင်ဆင်လိုမှုနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ လုပ်ငန်းလိုင်စင်မှ ဗီဒီယိုခွေ ငှားရမ်းခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်းတို့နှင့် ပတ်သက်၍ တည်ဆဲဥပဒေနှင့် လိုက်လျောညီထွေရှိပြီး ပြင်ဆင်ဖြေလျှော့သင့်သည့် အချက်များကို လက်ရှိပြဋ္ဌာန်းထားသည့် နည်းဥပဒေတွင် ပြင်ဆင်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

# တောင်သူများ တွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းများရရှိအောင် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၉**

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတက်ရောက်၍ အမှာစကားပြောကြားသည်။

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားရာတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့ အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးသီးနှံများဖြစ်ကြသည့် ဆန်စပါး၊ ပဲမျိုးစုံတို့နှင့်စပ်လျဉ်း၍ တောင်သူများ သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် ကူညီပံ့ပိုးဆောင်ရွက်ရန်တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ ယခုနှစ်ထွက်ရှိသော ပဲစင်းငုံများသည် မိုးရွာသွန်းမှုများကြောင့် သီးနှံအရည်အသွေးညံ့ဖျင်းခြင်းနှင့် ဈေးနှုန်းမတည်ငြိမ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိပါကြောင်း၊ ထို့ကြောင့် တောင်သူများ၏ ထိခိုက်နစ်နာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို ဖော်ထုတ်ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း၊ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထုတ်ကုန်သီးနှံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်များကို လေ့လာစိစစ်ပြီး တောင်သူများ တွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းများရရှိအောင် အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက လယ်ယာထုတ်ကုန်များနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မွေးမြူသူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မတ် ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စေလွှတ်ပေးလျက်**

အစည်းအဝေးတွင် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ထူးချွန်ထက်မြက်ပြီး အောင်မြင်သော ဘွဲ့ရကျောင်းသား ကျောင်းသူများကို နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းက ပညာရေးကဏ္ဍကို အဓိကတာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာန အနေဖြင့် ဘွဲ့လွန်သင်တန်း တက်ရောက်နေသော ဘွဲ့ရကျောင်းသား ကျောင်းသူများအား နိုင်ငံခြားသို့ ပညာတော်သင်စေလွှတ်မှုနှင့် ပတ်သက်၍ တက္ကသိုလ်အချင်းချင်းချိတ်ဆက်၍ ဆောင်ရွက်သည့် ပညာသင်ဆု အစီအစဉ်များသို့ သက်ဆိုင်ရာ တက္ကသိုလ်များ၏ ကမ်းလှမ်းစာပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ ဘာသာရပ်နှင့် အင်္ဂလိပ်စာ ဘာသာရပ်များအား ရေးဖြေနှင့် နှုတ်ဖြေစစ်ဆေး၍ အမည်စာရင်း အဆိုပြုလျှောက်ထားစေပြီး သက်ဆိုင်ရာတက္ကသိုလ်မှ လက်ခံစာရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စေလွှတ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီမှ ဦးရေကန့်သတ်မှု မရှိဘဲ ဘာသာရပ်နယ်ပယ် ကျယ်ပြန့်စွာ ကမ်းလှမ်းလာသည့် ပညာသင်ဆုများကို လွတ်လပ်စွာ လျှောက်ထားနိုင်ကြောင်း အကြောင်းကြားလာပါက သတင်းဖြန့်ဝေခြင်း ပြုလုပ်၍ လျှောက်ထားစေပြီး သက်ဆိုင်ရာမှ လက်ခံစာရရှိပါက စေလွှတ်ပေးလျက်ရှိပါကြောင်း၊ Internet Website မှ ကမ်းလှမ်းလာသည့် ပညာသင်ဆု အစီအစဉ်များသို့ ပညာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် Online အသုံးပြုလျှောက်ထားပြီး လက်ခံစာရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စေလွှတ်ပေးလျက်ရှိပါကြောင်း။

**အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ**

ပြည်တွင်းတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူနေကြသော ထူးချွန် ကျောင်းသား ကျောင်းသူများအတွက် အရည်အသွေးပြည့် ပညာသင်ယူနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး (ဥပမာ-ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ကို Center of Excellence-CoE များ ဖြစ်လာစေရန် အဆင့်မြှင့်တင်ခြင်း) ပြည်ပသို့ သွားရောက်ပညာဆက်လက်သင်ယူလိုသူများအတွက်လည်း အခွင့်အလမ်းများ(ဥပမာ-ပညာရေးသံမှူးများ ခန့်အပ်တာဝန်ပေးခြင်း၊ နိုင်ငံတော်ပညာသင်ဆု ရွေးချယ်ချီးမြှင့်ခြင်း)တို့ကို ဖန်တီးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **ရသေ့တောင်မြို့နယ်ရှိ ရဲနယ်မြေငါးခုအနက် မေယုမြစ် အနောက်ဘက်ခြမ်းတွင်ရှိသော စေတီပြင်နယ်မြေနှင့် လောင်ချောင်းနယ်မြေကို နယ်ခြားစောင့်ရဲတပ်ဖွဲ့ တာဝန်ယူစေပြီး မေယုမြစ် အရှေ့ဘက်ခြမ်းတွင် မြို့မရဲစခန်းအပိုင်နယ်မြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသော မြို့မနယ်မြေ၊ ကူတောင် နယ်ခြားစောင့်နယ်မြေ၊ ကျောက်တန်း နယ်ခြားစောင့်နယ်မြေတို့ကို မြို့နယ် ရဲတပ်ဖွဲ့အား တာဝန်ယူ ဆောင်ရွက်စေရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့တို့အား နယ်မြေဒေသအခြေအနေအရ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ ရဲတပ်ဖွဲ့ခွဲများနှင့် ဖြန့်ခွဲ၍ နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခု ထားရှိရာမှ ယခုနယ်ခြား စောင့်ရဲတပ်ဖွဲ့ခွဲ နှစ်ခုကို ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ထားရှိပါကြောင်း၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်တွင် ဒေသ လေးခု၊ နယ်မြေ ၁၁ ခု ပိုင်းခြားထားပြီး နယ်မြေရုံးများ၊ နယ်မြေရဲစခန်းများ၊ ကင်းစခန်းများဖြန့်ခွဲ၍ နယ်စပ်ဒေသနှင့် မြို့နယ် သုံးခု၏ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရှင်းလင်းဖြေကြား**

မေယုမြစ်၏ အရှေ့ဘက်ကမ်းတွင် မှုခင်းများ ဖြစ်ပေါ်လာပါက မြစ်၏အနောက်ဘက်အခြမ်းသို့ သွားရန်မလိုဘဲ ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်နိုင်ရေးအတွက် ကျောက်တန်းရဲကင်းစခန်းကို ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်နိုင်သော နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များတွင် အခြေအနေအရပ်ရပ်အရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ရဲစခန်းအား တာဝန်ယူဆောင်ရွက်စေရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေများနှင့်အညီလျှောက်ထား**

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ ဦးသန်းအောင်စိုး၏ **မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးလုပ်ကိုင်သူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင် ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မွေးမြူသူများအတွက် မွေးမြူရေးမြေနေရာကို တရားဝင်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်နှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီဝင် ဒေါ်တင်တင်ရီက ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၉၆) ပုဒ်မ(၉၈) တို့အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ် အသီးသီးကို စိစစ်ဆောင်ရွက်ရသည့်အတွက် ပုံမှန်အစည်းအဝေး အကြိမ်ရေများ လာသည်နှင့် အမျှ လုပ်ငန်းအရေအတွက်သည်လည်း များပြားလာမည်ဖြစ်ရာ ထိုသို့လုပ်ငန်းအခြေအနေ စိစစ်ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းလျက် ပြည်သူလူထု အကျိုးရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျ မှန်မှန်ကန်ကန်ပေါ်ထွက်လာစေရေး အတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ (၁၁၀)အရ ယင်းအစီရင်ခံ စာ(၁/၂၀၁၈) ကို လွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ယင်းနောက် ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သို့ အသိပေးသည်။

**အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာ**

ထို့နောက် ယင်းဥပဒေကြမ်း၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က တင်သွင်းပြီး ပြင်ဆင်ချက် တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက် မြောက်နေ့ကို မတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**“လယ်ယာမြေတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်”**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၉**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းအသင်းချုပ်မှ လုပ်ငန်းရှင်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အမြင့်ဆုံးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ် ၂၀ နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မော်ချောင်းသာမှာ အပန်းဖြေရေချိုးဆိပ် မဟုတ်ဟုဆို

**မော်လမြိုင်ကျွန်း မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့အရှေ့ဘက် သောင်တိုးမြေတွင် ရွှေတိဂုံပုံတူ သမ္မာသမ္ဗုဒ္ဓမြို့ဦးစေတီတော်အနီး၌ ရာဇူတိုင်မြစ်ဝအဆုံ သောင်တိုးမြေနှင့် တောင်ဘက် တုံးလုံချောင်းသောင်တိုးမြေတို့မှာ ကျယ်ပြန့်သော သဲသောင်ပြင် ပေါ်ထွန်းလာပြီး ရှုခင်းရှုကွက်သာယာလှပစွာ လေကောင်းလေသန့်ရရှိသောကြောင့် မော်ချောင်းသာ အပန်းဖြေရေချိုးဆိပ်စခန်းသာဟု ကင်ပွန်းတပ်မှည့်ခေါ်ခဲ့ကြသည်။ ယင်းမော်ချောင်းသာ အပန်းဖြေ ရေချိုးဆိပ်စခန်းသာမှာ သမ္မာသမ္ဗုဒ္ဓမြို့ဦး စေတီတော်အနီးတွင် တည်ရှိနေပြီး အပန်းဖြေရေချိုးဆိပ် မဟုတ်ပါကြောင်း ဒေသခံပြည်သူများက ပြောဆိုသည်။

**မော်ကျွန်း-မြင့်အောင်**

# နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသော တိုင်းရင်းသားမျိုးနွယ်စု အမည်များကိုသာ မှတ်ပုံတင်ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ပျူစာပေယဉ်ကျေးမှုအဖွဲ့များမှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ချင်းလူမျိုးများအစား ပျူလူမျိုးများအဖြစ် ထည့်သွင်းကြသဖြင့် ပျူလူမျိုးများဟု မှတ်ပုံတင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် လူမျိုးအမည်ရေးသွင်းမှုများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်မှ သတ်မှတ်ထားသော ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း မှတ်တမ်းအရ ထုတ်ပြန်ထားသည့် တိုင်းရင်းသား လူမျိုးစု ၁၃၅ မျိုးပါ အမည်အတိုင်းသာ ရေးသွင်းမှတ်ပုံတင်ပေးခြင်းဖြစ်၍ နိုင်ငံတော်မှ တိုင်းရင်းသားမျိုးနွယ်စု အမည်စာရင်း ပြင်ဆင်သတ်မှတ်ခြင်းမပြုမီ ကာလအတွင်း ချင်းပြည်နယ် မင်းတပ်ခရိုင်တွင် နေထိုင်ကြသော ချင်းလူမျိုးများအား ပျူလူမျိုးအဖြစ် ပြောင်းလဲမှတ်ပုံတင်ပေးရန် လတ်တလောအစီအစဉ် မရှိပါကြောင်းနှင့် နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသော တိုင်းရင်းသားမျိုးနွယ်စု အမည်များကိုသာ မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

**ကျောင်းများတွင်စတင်လုပ်ဆောင်**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ဘိုးဘွားအမွေအနှစ် မြန်မာ့ရိုးရာခြင်းလုံးအားကစား တိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များကို အခြေခံပညာကျောင်းများတွင် မွေးထုတ်လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် မြန်မာ့လက်ရွေးစင်ခြင်းလုံးအသင်းအား စခန်းဝင်လေ့ကျင့်ရန် ကိုယ်ပိုင်အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဘိုးဘွားအမွေအနှစ် မြန်မာ့ရိုးရာ ခြင်းလုံးအားကစား တိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များကို အခြေခံပညာကျောင်းများတွင် မွေးထုတ်ပေးမည့် ကိစ္စရပ်မှာ လုပ်သင့်ပါကြောင်း၊ ခြင်းလုံးကစား၍ နိုင်ခြင်း၊ မနိုင်ခြင်းထက် ကျောင်းသားထုကြီးတစ်ခုလုံး ကျန်းမာလာမည်မှာ သေချာပါကြောင်း၊ လာမည့် လပိုင်း၊ နှစ်ပိုင်းအတွင်း ဦးစားပေးအနေဖြင့် လုပ်ဆောင်မည် ဖြစ်ပါကြောင်း၊ ခြင်းလုံးအားကစားအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်မည် ဖြစ်ပါကြောင်း၊ ပထမဆုံးအနေဖြင့် မြို့ကြီးများတွင်ရှိသည့် ကျောင်းများတွင် စတင်လုပ်ဆောင်မည် ဖြစ်ပါကြောင်း။

လေ့ကျင့်ရေးကွင်းများလည်း ရှိပါကြောင်း၊ ရန်ကုန်မြို့ မြန်မာ့ခြင်းလုံးအဖွဲ့ချုပ်နှင့်နီးသည့် အောင်ဆန်းကွင်းတွင် မိုးလုံလေလုံလေ့ကျင့်ရေးကွင်းရှိပါကြောင်း၊ နေပြည်တော်တွင်လည်း အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိပါကြောင်း၊ ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံတွင်လည်း လေ့ကျင့်နေပါကြောင်း၊ ထို့ပြင် အားကစားနှင့် ကာယသိပ္ပံကျောင်း ခြောက်ကျောင်း ရှိပါကြောင်း၊ ယခုနှစ်မှ စတင်၍ ရန်ကုန်နှင့် မန္တလေးမြို့တွင်ရှိသည့် အဆိုပါကျောင်းများတွင် ခြင်းလုံးကို သင်ကြားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**အဆင်ပြေလာမည်ဟုထင်မြင်မိ**

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ **ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်းရှိ သူနာပြု သားဖွားသင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန်နှင့် သင်တန်းသားအရေအတွက် တိုးမြှင့်ခေါ်ယူရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ် သူနာပြုသားဖွားကျောင်းတွင် ၂၈၁ ဦး တက်ရောက်နေပါကြောင်း၊ ဟင်္သာတ သူနာပြုသားဖွားကျောင်းတွင် ၂၄၃ ဦး တက်ရောက်နေပါကြောင်း၊ ထို့ကြောင့် ဟင်္သာတနှင့် ပုသိမ်တွင် တက်ရောက်နေသည့် သားဖွားသူနာပြုပေါင်း ၅၂၄ ဦးရှိပါကြောင်း၊ ပုသိမ်မြို့တွင် သူနာပြုပေါင်း ၁၆၀ နှင့် ဟင်္သာတမြို့တွင် သူနာပြု ၈၀ မွေးထုတ်မည် ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြောင်းမြ သူနာပြုသားဖွားကျောင်း စတင်ပေါ်ထွက်လာမည် ဖြစ်သောကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း အဆင်ပြေလာမည်ဟု ထင်မြင်မိပါကြောင်း ဖြေကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ပြင်ဆင်ဖြည့်စွက်လို**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက အကျင့်ပျက် ခြစားမှုမြင့်မားသည့် မြန်မာနိုင်ငံတွင် ထိုကဲ့သို့ အခြေအနေများကို တိုက်ဖျက်ရန်အတွက် ထိရောက်သည့် ဥပဒေလိုအပ်ပါကြောင်း၊ အထူးသဖြင့် ဗျူရိုကရေစီဆိုင်ရာ အဂတိလိုက်စားမှုသည် လက်ရှိအစိုးရသစ်က ဖော်ဆောင်နေသည့် တိုင်းပြည်ပြောင်းလဲတိုးတက်ရန်အတွက် ကြီးမားသည့် အဟန့်အတား အနှောင့်အယှက် ဖြစ်သကဲ့သို့ ပြည်သူများကို တိုက်ရိုက်ထိခိုက်နစ်နာစေပြီး အစိုးရအပေါ်တွင် ပြည်သူများ ငြိုငြင်စေသည့် အဓိက အကြောင်းတရားများပင် ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေ လိုအပ်ချက်အရ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များသည် ပြည့်စုံကောင်းမွန်သည့်အတွက် မိမိအနေဖြင့် အချို့အချက်များအပေါ်တွင်သာ အနည်းငယ်ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း။

**ပြဋ္ဌာန်းထား**

အခန်း(၁) ပုဒ်မ(၂)တွင် မူလဥပဒေပြဋ္ဌာန်းချက်၌ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် မည်သူမဆို ကျူးလွန်




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

> **❝ နိုင်ငံတော်မှ သတ်မှတ်ထားသော ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း မှတ်တမ်းအရ ထုတ်ပြန်ထားသည့် တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးပါ အမည်အတိုင်းသာ ရေးသွင်းမှတ်ပုံတင်ပေးခြင်းဖြစ်၍ နိုင်ငံတော်မှ တိုင်းရင်းသားမျိုးနွယ်စု အမည်စာရင်း ပြင်ဆင်သတ်မှတ်ခြင်း မပြုမီကာလအတွင်း ချင်းပြည်နယ် မင်းတပ်ခရိုင်တွင် နေထိုင်ကြသော ချင်းလူမျိုးများအား ပျူလူမျိုးအဖြစ် ပြောင်းလဲမှတ်ပုံတင်ပေးရန် လတ်တလော အစီအစဉ် မရှိ ❞**

လျှင်ဖြစ်စေ၊ ပြည်ပတွင် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းအခြေစိုက်နေထိုင်သူက ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေကြမ်းကော်မတီပြင်ဆင်ချက်တွင် ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ အရေးယူစီရင်ပိုင်ခွင့်ရှိစေရမည်ဟု ပြင်ဆင်ထားပါကြောင်း၊ အဆိုပါ ပြင်ဆင်ချက်အပေါ်တွင် မိမိအနေဖြင့် မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် နေထိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ အရေးယူ စီရင်ပိုင်ခွင့်ရှိစေရမည်ဟု ပြင်ဆင်လိုပါကြောင်း။

အခန်း(၁) ပုဒ်မ(၃)(က)ပုဒ်မခွဲငယ်(၁)တွင် ဥပဒေကြမ်းကော်မတီက တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်က ပေးခြင်း၊ ပေးရန် အားထုတ်ခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်း အပိုင်းကို ပြင်ဆင်ထားပါကြောင်း၊ မိမိအနေဖြင့် အဆိုပါဥပဒေပုဒ်မကို မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဖြစ်စေ၊ အခြား နည်းဖြင့်ဖြစ်စေ၊ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန် အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်းဟူ၍ ပြင်ဆင်လိုပါကြောင်း။

**ထည့်သွင်းလို**

အခန်း(၁) ပုဒ်မ(၃)(ဂ)တွင် ကျော်စောသတင်းဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း၊ သင်္ကာမကင်းဖွယ်ရာ ဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိသည်ဟု ကော်မရှင်က ယုံကြည်ရန် ပေါ်ပေါက်သော သတင်းကိုဆိုလိုသည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါကြောင်း၊ မိမိအနေဖြင့် ကျော်စောသတင်းဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း သင်္ကာမကင်းဖွယ်ရာ ဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထားရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန်အကြောင်း ပေါ်ပေါက်သော သတင်းကိုဆိုလိုသည်ဟု ဆိုသည့် စကားရပ်တစ်ခုကို ထည့်သွင်းလိုပါကြောင်း ဆွေးနွေးသည်။

**အထူးကြိုဆို**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက အဂတိလိုက်စားမှုဆိုသည်မှာ လောကသစ္စာတရားအရ အကြောင်းတရား၊ အကျိုးတရားတို့ကြောင့် ဆက်နွှယ်ပတ်သက်ကြရာတွင် မညီမျှခြင်း၊ တရားမမျှတခြင်း၊ လူသားအခွင့်အရေး ထိပါးစေခြင်းဆိုသည့် လောကပါလတရား ပျက်သုဉ်းခြင်းပင် ဖြစ်ပါကြောင်း၊ လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှု ရပိုင်ခွင့်ရှိသလို လူတိုင်းသည် ဥပဒေအရာတွင် လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိပါကြောင်း၊ အဂတိလိုက်စားမှုဥပဒေသည် လူသားအချင်းချင်း မိမိဉာဏ်တရား၊ ကံတရားအရ ကွဲပြားခြားနားနေကြသည့် လူ့အနေအထားများအရ ခွဲခြားဆက်ဆံခြင်း၊ အခွင့်အာဏာနှင့် အနိုင်ယူခြင်း၊ ရပိုင်ခွင့်နှင့် တာဝန်ကို တားမြစ်ချက်များနှင့် လူ့အခွင့်အရေးထိပါးအောင် လူသားဝါဒ ဆုံးရှုံးစေခြင်း မဖြစ်ရအောင် ကာကွယ်တားဆီးသည့် ဥပဒေဖြစ်၍ အထူးကြိုဆိုပါကြောင်း၊ ယနေ့မြန်မာနိုင်ငံတော်ကြီးတွင် စာရိတ္တယိုယွင်းပျက်စီးနေကြသည့် ပုဂ္ဂိုလ်အသီးသီးတိုင်းသည် ပြည်သူ့ဘဏ္ဍာများ ရယူသုံးစွဲ၊ အလွဲသုံးစားပြုလုပ်ခြင်းဘေးမှ အမြန်ဆုံးကင်းဝေးနိုင်စေရန် ဤဥပဒေဖြင့် ထိရောက်စွာအကာအကွယ်ပေးနိုင်ရန် လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဆန်းမြင့်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို မတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သောအဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၉**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Parliamentary Network on the World Bank & International Monetary Fund(PM) မှ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေး ခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံးမှ သံအမတ်ကြီး Dr. Luan Thuy Duong နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



**အများအားဖြင့်သာယာမည်**

**နေပြည်တော် မတ် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ**
**အမျိုးသားစီမံကိန်းဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။)**
**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ် ၊ မတ်လ ၉ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်း ဥပဒေအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်းမည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့်နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **၆ လ စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များဖြစ်သည်။

(ဃ) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ စီမံကိန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၃၃.၇ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၂.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၆.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၅.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၇.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၆.၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၁ ရာခိုင်နှုန်းမှ ၂၁.၁ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄.၁ ရာခိုင်နှုန်းမှ ၃၅.၁ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ပြောင်းလဲမှုမရှိဘဲ ၄၃.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၂,၈၀၄.၁ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်စျေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၉,၂၅၂.၉ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၉,၆၅၃.၁ ဘီလီယံ တင်သွင်းရန်။

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

**ပူးတွဲ-၁**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် (၆)လ အမျိုးသားစီမံကိန်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၅,၁၈၈,၅၇၆.၄ | ၂၄.၀ | ၀.၅ | ၅,၃၇၀,၀၂၈.၄ | ၂၃.၂ | ၃.၅ |
| | ၁ | လယ်ယာ | ၂,၈၄၁,၇၆၁.၀ | ၁၃.၁ | ၁.၃ | ၂,၉၄၂,၀၇၁.၇ | ၁၂.၇ | ၃.၅ |
| | ၂ | သားငါး | ၂,၃၃၀,၉၉၀.၉ | ၁၀.၈ | -၀.၃ | ၂,၄၁၇,၄၆၂.၁ | ၁၀.၄ | ၃.၇ |
| | ၃ | သစ်တော | ၁၅,၈၂၄.၅ | ၀.၁ | -၂၅.၁ | ၁၀,၄၉၄.၆ | ၀.၁ | -၃၃.၇ |
| ၂ | | စက်မှုကဏ္ဍကြီး | ၆,၁၀၅,၇၁၅.၄ | ၂၈.၃ | ၈.၄ | ၆,၆၄၈,၇၈၀.၂ | ၂၈.၇ | ၈.၉ |
| | ၁ | စွမ်းအင် | ၄၄,၄၁၇.၉ | ၀.၂ | ၁၁.၃ | ၄၅,၇၂၁.၈ | ၀.၂ | ၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၈၆,၉၇၆.၈ | ၁.၃ | ၁၃.၆ | ၂၉၅,၉၃၂.၃ | ၁.၃ | ၃.၁ |
| | ၃ | စက်မှုလက်မှု | ၄ ,၃၉၀,၅၇၈.၄ | ၂၀.၃ | ၉.၂ | ၄,၇၈၆,၂၂၉.၂ | ၂၀.၇ | ၉.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၄၂၀,၀၁၀.၁ | ၂.၀ | ၅.၃ | ၄၇၀,၅၃၄.၀ | ၂.၀ | ၁၂.၀ |
| | ၅ | ဆောက်လုပ်မှု | ၉၆၃,၇၃၂.၂ | ၄.၅ | ၄.၄ | ၁,၀၅၀,၃၆၂.၉ | ၄.၅ | ၉.၀ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၀,၃၁၆,၄၅၇.၂ | ၄၇.၇ | ၈.၃ | ၁၁,၁၄၂,၀၃၉.၈ | ၄၈.၁ | ၈.၀ |
| | ၁ | ပို့ဆောင်ရေး | ၃,၅၂၉,၅၅၆.၅ | ၁၆.၃ | ၆.၇ | ၃,၈၀၂,၁၁၄.၉ | ၁၆.၄ | ၇.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၆၅,၁၃၃.၈ | ၇.၃ | ၁၂.၃ | ၁,၇၀၈,၀၀၇.၆ | ၇.၄ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၅၈,၀၉၁.၈ | ၀.၇ | ၂၁.၉ | ၁၇၂,၅၀၃.၃ | ၀.၈ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၁၁,၃၇၆.၃ | ၃.၃ | ၄.၄ | ၇၄၁,၄၇၃.၄ | ၃.၂ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၈၀၁,၆၃၀.၂ | ၃.၇ | ၁၁.၆ | ၈၈၈,၄၉၅.၆ | ၃.၈ | ၁၀.၈ |
| | ၆ | ကုန်သွယ်မှု | ၃,၅၅၀,၆၆၈.၆ | ၁၆.၄ | ၇.၇ | ၃,၈၂၉,၄၄၅.၀ | ၁၆.၅ | ၇.၉ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၂၁,၆၁၀,၇၄၉.၀ | ၁၀၀.၀ | ၆.၃ | ၂၃,၁၆၀,၈၄၈.၄ | ၁၀၀.၀ | ၇.၂ |

**ပူးတွဲ-၂**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ( ၆ ) လ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) (၆) လ အမျိုးသားစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး ရာခိုင်နှုန်း | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၁၁,၂၉၄,၂၉၁.၈ | ၅၂.၃ | ၄.၆ | ၁၂,၀၁၈,၈၀၈.၆ | ၅၁.၉ | ၆.၄ |
| | ၁ | လယ်ယာ | ၂,၈၄၁,၇၆၁.၀ | ၁၃.၁ | ၁.၃ | ၂,၉၄၂,၀၇၁.၇ | ၁၂.၇ | ၃.၅ |
| | ၂ | သားငါး | ၂,၃၃၀,၉၉၀.၉ | ၁၀.၈ | -၀.၃ | ၂,၄၁၇,၄၆၂.၁ | ၁၀.၄ | ၃.၇ |
| | ၃ | သစ်တော | ၁၅,၈၂၄.၅ | ၀.၁ | -၂၅.၁ | ၁၀,၄၉၄.၆ | ၀.၁ | -၃၃.၇ |
| | ၄ | စွမ်းအင် | ၄၄,၄၁၇.၉ | ၀.၂ | ၁၁.၃ | ၄၅,၇၂၁.၈ | ၀.၂ | ၂.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၈၆,၉၇၆.၈ | ၁.၃ | ၁၃.၆ | ၂၉၅,၉၃၂.၃ | ၁.၃ | ၃.၁ |
| | ၆ | စက်မှုလက်မှု | ၄,၃၉၀,၅၇၈.၄ | ၂၀.၃ | ၉.၂ | ၄,၇၈၆,၂၂၉.၂ | ၂၀.၇ | ၉.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၂၀,၀၁၀.၁ | ၂.၀ | ၅.၃ | ၄၇၀,၅၃၄.၀ | ၂.၀ | ၁၂.၀ |
| | ၈ | ဆောက်လုပ်မှု | ၉၆၃,၇၃၂.၂ | ၄.၅ | ၄.၄ | ၁,၀၅၀,၃၆၂.၉ | ၄.၅ | ၉.၀ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၆,၇၆၅,၇၈၈.၆ | ၃၁.၃ | ၈.၆ | ၇,၃၁၂,၅၉၄.၈ | ၃၁.၆ | ၈.၁ |
| | ၁ | ပို့ဆောင်ရေး | ၃,၅၂၉,၅၅၆.၅ | ၁၆.၃ | ၆.၇ | ၃,၈၀၂,၁၁၄.၉ | ၁၆.၄ | ၇.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၆၅,၁၃၃.၈ | ၇.၃ | ၁၂.၃ | ၁,၇၀၈,၀၀၇.၆ | ၇.၄ | ၉.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၅၈,၀၉၁.၈ | ၀.၇ | ၂၁.၉ | ၁၇၂,၅၀၃.၃ | ၀.၈ | ၉.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၁၁,၃၇၆.၃ | ၃.၃ | ၄.၄ | ၇၄၁,၄၇၃.၄ | ၃.၂ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၈၀၁,၆၃၀.၂ | ၃.၇ | ၁၁.၆ | ၈၈၈,၄၉၅.၆ | ၃.၈ | ၁၀.၈ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၃,၅၅၀,၆၆၈.၆ | ၁၆.၄ | ၇.၇ | ၃,၈၂၉,၄၄၅.၀ | ၁၆.၅ | ၇.၉ |
| ၄ | | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၂၁,၆၁၀,၇၄၉.၀ | ၁၀၀.၀ | ၆.၃ | ၂၃,၁၆၀,၈၄၈.၄ | ၁၀၀.၀ | ၇.၂ |

(ဆက်လက်ဖော်ပြပါမည်)



# ပဲခူးမြို့ရှိ ကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး လှည့်လည်ကြည့်ရှု


**နေပြည်တော် မတ် ၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်၊ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် ၃ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေကြသည့် စာစစ်ဌာနများသို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ (သင်္ချာဘာသာရပ်) ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။ (ဓါတ်ပုံ)

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ် ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျောင်းသားကျောင်းသူများ စာမေးပွဲကာလအတွင်း စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးနှင့် စာမေးပွဲစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး၌ စာစစ်ဌာနပေါင်း ၁၄၂ ခုတွင် ကျောင်းသား ကျောင်းသူ ၇၄၃၁၄ ဦး စာရင်းပေးသွင်းကြပြီး ၆၉၂၉၇ ဦး ဝင်ရောက်ဖြေဆိုကြကာ ပျက်ကွက်သူဦးရေ ၅၀၁၇ ဦး ရှိသဖြင့် ဖြေဆိုမှု ရာခိုင်နှုန်းမှာ ၉၃ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရထားစီးခရီးသွားပြည်သူများအား အသိပညာပေး

**မန္တလေး မတ် ၉**

ရထားစီးခရီးသွားပြည်သူများ ရထားကူးခုံးကျော်များ၌ ရထားနှင့် ထိခိုက်ဒဏ်ရာနှင့်သေဆုံးခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် မတ် ၈ ရက် နံနက် ၁၀ နာရီက ကောလင်း ကိုးထောင်ဘို့ဘူတာတွင် အသိပညာပေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ရထားရဲတပ်ဖွဲ့ အမှတ် ၂ တပ်ခွဲမှူးရုံး(ကောလင်း)မှ တပ်ခွဲမှူးဒုရဲမှူး ဇော်အောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ရုံးပိုင်ကြီး ဦးသိန်းလွင်၊ ကိုးထောင်ဘို့ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ နယ်မြေရဲကင်းမှ တာဝန်ရှိသူများ၊ ရထားစီးခရီးသွားပြည်သူများအား ရထားကူးခုံးကျော်များ၌ ရထားနှင့် ထိခိုက်ဒဏ်ရာရခြင်းများ၊ သေဆုံးခြင်းများ၊ ခြေကျင်ဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုး မောင်းနှင်သူများ၊ ကျွဲ၊ နွားတိရစ္ဆာန် မွေးမြူသူများအား ရထားနှင့် ရထားစီးခရီးသည်များ အန္တရာယ်မဖြစ်စေရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် ရထားခဲပေါက်မှု မဖြစ်စေရေး၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရွှေကျင်မြို့နယ်၌ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအတွက် ထောက်ပံ့

**ပဲခူး မတ် ၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်၊ တောင်ငူ၊ ဖြူး၊ ရေတာရှည်၊ ကျောက်တံခါးမြို့နယ်များတွင် နေထိုင်ကြသော မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ရွှေကျင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသောအခမ်းအနားသည် မသန်သော်လည်း စွမ်းကြသော ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့မှုများ ပြုလုပ်ပေးခြင်းဖြစ်ပြီး မသန်စွမ်းများ၏ ရပ်တည်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် အခွင့်အရေးရရှိခြင်းများကို အသိအမှတ်ပြုခြင်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် မသန်စွမ်းသူများကို မြှင့်တင်ပေးရန် ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် အမျိုးသားကော်မတီကို ဖွဲ့စည်းပြီးဖြစ်ရာ မသန်စွမ်းများအခွင့်အရေးကို အပြည့်အဝ ဆောင်ရွက်ပေးရန်နှင့် ဘဏ္ဍာငွေတစ်ရပ် ထူထောင်ထားရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်ခွင်မဲ့ကလေးသူငယ်များ လျော့နည်းပပျောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီး ရွှေကျင်မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၁၆၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်ငွေကျပ် ၁၆၃သိန်း၊ တောင်ငူ၊ ဖြူး၊ ရေတာရှည်၊ ကျောက်တံခါးမြို့နယ်များရှိ မိုင်းအန္တရာယ်ကြောင့် မသန်စွမ်းသူ ၇၅၃ ဦးအတွက် ငွေကျပ် ၇၅၃ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ဒေသခံများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်သူများ ပူးပေါင်း ပါဝင်ကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရ ဆရာတော်ကြီး ဘဒ္ဒန္တ သုမနာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ကိုယ်တိုင် ဦးစီးလှူဒါန်းသော မဒေါက်တိုက်နယ် ဆေးရုံသစ်လှူဒါန်းခြင်းနှင့် ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မိတ္ထီလာဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**မိတ္ထီလာ မတ် ၉**

မိတ္ထီလာဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးရည်ရွယ်ချက်ဖြင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို မတ် ၉ ရက် ညနေ ၃ နာရီက မိတ္ထီလာဗဟိုဈေးကြီးအတွင်း ပြုလုပ်သည်။

ရှေးဦးစွာ ဈေးကြီးအတွင်းရှိ ဈေးရုံတန်းများအား လက်တွေ့မီးငြိမ်းသတ်မှုကို ခရိုင်မီးသတ်တပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိတ္ထီလာဈေးကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်မှုကို သရုပ်ပြသရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မိတ္ထီလာဈေးကြီးအတွင်း မီးသတ်ရေကန်များ၊ မီးသတ်ရေငုတ်များ ၊ မီးငြိမ်းသတ်ယာဉ်ရေဖြည့်ရန် ရေပိုက်များ၊ မီးသတ်ရုံများတွင် အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ထားမှုများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၉**

တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာဖြေဆိုမှုကို ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် စာစစ်ဌာန ၄၄ ခုရှိ၍ သင်္ချာဘာသာရပ် ဖြေဆိုသည့်နေ့တွင် စာရင်းသွင်းဦးရေ ၂၃၈၅၀ ရှိပြီး ဖြေဆိုသူ စုစုပေါင်း ၂၂၃၃၆ ဦး ရှိသည်။

နိုင်ငံခြားစာစစ်ဌာန ၂၁ ခုတွင် ဖြေဆိုရန် စာရင်းသွင်းဦးရေ ၁၉၀ ရှိသည်။ နေပြည်တော်တွင် စာစစ်ဌာနပေါင်း ၄၄ ခုရှိ၍ ဖြေဆိုရန် စာရင်းသွင်းဦးရေမှာ ၂၃၈၅၀ ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စာစစ်ဌာနပေါင်း ၂၂၀ ရှိပြီး ဖြေဆိုရန် စာရင်းသွင်း ဦးရေမှာ ၁၂၁၃၅၈ ဦးရှိသည်။ နိုင်ငံခြားစာစစ်ဌာနများအပါအဝင် မြန်မာတစ်ပြည်လုံးရှိ စာစစ်ဌာန ၁၇၄၂ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရန် စာရင်းသွင်းဦးရေမှာ စုစုပေါင်း ၈၄၄၃၅၈ ဦးအနက် ၇၈၈၅၀၄ ဦး ဖြေဆိုသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေသူ တစ်ဦးတိုး၍ စုစုပေါင်း ၁၀ ဦး ဖြေဆိုလျက်ရှိသည်။

မြောက်ဥက္ကလာပဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေသူ တစ်ဦး ထပ်မံရောက်ရှိလာသဖြင့် လူနာစာဖြေသူ လေးဦးဖြေဆိုကြကြောင်း သိရှိရသည်။

သင်္ချာဘာသာရပ်ကို အင်းစိန်ဗဟိုအကျဉ်းထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်၊ ရွှေဘိုအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်၊ မြိတ်အကျဉ်းထောင်၊ တောင်ငူအကျဉ်းထောင်၊ စစ်တွေအကျဉ်းထောင်၊ မြောင်းမြအကျဉ်းထောင်တို့တွင် အကျဉ်းသားနှင့် အချုပ်ကျ စုစုပေါင်း စာဖြေသူ ၁၁၀ ဖြေဆိုလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အမြင်အာရုံမသန်စွမ်းသူ ၂၀ ဦး ဖြေဆိုလျက်ရှိပြီး အကြားအာရုံ မသန်စွမ်းသူ စာဖြေသူ ၁၀ ဦး ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်တစ်ခုဖြေဆိုပြီးတိုင်း ဝင်ရောက်ဖြေဆိုသူ လျော့နည်းလာ

**နေပြည်တော် မတ် ၉**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာရင်းသွင်းဦးရေမှာ စုစုပေါင်း ၈၄၄၃၅၈ ဦးရှိပြီး မြန်မာဘာသာဝင်ရောက်ဖြေဆိုသူ ၇၉၉၈၈၃ ဦး၊ အင်္ဂလိပ်ဘာသာ ဝင်ရောက်ဖြေဆိုသူ ၇၉၉၀၇၀ နှင့် သင်္ချာဘာသာ ဝင်ရောက်ဖြေဆိုသူ ၇၈၈၅၀၄ ဦးရှိသည့်အတွက် ဘာသာရပ်တစ်ခုဖြေဆိုပြီးတိုင်း ဖြေဆိုသူလျော့နည်းလာပြီး သင်္ချာဘာသာဖြေဆိုသည့် ယနေ့အထိ ၅၅၈၅၄ ဦး လျော့နည်းလာသည်။

နေပြည်တော်တွင် မြန်မာဘာသာ ဝင်ရောက် ဖြေဆိုသူ ၂၂၃၈၉ ဦးရှိရာမှ အင်္ဂလိပ်ဘာသာ ဝင်ရောက်ဖြေဆိုသူ ၂၂၃၅၇ ဦးနှင့် သင်္ချာဘာသာ ဝင်ရောက်ဖြေဆိုသူ ၂၂၃၃၆ ဦးသို့ လျော့နည်းလာသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာဘာသာ ဝင်ရောက်ဖြေဆိုသူ ၁၁၁၈၅၁ ဦးရှိရာမှ အင်္ဂလိပ်ဘာသာ ဖြေဆိုသူ ၁၁၁၆၇၂ ဦးနှင့် သင်္ချာဘာသာ ဝင်ရောက်ဖြေဆိုသူ ၁၁၁၅၂၃ ဦးသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြန်မာဘာသာဝင်ရောက် ဖြေဆိုသူ ၁၁၁၃၉၇ ဦးရှိရာမှ အင်္ဂလိပ်ဘာသာ ဝင်ရောက်ဖြေဆိုသူ ၁၁၁၂၆၀ နှင့် သင်္ချာဘာသာ ဝင်ရောက်ဖြေဆိုသူ ၁၁၁၁၈၈ ဦးသို့ လျော့နည်းလာကြောင်း သိရသည်။

အလားတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မြန်မာ၊ အင်္ဂလိပ်နှင့် သင်္ချာဘာသာရပ် ဖြေဆိုပြီးချိန်တွင် ဘာသာရပ်တစ်ခု ဖြေဆိုပြီးတိုင်း ဝင်ရောက်ဖြေဆိုသူလျော့နည်းလာသည်။

ထို့ကြောင့် သင်္ချာဘာသာရပ် ဖြေဆိုပြီးချိန်တွင် ကျန်ရှိသည့် ဘာသာရပ်များ ဖြေဆိုရန် စာရင်းရှိ ဦးရေ ၇၈၈၅၀၄ ဦး ရှိကြောင်း သိရပြီး သင်္ချာဘာသာရပ် ဖြေဆိုမှု ရာခိုင်နှုန်းမှာ ၉၃ ဒသမ ၃၉ ရာခိုင်နှုန်းဖြစ်သည်။

**သတင်းစဉ်**

# ကုလားတန်မြစ် အနောက်ဘက်ကမ်းဒေသ မြေဖို့ မြေယာဖော်ထုတ်ရေးစီမံကိန်းကိစ္စ ဆွေးနွေး

**စစ်တွေ မတ် ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုအား BXT International ကုမ္ပဏီဥက္ကဋ္ဌ Mr.Seok Hwan Park နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ စစ်တွေမြို့ ကုလားတန်မြစ် အနောက်ဘက်ကမ်းဒေသ မြေဖို့မြေယာ ဖော်ထုတ်ရေးစီမံကိန်းနှင့် ပတ်သက်၍ လာရောက်တွေ့ဆုံ ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် BXT International ကုမ္ပဏီ ဥက္ကဋ္ဌ Mr.Seok Hwan Park က စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကုမ္ပဏီမှဆောင်ရွက်နေမှုများ၊ MOA ပါ ငွေကြိုတင်ရောင်းချခြင်းနှင့် စပ်လျဉ်းသည့်အချက်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ MOAပါ အချက်များနှင့် ကိုက်ညီမှု မရှိ၍ ကြိုတင်ရောင်းချမှုမပြုရန် အကြောင်းကြားခဲ့မှုအပေါ် လိုက်နာဆောင်ရွက်နေမှု အခြေအနေနှင့် ကြိုတင်မြေရောင်းချ ရန် စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက စစ်တွေမြို့ ကုလားတန်မြစ် အနောက်ဘက်ကမ်းဒေသ မြေဖို့ မြေယာ ဖော်ထုတ်ရေးစီမံကိန်းကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် BXT International ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင် ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီအနေဖြင့် MOAပါ သဘောတူ စာချုပ်အတိုင်းဥပဒေနှင့်အညီ တိတိကျကျ ပူးပေါင်းဆောင် ရွက်စေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးများက စီမံကိန်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ဆွေးနွေးကြကြောင်း သိရ သည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဘူးသီးတောင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သချ်ာဘာသာရပ်ကို အေးချမ်းစွာဖြေဆို

**ဘူးသီးတောင် မတ် ၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ စာစစ်ဌာနငါးခုတွင် တက္ကသိုလ်ဝင် စာမေးပွဲ တတိယနေ့ သချ်ာဘာသာရပ် ကို ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆို ခဲ့ကြကြောင်း သိရသည်။

"၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေး ပွဲအတွက် ဘူးသီးတောင်မြို့နယ်မှာ စာစစ်ဌာနငါးခု ဖွင့်လှစ်ထားပါတယ်၊ အဲဒါတွေကတော့ အထက-၁၊ အထက-၂၊ အထက(ခွဲ)-၂၊ အထက စေတီတောင်နဲ့ အထက လက်ဝဲဒက်ပုဇွန်ချောင်းတို့ ဖြစ်ပါတယ်၊ ဘူးသီးတောင်မြို့နယ်မှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ စာရင်းရှိ ကျောင်းသား ကျောင်းသူ အရေအတွက် က ၁၆၇၄ ဦး ဖြစ်ပါတယ်၊ မြန်မာစာနေ့မှာ ပျက်ကွက်သူဦးရေက ၃၅ ဦးရှိပြီး အင်္ဂလိပ်စာနေ့မှာ ၃၇ ဦး ထပ်မံ ပျက်ကွက်ပါတယ်၊ ဒီနေ့ သချ်ာဘာသာ ရပ်ဖြေဆိုမှုမှာတော့ ပျက်ကွက်သူ ၁၄ ဦး တိုးလာပါတယ်"ဟု စာမေးပွဲဖြေဆိုမှု



အခြေအနေနှင့်ပတ်သက်၍ ဘူးသီး တောင်မြို့နယ် ပညာရေးမှူး ဦးအောင်စံ ကျော်က ပြောသည်။

ဘူးသီးတောင်မြို့နယ်ရှိ စာစစ်ဌာန များ၌ ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ဦးရေ ပျက်ကွက်မှုမှာ စာဖြေရက်သုံးရက် ပေါင်းလျှင် ၄၃၆ ဦး ရှိကြောင်း၊ စာစစ်ဌာန များအားလုံးတွင် အေးချမ်းစွာဖြေဆို နေကြသည်ကို တွေ့ရှိရကြောင်း၊ ပြည်နယ် မှ ဆရာကြီးများကလည်း အနီးကပ် လာရောက် ကြီးကြပ်ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ သက်ဆိုင်ရာ အဖွဲ့ အစည်းများကလည်း ပါဝင်ကူညီပံ့ပိုး ပေးကြကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

"ညီမကတော့ ဘူးသီးတောင် အထက-၁မှာ စာမေးပွဲဖြေဆိုနေကြတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျန်းမာ ရေးစောင့်ရှောက်မှု ပေးနိုင်ဖို့အတွက် ဒီကျောင်းကို ရောက်ရှိနေခြင်းဖြစ်ပါ တယ်၊ နှစ်တိုင်း ဒီကျောင်းမှာပဲ ကျန်းမာ ရေးစောင့်ရှောက်မှုတွေ ပေးလာတာ အခုဆိုရင် သုံးနှစ်ရှိပါပြီ၊ စာမေးပွဲဖြေဆို ချိန်မှာ ကလေးတွေက ထွေထွေထူးထူး ဖြစ်တာမရှိပေမယ့် ခေါင်းမူးတာ၊ အားနည်းတာတွေတော့ ဖြစ်ပါတယ်၊ ကြက်ခြေနီအဖွဲ့ကလည်း ညီမတို့နဲ့ ပူးပေါင်းပြီးတော့ ကျန်းမာရေးစောင့် ရှောက်မှုတွေ ပေးပါတယ်၊ မြို့နယ် ဆရာဝန်ကြီးတွေလည်း လာရောက် ကြည့်ရှုပေးပါတယ်၊ ဆေးဝါးတွေလည်း ပြည့်စုံမှုရှိပါတယ်"ဟု ဘူးသီးတောင် မြို့နယ် ကျန်းမာရေးဌာနမှ သူနာပြု တစ်ဦးဖြစ်သူ မအိအိထွန်းက ပြောသည်။

"ကျွန်တော်ကတော့ အထက-၂ ဘူးသီးတောင်စာစစ်ဌာနမှာ ကြီးကြပ်ရေး တာဝန်ယူထားပါတယ်၊ ကျွန်တော်အပါ အဝင် ဆရာ ဆရာမ ၂၄ ဦးက မောင်တော မြို့ကနေ ဘူးသီးတောင်ကို လာရောက် တာဝန်ထမ်းဆောင်နေကြခြင်း ဖြစ်ပါ တယ်၊ ဒီနေ့ သချ်ာဘာသာရပ်ဖြေဆိုတဲ့ အထိ ပြဿနာတစ်စုံတစ်ရာမရှိဘဲ အေးအေးချမ်းချမ်းနဲ့ ကလေးတွေ ဖြေဆို ကြပါတယ်၊ လုံခြုံရေးပိုင်းမှာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး ဆောင်ရွက်ပေးထားသလို စာစစ်ဌာနတွေ လုံခြုံမှုရှိစေဖို့အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးက ညပိုင်းအချိန်တွေ မှာပါ လုံခြုံရေးလှည့်ကင်းတွေ ဆောင် ရွက်ပေးထားပါတယ်၊ ကျွန်တော်တို့ စာစစ်ဌာနမှာ အတွဲ(၂) ဝိဇ္ဇာတွဲပါတဲ့ အတွက် မတ် ၁၄ ရက်မှာမပြီးဘဲ ၁၆ ရက်မှ ဖြေဆိုပြီးစီးမှာ ဖြစ်ပါတယ်"ဟု မောင်တော အထက-၁ မှ ကျောင်းအုပ် ဆရာကြီး ဦးအောင်မြင့်သိန်းက ပြော သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ် ကာလအတောအတွင်း ပညာရေးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် များ၊ ရပ်မိရပ်ဖများက ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာဖြင့် ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သတင်း-ဟိန်းထက်ဇော်၊ဓာတ်ပုံ-ရာမည**

# လျှပ်စစ်ဂဟေ၊ စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင် သင်တန်းဆင်း

**လောက်ကိုင် မတ် ၉**

ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင် ခရိုင် လောက်ကိုင်မြို့ရှိ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်း ကျောင်းမှ ဖွင့်လှစ်သော လျှပ်စစ်ဂဟေ၊ စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း ဆင်းပွဲအခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက စက်မှုလက်မှုပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က သင်တန်းကို ၂၀၀၆ ခုနှစ် ဩဂုတ်မှ သင်တန်းအမှတ်စဉ် ၁/၂၀၀၆ ကို စတင်ဖွင့်လှစ်ခဲ့ရာ ယခု ဆိုလျှင် သင်တန်းအမှတ်စဉ် ၁၉/ ၂၀၁၇ ရှိပြီး ၁၉ ကြိမ်မြောက် သင်တန်း ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ သင်တန်းမှာ ၁၂ ပတ်ကြာ သင်တန်း ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းသား ၃၀ ဖြင့် သင်ကြားပေးရာ ယခုအချိန်တွင် သင်တန်းဆင်းပြီး သင်တန်းသား စုစုပေါင်း ၆၀၀ နီးပါးခန့် သင်ကြားနိုင်ခဲ့ပြီး ကိုယ်စီလုပ်ငန်းများနှင့် ကိုယ်စီဝင်ငွေ များ လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း၊ သင်တန်းမှ လျှပ်စစ်ဂဟေဆော်နည်း၊ နေအိမ်အဆောက်အအုံလျှပ်စစ်ဝိုင်ယာ သွယ်တန်းနည်း၊ စက်ပြင်နည်းများ၊ အင်ဂျင်တည်ဆောက်ပုံများနှင့် ဖုန်း Softwareနှင့် Hardware ပိုင်းများ စာတွေ့ လက်တွေ့ နှစ်ခုစလုံးသင်ကြား ပို့ချပြီး လောက်ကိုင်ဒေသရှိ လူငယ် လူရွယ်များသည် ဒေသတွင်း စက်မှု လက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာ စေရန်၊ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ သင်တန်းဆင်းပြီးသွား ပါက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့် အတန်း မြင့်မားလာစေရန်နှင့် စက်မှု လက်မှုပညာရပ်များ တတ်မြောက်၍ သင်တန်းဆင်းပြီးသွားပါက မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည် ဆောင်ရွက်နိုင်ရန် ဤသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြား သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ် ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ လောက်ကိုင် ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်က သင်တန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လျှပ်စစ်ဂဟေ ထူးချွန်ဆုရ သင်တန်းသား၊ စက်ပြင်ထူးချွန်ဆုရ သင်တန်းသားနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ဦးစီး အဖွဲ့ အလုပ်အမှုဆောင် ဦးဝေဆန်းနှင့် ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးစိုးရွှေအောင် တို့က ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



အခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အတူ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် မြို့မိမြို့ဖ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မန္တလေးရတနာပုံတက္ကသိုလ်၌ အသိပညာပေးဟောပြော

**မန္တလေး မတ် ၉**

မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်ကျေးရွာအတွင်းရှိ ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ မတ် ၉ ရက်က မူးယစ်ဆေးဝါး ... 

အခမ်းအနားတွင် ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်၊ တက္ကသိုလ် ဆရာ ဆရာမများ၊ အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး တင်အေးကျော်၊ အမရပူရမြို့မရဲစခန်းမှူး မိုးသူရိန်၊ မန္တလေး(မြောက်ပိုင်း) မူးယစ်တပ်ဖွဲ့စု ၁၈ ဒုရဲမှူး ရန်နိုင်ထွန်းနှင့် ရတနာပုံတက္ကသိုလ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၀ကျော် တက်ရောက်လေ့လာခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ မန္တလေး (မြောက်ပိုင်း)မူးယစ်တပ်ဖွဲ့စု ၁၈ ဒုရဲမှူး ရန်နိုင်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခြင်းနှင့် အမရပူရမြို့မရဲစခန်း က အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကလည်း အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှ ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ကွတ်ခိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၇၃၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ည ၇ နာရီခန့်က ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာ ယူကလစ်တောအနီး ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းတွင် မျိုးဇော်ထွန်း(ခ)မင်းသူ မောင်းနှင်ပြီး နေလင်းအောင်(ခ)ရန်အားချန် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၂၇၃၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၂၄၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မတ် ၈ ရက် နံနက် ၆ နာရီက မူးယစ်တပ်ဖွဲ့စု ၁၀၁ နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် စစ်တောင်းလမ်းနေ သက်မင်းဆက်(ခ) ရွှေမင်း၏ နေအိမ်ကို ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၉၂ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ မတ် ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ မြို့သစ် အမှတ်-၃ ရပ်ကွက် မြို့ပတ်လမ်းနှင့် ဝေဘာဂီလမ်းထောင့်ရှိ ရဲဘော်ဟောင်းစားသောက်ဆိုင်၌ ဇေယျာသန်း(ခ)ပေါ့ရှည်နှင့် မြင့်စိုးတို့အား ရှာဖွေရာ ဇေယျာသန်း(ခ) ပေါ့ရှည်ထံမှ စိတ်ကြွရူးသွပ်ဆေး ၈၅ ပြားနှင့် မြင့်စိုးထံမှ စိတ်ကြွရူးသွပ်ဆေး ၅၃ ပြားတို့ကို လည်းကောင်း၊ ကွင်းဆက်အရ မြင့်စိုး အိမ်ငှားနေထိုင်သည့်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မတ် ၈ ရက် မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်ဟောင် ၂ လမ်းပေါ်တွင် လီမိန် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၃ ကီလို ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု-၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းတုံသွား ကားလမ်း ၁၂ မိုင် ခြေတော်ရာဇရပ်သွားလမ်းဆုံအနီးတွင် ကျမော မောင်းနှင်ပြီး လီဆာလိုက်ပါလာသော မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူမှုန့် နှစ်အိတ်(ဘိန်းဖြူအလေးချိန် ၆၉၀ ဂရမ်)နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**



မျိုးဇော်ထွန်း(ခ)မင်းသူနှင့် နေလင်းအောင်(ခ)ရန်အားချန်တို့အား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကမမောင်းမြို့ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် မီးလောင် စက်သုံးဆီပီပါ အလုံး ၁၁၀ မီးလောင်ဆုံးရှုံး

**ကမမောင်း မတ် ၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကမမောင်းမြို့ အမှတ်-၂ ရပ်ကွက် ဖာပွန်-ကမမောင်းလမ်းဘေးရှိ စက်သုံးဆီအရောင်းဆိုင်တွင် မတ် ၈ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့၍ နေအိမ်တစ်လုံး၊ မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးအပါအဝင် စက်သုံးဆီပီပါအလုံး ၁၁၀ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မတ် ၈ ရက် ညနေ ၃ နာရီ ၃၅ မိနစ်ခန့်က ကမမောင်းမြို့ အမှတ်-၂ ရပ်ကွက် ဖာပွန်-ကမမောင်းလမ်းဘေးနေ စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင် ဦးစိန်သောင်း(၅၁ နှစ်)၏ သမီးဖြစ်သူ မဝင်းဝင်းခိုင်(၂၄ နှစ်)သည် နေအိမ်ဆိုင်ခန်းအတွင်း၌ ၁၀ ဂါလန်ဝင်ပုံးအတွင်းမှ စက်သုံးဆီများကို ၅ လီတာဆံ့ ဘူးအတွင်းသို့ ဖြည့်တင်းစဉ် အပူချိန်လွန်ကဲသဖြင့် တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ကာ ပေါက်ကွဲမီးလောင်ရာမှ နေအိမ်ဆိုင်ခန်းအား မီးကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် အုတ်ကာ၊ ပျဉ်ခင်း၊ အာရ်စီနှစ်ထပ်အိမ်တစ်လုံး၊ စက်သုံးဆီ ဂါလန် ၅၀ ပါ ဆီပီပါအလုံး ၁၁၀၊ ဖူဆို အမျိုးအစားခြောက်ဘီးယာဉ်တစ်စီး၊ ဟိုင်းလတ် အမျိုးအစားမော်တော်ယာဉ်တစ်စီး၊ ဒရင်းအမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီး ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးလောင်မှုသည် ညနေ ၅ နာရီ ၁၀ မိနစ်၌ မီးညွန့်ကျိုးသွားခဲ့ကြောင်း၊ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# အရက်မူးပြီး စကားများရာမှ သံတုတ်ဖြင့် ရိုက် ဇနီးဖြစ်သူနှင့် ဖျန်ဖြေပေးသူတို့ သေဆုံးမှုဖြစ်ပွား

**ယင်းမာပင် မတ် ၉**

သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ၌ မတ် ၉ ရက် နံနက် ၄ နာရီခန့်၌ အရက်သောက်စားပြီး စကားများရာမှ သံတုတ်ဖြင့် ရိုက်နှက်ခြင်းကြောင့် ဇနီးဖြစ်သူနှင့် လာရောက်ဖျန်ဖြေသူ အိမ်နီးချင်းတစ်ဦးအပါအဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ပေသုံးဆယ်ရပ်ကွက်နေ ဒေါ်စိန်မြိုင်၏ ခင်ပွန်းဖြစ်သူ ကိုထွန်းဝင်း(ခ)ကိုထွန်းသည် အရက်သောက်စားမူးယစ်ပြီး လင်မယားချင်းစကားများရာမှ သံတုတ်ဖြင့်ရိုက်ခဲ့၍ ဒေါ်စိန်မြိုင်တွင် ဦးခေါင်းဒဏ်ရာဖြင့် လည်းကောင်း၊ လာရောက်ဖျန်ဖြေသူ အိမ်နီးချင်းဦးဖိုးနှုတ်၏ ဦးခေါင်း၌ ပေါက်ပြဲဒဏ်ရာဖြင့်လည်းကောင်း သေဆုံးခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

ဒေါ်စိန်မြိုင်နှင့် ဦးဖိုးနှုတ်တို့အား အသက်သေဆုံးအောင်ရိုက်နှက်ခဲ့သူ ကိုထွန်းဝင်း(ခ)ကိုထွန်းအား ယင်းမာပင်နယ်မြေရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

**ဘိုဘို(မလှိုင်)**

# ဖုန်းနံပါတ်ဖြင့် ကံစမ်းမဲငွေကျပ်သိန်း ၂၀၀ ပေါက်သည်ဟု လိမ်လည်ပြီး ငွေတောင်းခံသူကို ဖမ်းဆီးရမိ

**ပေါင်းတည် မတ် ၉**

ဖုန်းနံပါတ်ဖြင့် ကံစမ်းမဲ ငွေကျပ်သိန်း ၂၀၀ ပေါက်သည်ဟုဆိုကာ လိမ်လည်ငွေတောင်းခံသူအား ပြည်ခရိုင် သဲကုန်းမြို့နယ် ရွာသာလှကျေးရွာ၌ ဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ရဲစခန်းအချင်းချင်း



ချိန်ဆက်၍ဖော်ထုတ်ခဲ့ရာ မတ် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပရဲစခန်းက ဖမ်းဆီးရမိခဲ့ပြီး ပေါင်းတည်မြို့မရဲစခန်းသို့ လွှဲပြောင်းအပ်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၇ ရက် မွန်းလွဲ ၁ နာရီက ပြည်ခရိုင် သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု ရွာသာလှကျေးရွာနေ ကိုအောင်ကိုဝင်းသည် အိမ်၌ရှိနေစဉ် ၎င်းကိုင်ဆောင်သော ဖုန်းထံသို့ ဖုန်းခေါ်ဆိုလာ၍ နားထောင်ရာ အမျိုးသားတစ်ဦးအသံဖြင့် အခွန်ဦးစီးဌာနမှ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မရှိဆင်းရဲသားများအား ကံစမ်းမဲဖောက်ပေးရာ ကိုအောင်ကိုဝင်းကိုင်ဆောင်သော ဖုန်းနံပါတ်မှာ ကံစမ်းမဲကျပ်သိန်း ၂၀၀ ပေါက်ကြောင်း၊ နိုင်ငံတော် အခွန်ရုံးသို့ ငွေကျပ်ခြောက်သိန်း အခွန်ပေးဆောင်ရန်အတွက် မြေနီကုန်းရှိ KBZ ဘဏ်သို့ ဒေါ်မိုးမိုးစန်း အမည်ဖြင့် မှတ်ပုံတင်နံပါတ်အား လွှဲပေးရန် ပြောသဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် ဇနီးဖြစ်သူနှင့်အတူ ပေါင်းတည်မြို့ ဈေး-၂ ရပ်ကွက် ရန်ကုန်-ပြည် အဝေးပြေးကားလမ်းမန်ဘေးရှိ KBZ ဘဏ်မှ ငွေကျပ်ခြောက်သိန်းအား လွှဲပေးပြီး ၎င်းအားဆက်သွယ်လာသော ဖုန်းနံပါတ်သို့လွှဲပြီး ကြောင်းပြောရန် ဆက်သွယ်သောအခါ ဖုန်းမှာ စက်ပိတ်ထားကာ ဆက်သွယ်မရတော့သဖြင့် ငွေကျပ်ခြောက်သိန်းအား လိမ်လည်ခံလိုက်ရကြောင်း သိရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ယင်းလိမ်လည်ခံရသည့်အကြောင်းကို မတ် ၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ပေါင်းတည်မြို့ မြောင်းဆုံကျေးရွာအုပ်စု စပါးထောင်းကျေးရွာနေ ယောက်ဖဖြစ်သူ ကိုကျော်မင်းစိုးအား ဖုန်းဖြင့်ပြောပြခဲ့ရာ ကိုကျော်မင်းစိုးမှာလည်း ကံစမ်းမဲပေါက်သည်ဟုဆို၍ ဒေါ်မိုးမိုးစန်းအား မြောက်ဥက္ကလာပ KBZ ဘဏ်သို့ ငွေကျပ် ၁၂ သိန်းလွှဲပေးရန် ပြောကြားသဖြင့် ပြည်မြို့ KBZ ဘဏ်မှ ငွေသွင်းပြီးဖြစ်၍ ကိုကျော်မင်းစိုးမှ ဘဏ်မန်နေဂျာသို့ အကြောင်းကြားရာ ပြည်ဘဏ်နှင့် မြောက်ဥက္ကလာပဘဏ်တို့ ချိတ်ဆက်၍ မြောက်ဥက္ကလာပရဲစခန်းသို့ အကြောင်းကြားရာမှ ပြစ်မှုကျူးလွန်သူ ငွေထုတ်ယူရန် စောင့်ဆိုင်းနေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အမှုအား ပေါင်းတည် မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဦးကိုနီလုပ်ကြံခံရမှုတွင် ပြန်ခေါ်သက်သေငါးဦးကို စစ်ဆေးမှုပြုလုပ်နိုင်ခဲ့

**ရန်ကုန် မတ် ၉**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံး ရောက်ရှိကြောင်းနှင့် ပြန်ခေါ်သက်သေ ငါးဦး စစ်ဆေးမှု ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ မြောက်ပိုင်း ခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ တရားလိုရဲအုပ် မိုးနိုင် တရားခံ ကြည်လင်း(ခ)ဖိုးထူးပါ-၄ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄/၁၂၂ အရ စွဲဆိုမှုကနေ ပြန်ခေါ်သက်သေ ငါးဦးကို စစ်ဆေးပါတယ်၊ အဲဒီငါးဦးက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်းက ဦးဝိဇယ(ခ)ဦးဝင်းမြင့်၊ ရန်ကုန်သူနာပြုတက္ကသိုလ် ဆေးဝါးဗေဒဌာန လက်ထောက်ကထိက ဒေါက်တာယဉ်နွယ်ခိုင်၊ နည်းပညာပစ္စည်းစစ်ဆေးရေး ဒုတိယရဲအုပ် ဇော်နိုင်အောင်၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ချယ်ရီအိမ်ရာမှ ရဲမှူး ဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မြို့မစခန်းမှူး ဒုတိယရဲမှူး မြတ်ထွန်းကျော်တို့ကို စစ်ဆေးပါတယ်၊ နောက်တစ်ချိန်းအတွက် ပြန်ခေါ်သက်သေငါးဦးစစ်မယ်လို့ မတ် ၁၅ ရက် ကြာသပတေးနေ့ ချိန်းဆိုထားပါတယ်" ဟု ပြောသည်။

ယနေ့မီဒီယာများက အမှုနှင့်ပတ်သက်ပြီး စာရွက်စာတမ်း အချက်အလက်များ မိတ္တူကူးခွင့်တောင်းခံခြင်းအတွက် ထပ်မံရှင်းလင်းရာ အမှုနှင့်သက်ဆိုင်သည့် အမှုသည် ရှေ့နေရှေ့ရပ်များအနေနှင့် မိတ္တူကူးယူခွင့် နည်းဥပဒေနှင့်အညီ အမှုတွဲ၏စာရွက်စာတမ်းများကို တရားဝင်မိတ္တူကူးယူခွင့်ရရန် လျှောက်ထားမှသာလျှင် ကူးယူရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အမှုနှင့် မသက်ဆိုင်သောသူများအနေဖြင့် အမှုအပြီးအပြတ် စီရင်ချက်အမိန့်ကိုသာ မိတ္တူကူးယူခွင့် နည်းဥပဒေနှင့်အညီ ကူးယူခွင့်လျှောက်ထားနိုင်ပါကြောင်းနှင့် ရာဇသတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုမှာ ပြန်ခေါ်သက်သေ ၃၇ ဦးအနက် ၂၆ ဦး စစ်ဆေးပြီးကြောင်း ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ လက်နက်မှုက ပြန်ခေါ်သက်သေသုံးဦးရှိကြောင်း ထပ်မံရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၉ စီး၊ သွင်းကုန်အစီး ၇၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၉၄၁ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၆၁ သန်းခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၅၅၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၈ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cycle Tube အခု ၃၀၀ ၊ Dry Charge Battery အခု ၅၀၀၊ Bicycle Tube အခု ၉၀၀ ၊ Car Spark Plug ကီလိုဂရမ် ၂၅၀၊ မီးလုံးအသေး ၄၈၀၀၊ Phone Screen protector အခု ၆၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၈ ဒသမ ၀၁၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

**၁၀ -၃- ၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **နိုင်ငံသား တာဝန်ကျေပွန်စေဖို့...အခွန်ထမ်းကြစို့**
- ၈း၅၀ - ပန်းပျိုးခင်း(အပိုင်း-၃၆)
- ၁၀း၃၀ - လုံမမှတ်စု(အပိုင်း-၂၈)
- ၁၀း၄၅ - ကဗျာရိပ်မြုံ **သူတို့အိုလယ်**
- ၁၁း၂၅ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး **စပျစ်သီး**
- ၁၁း၃၅ - ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ပန်းနှစ်ပွင့်စီးချင်း** (အပိုင်း-၃၀) (ဇာတ်သိမ်း)
- ၁၃း၅၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးရာဇဝင်** (အပိုင်း-၁၆)
- ၁၄း၂၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၇)၊ (မြို့မ၊ ရေချွေးကြမ်း)

**ညပိုင်း**

- ၁၆း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၃၃)
- ၁၇း၂၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၈း၂၀ - **မြန်မာ့ရိုးရာကျီသဲရက်ကန်း**
- ၁၈း၃၅ - Tasty Trip
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

# မိုင်းထိပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ကာမိုင်း မတ် ၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဂေါ်ရီကျေးရွာအုပ်စုနှင့် ကထန်ယန် ကျေးရွာအုပ်စုမှ မိုင်းထိပြည်သူ ၁၀ ဦးအား ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားကို မတ် ၉ ရက် နံနက် ၁၁ နာရီခွဲက ကာမိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကာမိုင်းနယ်မြေအတွင်း မိမိတို့အသက်မွေးဝမ်းကျောင်းမှုအရ တောတွင်းသို့ သွားလာခဲ့ရာမှ မိုင်းထိမှန် ဒဏ်ရာရရှိခဲ့သူများအား မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင် နှင့် ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဖားကန့်မြို့နယ်တာဝန်ခံ ဦးကျော်မင်းလွင်တို့က တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းဖြင့် မိုင်းထိပြည်သူ ၁၀ ဦးအား စုစုပေါင်းငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးစက်ရုံများအတွက် ကုန်ကြမ်း၊ ထုပ်ပိုးပစ္စည်း၊ စက်နှင့် စက်အရန်ပစ္စည်းများအား စက်ရုံများသို့ ပို့ဆောင်ရန်ကုန်သေတ္တာယာဉ်ငှားရမ်းခ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်-

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၈ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၃-၂၀၁၈ ရက်(၁၆း၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်းနံပါတ်-၀၆၇-၄၀၈၂၇၆


# ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ချောင်းသာတွင် အရင်းအနှီးနည်းနည်းဖြင့် ဟိုတယ်ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ချင်သူများအတွက် စကားဝါတောင်ခြေ၊ မြေဧရိယာ(၅.၃၅ဧက)အကျယ်မြေကွက်၊ မျက်နှာစာနှစ်ဖက်၊ မျက်နှာ၁၀(607')၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလို(၁)လုံးပါ။

**ကျပ်သိန်း(8,000)**

**ဆက်သွယ်ရန်ဖုန်း-**

**095178979, 0943022828, 0943292929, 09420182934, 09451146685**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ သူနာပြု/သားဖွားသင်တန်းကျောင်းများအတွက် ကွန်ပျူတာများဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့် ရုံးသုံးပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ်-၀၆၇-၃၄၁၁၂၃၃၊ ၀၆၇-၃၄၁၁၁၄၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၈ ရက်၊ နံနက် ၉း၃၀ နာရီ

၄။ **တင်ဒါပိတ်မည့်ရက်** - ၂၁-၃-၂၀၁၈ ရက်၊ ညနေ ၁၆း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ အဆင့်မြင့် ငါးထပ်ဆောင်(ထပ်တိုး)တွင် ခွဲစိတ်ခန်းများအတွက် လိုအပ်သောစက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ခြင်း၊ Chiller တပ်ဆင်ခြင်း၊ Cooling Tower တပ်ဆင်ခြင်း၊ Dump Waiter တပ်ဆင်ခြင်း လုပ်ငန်းနှင့် Transformer တပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ လိုင်စင်ရှိကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူ အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက်** - ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့် ဝယ်ယူလိုသည့် လုပ်ငန်းများနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**
**ရန်ကုန်တိုင်းဒေသကြီး**
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆(လိုင်းခွဲ-၃၃၃၃)


**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ဆန်းမြင့်အောင်၏ သင်္ဘောသား(SID) ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၉၉၃၀၀၅

# အမြန်အလိုရှိသည်

စက်ရုံ/ဂိုဒေါင် ဆောက်လုပ်ရန် Steel Structure ကျွမ်းကျင်သော တစ်ဦးချင်း(သို့)အဖွဲ့လိုက် အလိုရှိသည်။ PAE နှင့် ဆောက်လိုသည်။

**ဆက်သွယ်ရန်လိပ်စာ-** အမှတ် ၂၄၂၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph-09-5178979,09-43022828,09-43292929



# ကမ္ဘာတစ်ဝန်းလုံးက ဝေဖန်ကန့်ကွက်နေသော်လည်း အခွန်ကောက်ခံမည့်အစီအစဉ်ကို ထရန့်လက်မှတ်ရေးထိုးအတည်ပြု

**ဝါရှင်တန် မတ် ၉**

သံမဏိနှင့် အလူမီနီယမ်တင်ပို့ကုန်များအပေါ် အခွန်ကောက်ခံသွားမည့်အစီအစဉ်ကို ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းစုများနှင့် ကုန်သွယ်ရေးမိတ်ဖက်များထံမှ ကန့်ကွက်ဆန့်ကျင်ဝေဖန်မှုများ ပေါ်ပေါက်လာနေသည့်အချိန်အတွင်းမှာပင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယင်းတင်ပို့ကုန်များကို အခွန်ကောက်ခံသွားမည့်ကြေညာချက်များကို လက်မှတ်ရေးထိုးကာအတည်ပြုလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် သံမဏိတင်ပို့ကုန်များအပေါ် ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဖြစ်ပြီး အလူမီနီယမ်တင်ပို့ကုန်များကို ၁၀ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်သည်ဟု ထရန့်က အိမ်ဖြူတော်၌ပြောကြားခဲ့ပြီး ခိုင်မာသည့် သံမဏိနှင့် အလူမီနီယမ်တင်ပို့ကုန်ထုတ်လုပ်ငန်းသည် နိုင်ငံ၏အမျိုးသားလုံခြုံရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခွန်ကောက်ခံမှုသည် ၁၅ ရက်အတွင်း စတင်သက်ရောက်မည်ဖြစ်ပြီး မြောက်အမေရိကကုန်သွယ်ရေးစာချုပ် (NAFTA) ပြန်လည်ညှိနှိုင်းဆွေးနွေးမှုကိုဆိုင်းငံ့ထားသည့် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများကို လွတ်ငြိမ်းခွင့်ပေးထားကြောင်း သိရသည်။ ကျွန်ုပ်တို့အနေဖြင့် မြောက်အမေရိကကုန်သွယ်ရေးစာချုပ်ကို သဘောတူညီမှုအဆင့်ရောက်ရှိအောင်လုပ်ဆောင်နိုင်ခြင်းရှိမရှိ စောင့်ကြည့်သွားရန်အတွက် ကနေဒါနှင့်မက္ကဆီကို နှစ်နိုင်ငံအပေါ် အခွန်ကောက်ခံမှုမှ ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။ အခြားနိုင်ငံများအားလုံးတို့သည်လည်း အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးသွားခြင်းဖြင့် အခွန်ကောက်ခံမှုမှကင်းလွတ်ခွင့်ရရှိနိုင်မည့်အခွင့်အရေးရှိကြောင်း ထရန့်ကအရိပ်အယောင်ပြသခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



**အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်အဆောက်အအုံ အပြင်ဘက်ကို တွေ့ရစဉ်။**

# လာမည့်မေလတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့်ထရန့်တွေ့ဆုံ ဆွေးနွေးသွားမည်

**ဝါရှင်တန် မတ် ၉**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် လာမည့်မေလတွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်မည့် အကြံပြုချက်ကို လက်ခံလိုက်ကြောင်းသိရသည်။

ကြီးကျယ်ခမ်းနားသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုကို လုပ်ဆောင်လိုက်ပြီဖြစ်ကြောင်း ထရန့်ကတွစ်တာပေါ်တွင် ရေးသားခဲ့သည်။

တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းထံမှ ပေးစာတစ်စောင်ကို သမ္မတထရန့်ထံသို့ လက်ဆင့်ကမ်းပေးအပ်ခဲ့ပြီးနောက်တွင် အိမ်ဖြူတော်၌ ကနဦးကြေညာချက်ထုတ်ပြန်ခဲ့သည်။

တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအဖွဲ့အကြီးအကဲ ချန်အီယောင်က ၎င်းတို့ပြုလုပ်ခဲ့သည့် တွေ့ဆုံမှုအတွင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက နျူကလီးယားလက်နက်လျှော့ချရေးကိုဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ခေါင်းဆောင်ကင်က မြောက်ကိုရီးယားသည် နောက်ထပ်နျူကလီးယားနှင့်ဒုံးကျည်စမ်းသပ်မှုများကို ရှောင်ရှားသွားမည်ဖြစ်သည်ဟု အလေးအနက်ကတိပေးအပ်လိုက်ကြောင်း၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စု၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုလမ်းကြောင်းသည် ဆက်လက်ဆောင်ရွက်သွားသင့်သည့် ဆောင်ရွက်မှုဟု နားလည်သဘောပေါက်ကြောင်း ပြောကြားခဲ့သည်။

ချန်အီယောင်သည် တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအဖွဲ့အကြီးအကဲဖြစ်သည်။ ၎င်းနှင့် အဖွဲ့ဝင်များသည် ခေါင်းဆောင်ကင်နှင့် ၎င်းတို့ယခုရက်သတ္တပတ်အတွင်းမည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်ကို သမ္မတထရန့်အား အကျဉ်းချုပ်တင်ပြခဲ့သည်။ **အင်န်အိတ်ခ်ျကေ**




# ဖလော်ရီဒါ၌ ကျောင်းဝန်းကျင်အန္တရာယ်ကင်းစေရန် လက်နက်ထိန်းချုပ်ရေး ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြု

**ဝါရှင်တန် မတ် ၉**

အမေရိကန်အရှေ့တောင်ပိုင်း ဖလော်ရီဒါပြည်နယ်၌ ဥပဒေပြုသူများသည် ကျောင်းဝန်းကျင် အန္တရာယ်ကင်းစေရန် လက်နက်ထိန်းချုပ်ရေး ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုခဲ့ကြောင်း၊ အဆိုပါဥပဒေကြမ်းကို ဖလော်ရီဒါပဲ့ခ်လန်း၌ လူ ၁၇ ဦးသေဆုံးခဲ့သော သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ရက်သတ္တပတ်သုံးပတ်အကြာတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းသည် ဖလော်ရီဒါပြည်နယ်၌ ဆယ်စုနှစ်အတော်များများမှစကာ ပထမဆုံးအကြိမ် အရေးကြီးဆုံး လက်နက်ထိန်းချုပ်ရေး ဥပဒေကြမ်းတစ်ခုဖြစ်ပြီး ယခုအခါတွင် ရီပတ်ဘလစ်ကန်မြို့တော်ဝန်ရစ်ခ်စကော့၏ အပြီးသတ်လက်မှတ်ရေးထိုးဖို့သာ ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းအရ လက်နက်ဝယ်ယူနိုင်ရေး အနည်းဆုံးအသက်သတ်မှတ်ချက်ကို အသက် ၁၈ နှစ်မှ ၂၁နှစ်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။ လက်နက်ဝယ်ယူမည့်သူသည် လက်နက်ရရှိရေးအတွက် သုံးရက်ကြာစောင့်ဆိုင်းရန်လိုအပ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါဥပဒေတွင် တိုက်ပွဲသုံးကဲ့သို့သော စွမ်းအားပြည့်ရိုင်ဖယ်လက်နက်များ ရောင်းချခြင်းများကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း ပြဋ္ဌာန်းဖော်ပြထားသည်။

**ဆင်ဟွာ**




# အင်ဒိုပစိဖိတ်နိုင်ငံပေါင်း ၁၆ နိုင်ငံတို့ ရေတပ်စစ်ရေးလေ့ကျင့်မှု ဆောင်ရွက်မည်

**နယူးဒေလီ မတ် ၉**

တရုတ်နိုင်ငံက ဒေသတွင်း၌ ရေကြောင်းသွားလာမှုဆိုင်ရာ ပိုမိုချဲ့ထွင်လာချိန်တွင် အိန္ဒိယနှင့် ပစိဖိတ်သမုဒ္ဒရာကိုမျက်နှာပြုထားသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံတို့မှ ရေတပ်မတော်အင်အားစုများသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ရှစ်ရက်ကြာမြင့်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အိန္ဒိယနိုင်ငံရှိ အန်ဒါမန်နှင့် နီကိုဘာကျွန်းများ၌ အင်္ဂါနေ့တွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ စစ်ရေးလေ့ကျင့်မှုအတွင်း၌ အိန္ဒိယ၊ သြစတြေးလျ၊ မလေးရှား၊ ထိုင်း၊ အိုမန်နှင့် တန်ဇန်းနီးယားနိုင်ငံများ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

# အမျိုးသမီးများ အကြမ်းဖက်ခံရမှုအဆုံးသတ်ရမည့်အချိန်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ဂူတာရက်စ်ပြောကြား

**ဂျီနီဗာ မတ် ၉**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အချိန်အခါသမယတွင် အမျိုးသမီးများနှင့် မိန်းကလေးအင်အားစုများ တက်ကြွစွာပါဝင်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယမန်နေ့က ပြောခဲ့သည်။

တန်းတူညီမျှမှု၊ အခွင့်အရေးရရှိမှု၊ လေးစားမှုနှင့်မျှတမှုကို ဖော်ပြရမည့် အချိန်ကျရောက်ပြီဖြစ်ကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုများ အဆုံးသတ်ရမည့်အချိန်အခါလည်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် အမျိုးသမီးများနှင့် မိန်းကလေးများရင်ဆိုင်နေရသော အကြမ်းဖက်ခံရမှုမှ ကယ်ထုတ်သွားရမည့်အချိန်အခါလည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂရုံးချုပ်၌ ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် ဂူတာရက်စ်က ပြောခဲ့သည်။

ကုလသမဂ္ဂလမ်းညွှန်ချက်နှင့်အညီ ကျား၊ မ တန်းတူညီမျှမှုရရှိအောင် ကြိုးစားရာတွင် အောင်မြင်မှုရရှိစေရန်အတွက် ဂူတာရက်စ်က ကတိပြုခဲ့သည်။

ပထမဆုံးအပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပခဲ့သည့် ၁၉၇၆ ခုနှစ်ကတည်းကစကာ ယခုအချိန်အထိ အရေးပါသော တိုးတက်မှုများရှိခဲ့ကြောင်း၊ သို့သော်လည်း အလုပ်အကိုင်များမပေးနိုင်သေးခြင်း၊ လုပ်ခမညီမျှခြင်း၊ အန္တရာယ်ကျရောက်နိုင်ခြေရှိခြင်း၊ ခွဲခြားဆက်ဆံခြင်းများနှင့် အကြမ်းဖက်ခြင်းများစသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာလုပ်ငန်းများ ပိုမိုအောင်မြင်လာအောင် အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

ကျား၊ မ တန်းတူညီမျှမှုသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုပ်ဆောင်ချက်မပါဘဲ ပိုမိုကြွယ်ဝ ချမ်းသာသော ငြိမ်းချမ်းသည့် ကမ္ဘာကြီးတစ်ခုပေါ်ပေါက်လာမည် မဟုတ်ကြောင်း ၎င်းကဆက်လက်ပြီးမှတ်ချက်ပြုပြောကြားခဲ့သည်။

အမျိုးသမီးများပါဝင်လာမှုကြောင့် ငြိမ်းချမ်းရေးသဘောတူညီချက်ခိုင်မြဲလာမည်ဖြစ်သလို လူမှုအဖွဲ့အစည်းလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



နိုင်ငံတကာ သတင်းတိုထွာ

## လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေး ဗန်ကောက်၌ စတင်ဖွင့်လှစ်

ဗန်ကောက် မတ် ၉

လူမှောင်ခိုကူးခံရသူများအတွက် အကူအညီပေးရေးဆွေးနွေးရန် နိုင်ငံတကာ ကွန်ဖရင့်အစည်းအဝေးကို ဗုဒ္ဓဟူးနေ့က ဗန်ကောက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အာရှနိုင်ငံများမှ အစိုးရအဖွဲ့ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် လူ ၁၂၀ ခန့်တို့ ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ခဲ့ကြသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေးကို ထိုင်းနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ JICA တို့က ပူးတွဲစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အသုံးချမှုအတွက် လူကုန်ကူးခြင်း သို့မဟုတ် လုပ်သားအဖြစ် အတင်းစေခိုင်းခြင်းတို့သည် ကမ္ဘာတစ်ဝန်းနှင့် နှိုင်းယှဉ်လျှင် အရှေ့တောင်အာရှ၌ အထူးသဖြင့် ပိုမိုဖြစ်ပွားနေသည့် ကိစ္စဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်က သံမဏိနှင့် အလူမီနီယမ်တင်ပို့ကုန်များအပေါ် အခွန်ကောက်ခံမှုကို ရင်ဆိုင်မည့် အစီအစဉ်ကို အီးယူ မှုကြမ်းရေးဆွဲ

ဘရပ်ဆဲလ် မတ် ၉

ဥရောပကော်မရှင် အဖွဲ့ဝင်များသည် အမေရိကန်ပြည်ထောင်စုက သံမဏိနှင့် အလူမီနီယမ် တင်ပို့ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံသွားဖွယ်ရှိသည့် ကိစ္စကို ရင်ဆိုင်ရန်အတွက် ရည်ရွယ်သည့် အဆိုပြုချက်ကို ဗုဒ္ဓဟူးနေ့က မူဝါဒပိုင်းဆိုင်ရာ ထောက်ခံချက်ပေးခဲ့သည်။

ဥရောပသမဂ္ဂသည် အမေရိကန်၏ လုပ်ဆောင်ချက်ကြောင့် အဖွဲ့ဝင်များ၏ အကျိုးစီးပွားထိခိုက်လာခဲ့လျှင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိုက်သင့်သလို အပြည့်အဝဆောင်ရွက်သွားရန် အသင့်အနေအထားဖြင့်ရှိနေကြောင်း အဖွဲ့က ပြောကြားခဲ့သည်။

အဆိုပြုချက်ကို ဥရောပကော်မရှင် ဥက္ကဋ္ဌ ဂျိန်းကလော့ဒ်ဂျန်ကာ၊ ဒုတိယဥက္ကဋ္ဌ ဂျာကီကာတိန်နင်နှင့် ကုန်သွယ်ရေးကော်မရှင်နာ စီစီလျားမယ်လ်စထရွန်တို့က တင်ပြခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြချက်အရ သိရသည်။ အမေရိကန်၏ စီမံဆောင်ရွက်မှုများနောက်ကွယ်မှ လှုပ်ရှားမှုများသည် အယောင်ဆောင်ဖုံးကွယ်ထားသည့် စီးပွားရေးဆိုင်ရာ လုံခြုံစိတ်ချရစေမည့် ဆောင်ရွက်မှုတစ်ခုဖြစ်ဟန်ရှိကြောင်းနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်မှုတစ်ခု မဟုတ်နိုင်ကြောင်း မယ်လ်စထရွန်က ပြောခဲ့သည်။

ဆင်ဟွာ

# မန်ဘစ်ဂျ်ကို ပူးတွဲထိန်းချုပ်မယ့် သဘောတူညီမှုကြောင့် အမေရိကန်နဲ့ တူရကီ ပိုမိုနီးကပ်လာနိုင်မလား

ကလျာမိုးမြင့်



ဆီးရီးယားမှာရှိတဲ့ ကာ့ဒ်စစ်သွေးကြွတွေကို ဝါရှင်တန်က ထောက်ခံမှုပေးနေတယ်ဆိုတာတွေအပြင် များပြားလှတဲ့ တခြားအကြောင်းအရာတွေကြောင့် နာမည်ကောင်းသိပ်မရလှတဲ့ တူရကီနဲ့ အမေရိကန် နေတိုးမဟာမိတ်နှစ်နိုင်ငံတို့ဟာ ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေကို ညှိနှိုင်းကြဖို့ တွေ့ဆုံကြတော့မှာဖြစ်ပြီး အမေရိကန်က ဆီးရီးယားရှိ မန်ဘစ်ဂျ်ကို အတူတကွ ပူးတွဲထိန်းချုပ်သွားကြဖို့ တူရကီကို ကမ်းလှမ်းနေပါတယ်။ တူရကီအနေနဲ့လည်း ဒီကမ်းလှမ်းချက်ကို ကောင်းကောင်းလက်ခံနိုင်မယ့် အနေအထားရှိနေပါတယ်။

လက်ရှိမှာ ဆီးရီးယားအနောက်မြောက်ပိုင်း အာဖရင်ဒေသကို ထိန်းချုပ်ထားတဲ့ ကာ့ဒ်စစ်သွေးကြွတွေကို ထိုးစစ်ဆင်တိုက်ခိုက်မှု လုပ်ဆောင်နေတဲ့ တူရကီဟာ သိပ်မကြာခင်မှာ ၎င်းရဲ့ စစ်ဆင်ရေးကို မန်ဘစ်ဂျ်ကို ပစ်မှတ်ထား တိုးချဲ့သွားမယ်လို့ ခြိမ်းခြောက်လာခဲ့တာ ဖြစ်ပါတယ်။ မန်ဘစ်ဂျ်ကို ပြည်သူ့ကာကွယ်ရေးယူနစ် (YPG) လို့ အမည်ရတဲ့ အမေရိကန် ကျောထောက်နောက်ခံပေးထားသော အင်အားစုတွေက ထိန်းချုပ်ထားတာပါ။

မန်ဘစ်ဂျ်ကို ပူးတွဲထိန်းချုပ်ဖို့ အမေရိကန်ရဲ့ ကမ်းလှမ်းချက်ကို တူရကီက လက်ခံမယ့်သဘောရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ထပ် တူရကီစစ်ဆင်ရေးတစ်ခုအတွက် လိုအပ်ချက်ကို ရှောင်လွှဲလို့ မရရုံသာမက ဝါရှင်တန်နဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာ အတော်လေးတိုးတက်ဖို့ လိုအပ်နေတာအတွက်လည်း လမ်းဖွင့်ပေးရဦးမှာကြောင့်ဖြစ်တယ်လို့ အကြီးတန်းသံတမန်ဟောင်းတစ်ဦးဖြစ်တဲ့ ဖာရတ်လိုဂိုဂလူက ဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။

ဝိုင်ပီဂျီအဖွဲ့ကို လက်နက်ထောက်ပံ့မှုနဲ့ လေ့ကျင့်မှုတွေ အမေရိကန်က ပြုလုပ်ပေးနေမှုဟာ အန်ကာရာနဲ့ ဆက်ဆံရေးမှာ ဆူးပြောင့်ခလုတ်တစ်ခုလို စိတ်ကသိကအောက် ဖြစ်စေခဲ့တယ်။ နောက်ပိုင်းမှာ ကာ့ဒ်စစ်သွေးကြွတွေဟာ ကာ့ဒ်အလုပ်သမားပါတီနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ရှုမြင်ခံလိုက်ရပြီး ဒီအဖွဲ့ကို တူရကီက တူရကီနိုင်ငံရှိ ပြည်နယ်တစ်ခုကို တိုက်ခိုက်ခဲ့တဲ့အတွက် ဝရမ်းပြေးအုပ်စုတစ်ခုအဖြစ် သတ်မှတ်လိုက်ပါတယ်။

တူရကီသမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်ဟာ မန်ဘစ်ဂျ်မှာရှိနေကြတဲ့ ဝိုင်ပီဂျီအုပ်စုကို ဖယ်ရှားရှင်းလင်းပြီးသွားတဲ့အခါ မန်ဘစ်ဂျ်ရဲ့ လုံခြုံရေးကို အတူတကွပူးတွဲတာဝန်ယူစောင့်ရှောက်ကြရအောင်လို့ ကမ်းလှမ်းခဲ့တဲ့အကြောင်း ပြီးခဲ့တဲ့ရက်သတ္တပတ်က ဒေသမီဒီယာသို့ ပြောခဲ့ပါတယ်။ သမ္မတအာဒိုဂန်ဘက်ကလည်း အမေရိကန်ရဲ့ ကမ်းလှမ်းမှုဟာ မြို့တွင်းမှာ မန်ဘစ်ဂျ်ရဲ့ မူလအာရပ်လူဦးရေကို ပြန်ပြီးအခြေချစေမယ့် အဓိပ္ပာယ်မျိုးသက်ရောက်တယ်ဆိုရင် ဒီလိုကမ်းလှမ်းချက်မျိုးကို တူရကီက လက်ခံရမှာဖြစ်တယ်လို့ ဆိုပါတယ်။

တူရကီက ဝိုင်ပီဂျီဟာ ဆီးရီးယားမြောက်ပိုင်းမှာ ကာ့ဒ်မျိုးနွယ်စုတစ်ရပ်ကို တည်ထောင်ဖို့အတွက် ဆီးရီးယားပြည်တွင်းစစ်အတွင်းမှာ ၎င်းတို့ရယူခဲ့တဲ့ ဧရိယာတွေမှာရှိတဲ့ အာရပ်လူမျိုးစုတွေနဲ့ တခြားမျိုးနွယ်စုတွေကို လူမျိုးတုံးရှင်းလင်းရေးလုပ်နေတယ်လို့ စွပ်စွဲထားပြီး ဒါကို အနာဂတ်မှာဖြစ်လာမယ့် အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုလို့ မှတ်ယူလိုက်တာဖြစ်ပါတယ်။

မန်ဘစ်ဂျ်အရေးနဲ့ ပတ်သက်ပြီး ဝါရှင်တန်နဲ့ သဘောတူညီလိုက်မှုဟာ နှစ်ဖက်စလုံးက အထူးအလေးထားနေတဲ့ အရေးကြီးသောအကြောင်းအရာတွေကို အံဝင်ခွင်ကျ ဖြစ်သွားစေနိုင်မှာပါ။ အဲဒီနောက်မှာတော့ ဝိုင်ပီဂျီတိုက်ခိုက်ရေးအုပ်စုတွေဟာ ယူဖရိတ်မြစ်အရှေ့ဘက်ဆီကို ရွှေ့ပြောင်းသွားကြမှာဖြစ်ပြီး ဒီအချိန်မှာ အန်ကာရာဟာ ဆွန်နီအာရပ်မျိုးနွယ်စုတွေကို မန်ဘစ်ဂျ်မှာ နေရာချထားပြီး တူရကီရဲ့ အလိုအတိုင်းဖြစ်စေလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဆွန်နီအများစုကို နယ်စပ်အနီးမှာ ဘေးကင်းလုံခြုံတဲ့ နယ်နိမိတ်တစ်ခု ဖန်တီးပေးလိုက်မှုဟာ အမျိုးသားလုံခြုံရေးအပေါ် ရင်ထိတ်နေရတဲ့ တူရကီရဲ့ ပူပန်သောကတွေကိုလည်း ချေသိပ်ပြီးသား ဖြစ်စေမှာပါ။

ဆွန်နီအာရပ်လူမျိုးစုတွေနဲ့ ဆီးရီးယားမှာ မူလအစပြုခဲ့တဲ့ တူရကီတွေ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ လွတ်လပ်သော ဆီးရီးယားတပ်မတော်ဟာ တူရကီတပ်မတော်ရဲ့ မဟာမိတ်ပါ။ ၎င်းတို့ဟာ လက်ရှိမှာ ဆီးရီးယားမြောက်ပိုင်း မန်ဘစ်ဂျ်နဲ့ ထိစပ်နေတဲ့ ဧရိယာ ၂၀၀၀ စတုရန်းကီလိုမီတာလောက်ကို ထိန်းချုပ်ထားပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၀ ရက်မှာ တူရကီတပ်ဖွဲ့ဝင်တွေနဲ့ မဟာမိတ် ဆီးရီးယားသူပုန်တွေဟာ အာဖရင်ဒေသက ဝိုင်ပီဂျီအုပ်စုကို မောင်းထုတ်ပစ်ဖို့ ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ရပ်ကို ဆင်နွှဲခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စည်းနဲ့ကမ်းနဲ့ ထိန်းချုပ်ဖို့ အမေရိကန်က တူရကီကို တိုက်တွန်းခဲ့ပါတယ်။

တူရကီနဲ့ အမေရိကန်က နည်းပညာဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့တွေဟာ နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အခြေအနေကို ပြန်ရောက်စေဖို့ ကြိုးပမ်းမှုအစိတ်အပိုင်းတစ်ခုအနေနဲ့ ဆီးရီးယားအရေး ဆွေးနွေးကြဖို့ ကြာသပတေးနဲ့ သောကြာနေ့မှာ ဝါရှင်တန်မှာ တွေ့ဆုံဆွေးနွေးကြဖို့ စီစဉ်ခဲ့ပါတယ်။ အာဖရင်စစ်ဆင်ရေးပြီးနောက် မန်ဘစ်ဂျ်ကို တူရကီတပ်ဖွဲ့ဝင်တွေ ဝင်ရောက်လာမှုဟာ တူရကီလက်ရှိ အာဏာရပါတီဟာ အမေရိကန်ကို အောင်ပွဲရရှိမှု တစ်ခုအနေနဲ့ ပြည်တွင်းမှာ စွန့်စားနိုင်မယ့် အခွင့်အရေးတစ်ခုကို ပေးစွမ်းနိုင်မှာပါ။

တူရကီဟာ လာမယ့်နှစ်မှာ ဒေသဆိုင်ရာ ပါလီမန်နဲ့ သမ္မတရွေးကောက်ပွဲတွေ ကျင်းပဖို့ စီစဉ်ထားပြီးပြီ။ ဒါပေမယ့် နိုင်ငံအတွင်းမှာ လူထုသဘောထားစစ်တမ်းကောက်ယူမှုတွေ စောစောလုပ်ဖို့ ဆက်တိုက်ဆိုသလို ဆွေးနွေးနေပါတယ်။

အကယ်၍သာ အမေရိကန်က မန်ဘစ်ဂျ်ကို တူရကီလက်ထဲလွှဲပြောင်းပေးမယ်ဆိုရင် တူရကီဟာ ယူဖရိတ်မြစ်အရှေ့ဘက်ခြမ်းမှာရှိတဲ့ ဝိုင်ပီဂျီတွေကို အရေးယူဆောင်ရွက်တာတွေ မလုပ်ဖို့ တေလာဆန်နဲ့ သဘောတူလိုက်နိုင်တယ်လို့ ယူဆမိကြောင်း ၂၀၁၇ မတိုင်မီအထိ အန်ကာရာတက္ကသိုလ်မှာ သင်ကြားပို့ချမှုတွေ လုပ်ခဲ့သူ Uzgel က ၎င်းရဲ့အမြင်ကို ထုတ်ဖော်ပြောခဲ့ပါတယ်။ ဝိုင်ပီဂျီဟာ မန်ဘစ်ဂျ်ကနေ ထွက်သွားရလိမ့်မယ်ပြီးရင် ယူဖရိတ်မြစ်အရှေ့ခြမ်းကနေ ဦးစွာဆုတ်ခွာသွားရလိမ့်မယ်လို့ တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလ်ပ်ကာဗူဆိုဂလူက ပြီးခဲ့တဲ့လအတွင်းက တေလာဆန်နဲ့အတူ ပြုလုပ်ခဲ့တဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲမှာ အတိအလင်းပြောထားပါတယ်။

တေလာဆန်နဲ့အတူ ဆွေးနွေးပွဲတွေ လုပ်ခဲ့ပြီးတာတောင်မှ ယူဖရိတ်မြစ်အရှေ့ခြမ်းမှာ ရှိနေတဲ့ ဝိုင်ပီဂျီတွေဟာ တူရကီတပ်မတော်ရဲ့ပစ်မှတ်ထားမှုကို ခံရနိုင်သေးတယ်လို့ တူရကီအာဏာပိုင်တွေက တွင်တွင်ပြောနေကြတုန်းပါပဲ။ သံအမတ်ဟောင်း လိုဂိုဂလူရဲ့ အမြင်မှာတော့ မန်ဘစ်ဂျ်အရေးနဲ့ ပတ်သက်ပြီး တူရကီနဲ့ အမေရိကန် သဘောတူညီမှုဟာ တူရကီနဲ့ ရုရှား ပူးပေါင်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေမှာ မဟုတ်သလို တူရကီဟာ အာဖရင်မှာ ဆောင်ရွက်နေတဲ့ ၎င်းရဲ့ စစ်ဆင်ရေးကို အချိန်ကိုက်ပြီးဆုံးအောင် အီရန်က စီစဉ်ပေးခဲ့တယ်လို့ ယူဆထားတာပါ။

ရုရှားနဲ့ အီရန်တို့ ပိုမိုနီးကပ်လာအောင် ကြိုးပမ်းနေကြသော်လည်းပဲ တူရကီဟာ အမေရိကန်နဲ့ ၎င်းရဲ့ ဆက်ဆံရေးကို အနှောင့်အယှက်ဖြစ်ဖို့ လိုလားမှာ မဟုတ်ပါဘူး။ တူရကီအနေနဲ့ စီးပွားရေး၊ ဘဏ္ဍာရေးနဲ့ လုံခြုံရေးမှာ အနောက်နိုင်ငံတွေကို မှီခိုအားပြုနေရပေမယ့် အမေရိကန်နဲ့ အခိုင်အမာချည်နှောင်ထားတယ်။ ဒီအချက်ကို ရုရှားနဲ့ အီရန်ကလည်း ကောင်းကောင်း သတိထားမိပြီးသား ဖြစ်တဲ့အတွက် တူရကီနဲ့ အမေရိကန်ကို ဝေးကွာသွားအောင် အတတ်နိုင်ဆုံးကြိုးစားချင်တာ ဖြစ်ပါတယ်။ ။

ကိုးကား- ဆင်ဟွာ

> “ဆွန်နီအများစုကို နယ်စပ်အနီးမှာ ဘေးကင်းလုံခြုံတဲ့ နယ်နိမိတ်တစ်ခု ဖန်တီးပေးလိုက်မှုဟာ အမျိုးသားလုံခြုံရေးအပေါ် ရင်ထိတ်နေရတဲ့ တူရကီရဲ့ ပူပန်သောကတွေကိုလည်း ချေသိပ်ပြီးသား ဖြစ်စေမှာပါ”

# တာချီလိတ်ခရိုင်အတွင်း တရားမဝင် ရွှေသတ္တုတူးဖော်သူများကို ထိရောက်စွာ တားမြစ်နိုင်ခြင်းမရှိသေး

**တာချီလိတ် မတ် ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်ခရိုင်၌ တရားမဝင်ရွှေသတ္တုတူးဖော်မှု အများအပြားရှိနေသည်ကို ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း မရှိသေးကြောင်း တာချီလိတ်မြို့ လွှတ်တော်ကိုယ်စားလှယ်များရုံးမှ သိရသည်။

"ပြည်နယ်အစိုးရက ဖမ်းခိုင်းတယ်၊ ဖမ်းလိုက်တိုင်း အကုန်ပျောက်ကုန်တယ်၊ သတင်းရတဲ့သဘောဖြစ်နေတယ်၊ တရားခံမမိဘူး၊ ဝါးဖောင်တွေပဲ အများဆုံးမိတယ်၊ တရားမဝင်လုပ်နေကြတာတွေကို မှတ်တမ်းပုံ၊ မြေပုံအညွှန်းမိုင်တိုင်တွေနဲ့ပြပြီးတားခိုင်းလည်း တားခိုင်းတဲ့အချိန်ပဲ အဖမ်းပြတယ်၊ ဒေသမှာရှိတဲ့ တာဝန်ရှိသူတွေအပါအဝင် ဌာနအချို့ကလည်း မသမာမှုတွေလုပ်နေတယ်၊ အကြီးအကျယ်လုပ်တာတွေလည်း ရှိတယ်၊ အသေးစားတွေလည်း ရှိတယ်၊ ဒေသခံတွေ တစ်နေ့ လုပ်ရသလောက်လေးလုပ်နေတာတွေလည်းရှိတယ်၊ နိုင်ငံတော်အတွက် ဘာအခွန်မှ မရတဲ့အပြင် သဘာဝပတ်ဝန်းကျင်၊ ချောင်း၊ မြောင်းတွေ ပျက်စီးတယ်"ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ပြောသည်။

ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရွှေပါသောအလေးစီးများနှင့် ပြဒါးအရည်ကို ရောနှောမွှေရာတွင် အသုံးပြုတတ်ကြောင်း၊ ပြဒါးအရည်မှ အငွေ့ပျံသည့်အခါ ပြဒါးအငွေ့သည် အရောင်အဆင်းနှင့် အနံ့မရှိသောကြောင့် လေထဲတွင် ပြဒါးငွေ့ရှိနေသည်ကို မသိနိုင်ကြောင်း၊ ပြဒါးနှင့် ရွှေရောနှောနေသည့် ပြဒါးစုကို အကာအကွယ်မဲ့အထိန်းအချုပ်မရှိဘဲ မီးနှင့်အပူတိုက်ပြီး ရွှေကြမ်းရအောင်လုပ်ရာတွင် ပြဒါးစု၏ အလေးချိန်တစ်ဝက်နှင့် ညီမျှသည့်ပြဒါးများသည် လေထဲသို့ အငွေ့အဖြစ်ပျံ့နှံ့ပြီး ပတ်ဝန်းကျင် လေ၊ ရေ၊ မြေနှင့် စိုက်ပျိုးသီးနှံများဆီသို့ ရောက်ရှိပျံ့နှံ့ရာမှ လူနှင့်သက်ရှိသတ္တဝါများကို အဆိပ်သင့်မှု ဖြစ်စေကြောင်း ပညာရှင်တစ်ဦး၏ သုံးသပ်ပြောဆိုချက်အရ သိရသည်။

"ရေချောင်းအတွင်းမှာ တရားမဝင်တွေလုပ်နေတယ်၊ ကျွန်တော်ကိုယ်တိုင်ကွင်းဆင်းလေ့လာပြီးပြီ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကို လစဉ်ကြေးပေးပြီးလုပ်နေတာ စုံစမ်းသိရတယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေမှာတရားမဝင်တူးဖော်နေရင် သတင်းပေးပို့ဖို့ ဝတ္တရားရှိတယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို သတင်းတက်ရမှာ၊ ဒါတွေကိုအရေးယူရမှာဖြစ်တယ်၊ ရွှေတူးတဲ့ဂိုဏ်းနဲ့ တရားမဝင် ရွှေလက်ခံနေတဲ့သူတွေကို အမြစ်ဖြတ်ဖို့အတွက် စီမံချက်လုပ်ခိုင်းထားပါတယ်၊ လက်နက်ကိုင်ရင် လက်နက်ပါတဲ့ဥပဒေနဲ့ ထပ်အရေးယူရမယ်"ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က သဘာဝသယံဇာတစီမံခန့်ခွဲမှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

တာချီလိတ်ခရိုင်အတွင်းရှိ မိုင်းဖြတ်၊ ကျိုင်းလပ်၊ တာလေ၊ မိုင်းလင်း၊ နားဟိုင်လုံ၊ လွယ်တော်ခမ်း၊ မိုင်းကိုး၊ ဖတ်ဟိအတွင်းရှိ သတ္တုတူးဖော်ရေးနှင့် ရွှေတူးဖော်မှုလုပ်ကိုင်နေကြသည့် လုပ်ကွက်အများစုသည် လုပ်ကိုင်ခွင့်သက်တမ်းကုန်လွန်နေခြင်း၊ တရားဝင်လျှောက်ထားမှုမရှိဘဲလုပ်ကိုင်နေခြင်း၊ ရွာမြေများ၊ ချောင်း၊ လယ်ကွက်များပေါ်၌ တူးဖော်နေခြင်းစသည်တို့အပြင် ခိုးယူတူးဖော်နေခြင်းတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်နေကြကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



တရားမဝင်ရွှေမျှောလုပ်ကိုင်နေသည့် လုပ်ငန်းခွင်တစ်နေရာ

**စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို မတ် ၇ ရက်က ယာယီရုံးဖွင့်လှစ်ထားရှိသည့် ဓမ္မစကူးလ်ခန်းမ၌ ကျင်းပစဉ်။**

(အဆိုပါ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေဝါသနာရှင်များ၊ စာငှားစာဖတ်ပရိသတ်များမှ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်)

**မြို့နယ်(ပြန်/ဆက်)**



## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားများ ကျင်းပ

**ကာလိ**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လွိုင်လင်ခရိုင် ကာလိမြို့၌ စုပေါင်းလမ်းလျှောက်ပွဲကို မတ် ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ လမ်းလျှောက်ပွဲပြီးနောက် လွှတ်တော်ကိုယ်စားလှယ်ရုံးတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်သိုက်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းမိုခမ်းက အမျိုးသမီးများနေ့အထိမ်းအမှတ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စောက ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ထားဝယ်**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို မတ် ၈ ရက်က ထားဝယ်မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ဖတ်ကြားပြီး တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးမှူးဒေါ်ခင်စန်းရီက တိုင်းဒေသကြီးအတွင်းအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**မတ္တရာ**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကိုမတ် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်းက အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးထင်လင်းအောင်က သက်ငယ်မုဒိမ်းနှင့် ပတ်သက်၍ ဥပဒေအကြောင်းသိကောင်းစရာများနှင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

**ကျိုင်းတုံ**

ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို Now Humanity နှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

**ခရိုင် (ပြန်/ဆက်)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းရုံးမှ ဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို မတ် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး ညှိနှိုင်း

**ဟားခါး မတ် ၉**

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးအရေးပေါ်ထောက်ပံ့မှုစီမံကိန်း၏ လုပ်ငန်းများ ဆွေးနွေးတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းများ၊ အကြံပေးဆွေးနွေးမှုများအား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၈ ရက်က ဟားခါးမြို့ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး NAG အဖွဲ့မှ Team Leader & DRM Specialist ဒေါ်အေးအေးအောင်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရပ်ကွက်၊ ကျေးရွာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်ရန် အကောင်အထည်ဖော်ဆောင်ရွက်

**ဗန်းမောက် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ အမှိုက်ကို စနစ်တကျစွန့်ပစ်ပြီး သန့်ရှင်းသပ်ရပ်ကျန်းမာရေးနှင့် ညီညွတ်သော ရပ်ကွက်၊ ကျေးရွာများ ဖြစ်ပေါ်လာစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မတ် ၈ ရက်တွင် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကာ အမှိုက်များ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် သန့်ရှင်းရေးများကို ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်၊ ကျေးရွာနေပြည်သူများအား တစ်အိမ်တက်ဆင်း တွေ့ဆုံ၍ အမှိုက်များ စနစ်တကျစွန့်ပစ်စေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



သန့်ရှင်းသပ်ရပ်သော ရပ်ကွက်ကျေးရွာများဖြစ်လာစေရေးအတွက် အမှိုက်စွန့်ပစ်ရန် နေရာများကို ရပ်ကွက်ကျေးရွာများတွင် စနစ်တကျသတ်မှတ်ထားရှိကာ ပြည်သူများကလည်း အမှိုက်များကို အိတ်များ၊ခြင်းတောင်းများဖြင့် စနစ်တကျထည့်၍ သတ်မှတ်ထားသည့် နေရာများတွင်သာ အမှိုက်များစွန့်ပစ်ကြရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ယာဉ်စည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှ

**နေပြည်တော် မတ် ၉**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး၏ ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ယာဉ်စစ်ဆေးဆောင်ရွက်မှုကို မတ် ၆ ရက် နံနက် ၉နာရီ မှ ၁၂ နာရီအထိ နေပြည်တော်ဘုတာကြီးသွားလမ်း မင်္ဂလာဈေးအနီး၌ ရဲအုပ် အောင်မျိုးထက် ပါဝင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ယာဉ်မောင်းများကို ယာဉ်တွင်ပါရှိရမည့် အင်္ဂါရပ်များ၊ မော်တော်ကားယာဉ်မောင်းများ အသက်ကယ်ခါးပတ်တပ်ဆင်မောင်းနှင်မှုရှိ မရှိ စစ်ဆေးဆောင်ရွက်ပြီး လိုက်နာဆောင်ရွက်မှု မရှိသော ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခဲ့ကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။



**ကိုကိုရှုပ(နေပြည်တော်)**

# ကြိုတင်ပြင်ဆင်ထားရမည့် လျှပ်စစ်အန္တရာယ်

*ခင်မောင်ငွေး (ပညာရေး)*

ပညာရှင်အချို့၏ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ မကြာခဏကြိုတင်သတိပေးတတ်ရာ လျှပ်နှင့် ပတ်သက်၍ အထူးအသိပေးမှုများ ထွက်ပေါ်လာပြီးနောက် မကြာမီ အတောအတွင်း ထူးခြားဖွယ်လျှပ်များ လှုပ်ခတ်လာသည်ကို တွေ့ရ၏။

မြန်မာနိုင်ငံတွင် လျှပ်ဖြစ်နိုင်သည့် ပြတ်ရွေ့ကြောကြီးများရှိရာ အကြီးမားဆုံးနှင့် အပြင်းထန်ဆုံးဖြစ်နိုင်မည့် စစ်ကိုင်းပြတ်ရွေ့သည်ပင် မြန်မာနိုင်ငံတောင်ဘက် အက်ဒမန်ပင်လယ်မှ ပူတာအိုမြို့ပတ်ဝန်းကျင်အထိ ကီလိုမီတာ ၁၂၀၀ ရှည်လျားလေသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ၁၄ ရက်အထိ လျှပ် (၁၉) ကြိမ်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ ဟုမ္မလင်းမြို့ အနောက်တောင်ဘက် ၁၅ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အား ၅ ဒသမ ၈အဆင့်ထိ မြေလျှပ်လှုပ်ခတ်သွားရာ ဟုမ္မလင်းပတ်ဝန်းကျင်တွင် လှုပ်ခတ်ခဲ့သည့် လျှပ်များအနက် အင်အားအပြင်းဆုံးဖြစ်သည်။ ထို့နောက် လှုပ်ခတ်ခဲ့သည့် လျှပ်များတွင် ဖြူးမြို့အနောက်တောင်ဘက် ၂၅ မိုင်ဝန်းကျင်တွင် မိနစ်ပိုင်းသာခြား၍ အင်အား ၆ ဒသမ ၀ မှ ၄ ဒသမ ၃ ရစ်ချ်တာ စကေးရှိ လျှပ်များဆက်တိုက်လှုပ်ခဲ့သည်။

**လျှပ်သမိုင်း**

လျှပ်များနှင့် ပတ်သက်လျှင် ၁၈၉၉ခုနှစ်တွင် အင်းဝလျှပ်၊ ၁၉၃၀ ပြည့်နှစ်တွင် ပဲခူးလျှပ် (၇ ဒသမ ၅)၊ ၁၉၃၁ ခုနှစ် တွင် မြစ်ကြီးနားလျှပ် (၇ ဒသမ ၆)၊ ၁၉၄၇ခုနှစ်တွင် မော်လိုက်လျှပ် (၈ ဒသမ ၀)၊ ၁၉၅၆ ခုနှစ်တွင် စစ်ကိုင်းလျှပ်၊ ၁၉၇၅ ခုနှစ်တွင် ပုဂံလျှပ် (၆ ဒသမ ၅)၊ ၁၉၉၀တွင် တာလေလျှပ် နှင့် ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းလျှပ်များ အသီးသီးလှုပ်ခတ်ခဲ့သည်။ သဘာဝဘေးများနှင့် ပတ်သက်လျှင်ကြိုတင်မှန်းဆနိုင်မှု အချို့ရှိသော်လည်း လျှပ်နှင့် ပတ်သက်၍ တိတိကျကျကြိုတင်မှန်းဆနိုင်မှု မရှိသေးပေ။

**ကြိုတင်အသိပေး**

နှစ်ပေါင်း ၈၀-၁၀၀ ခန့်ကြာလျှင် လျှပ်ကြီးတစ်ကြိမ်လှုပ်ခတ်ခြင်းရှိရာ ယခုအခါ လျှပ်ကြီးကြီးမားမား မလှုပ်သည်မှာ နှစ်ပေါင်း ၉၀ ကျော်သွားပြီဖြစ်၏။ ၁၉၃၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ပဲခူးလျှပ်လှုပ်ပြီးသည့် နှစ်ပေါင်း ၈၇ နှစ်ကျော်ပြီဖြစ်၍ စစ်ကိုင်းပြတ်ရွေ့တွင်ရှိသော မြို့များမှာ အထူးသတိထားရမည်ဖြစ်၏။ စစ်ကိုင်းပြတ်ရွေ့ပေါ်တွင်ရှိသည့် ရန်ကုန်မြို့၊ အပါအဝင်၊ မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ တောင်ငူ၊ ဖြူး၊ ပဲခူး စသည့်မြို့များတွင် လျှပ်ဒဏ်ခံအဆောက်အဦများ ပြုပြင်ရန်နှင့် ဘေးကင်းရာနေရာများ (Evacuation Centre) သတ်မှတ်၍ ပြည်သူများသည် အသိပေးထားရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Equake Committee) မှ အသိပေးခဲ့ဖူးလေသည်။

> “မြန်မာနိုင်ငံသည် ကြီးမားသော လျှပ်ရပ်ဝန်းတွင် မပါစေကာမူ ကြီးမားသော စစ်ကိုင်းပြတ်ရွေ့နှင့် ပြတ်ရွေ့ငယ်များပေါ်တွင် တည်ရှိလျက်ရှိရာ လျှပ်ကိုမေ့ပျောက်ထား၍ မရပေ။ သို့သော်လည်း လျှပ်ကိုများစွာ မျှော်လင့်မထားမှုများ၊ ကြိုတင်ပြင်ဆင်မှုမရှိသည်များကို အတွေ့များလေသည်”

**လျှပ်လှုပ်ခြင်း**

လျှပ်လှုပ်ခြင်းသည် ပြတ်ရွေ့ဖြစ်နေသည့် မြေထပ်အလွှာများဆုံတွေ့ခြင်းကြောင့် ဖြစ်သည်။ နေရာတိုင်းတွင် လျှပ်လှုပ်နိုင်သည့်အနေအထားမျိုးမဟုတ်ဘဲ လျှပ်ရပ်ဝန်းအဖြစ် သတ်မှတ်ခံရသည့်နေရာများတွင်သာ စဉ်ဆက်မပြတ်လှုပ်ခတ်လေ့ရှိခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် လျှပ်ရပ်ဝန်းအဖြစ်သတ်မှတ်ခံထားရသည့် နေရာများမှာ တောင်အမေရိကနှင့် မြောက်အမေရိက အနောက်ဘက်ကမ်းရိုးတန်း၊ မြေထဲပင်လယ်ဒေသနှင့် ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်ဖြစ်သည်။ ယင်းဒေသများသည် နေ့စဉ်နဲ့အမျှ လျှပ်အန္တရာယ်ကို မျှော်လင့်ထားရသည့် ဒေသများဖြစ်၏။ မြန်မာနိုင်ငံသည် ကြီးမားသောလျှပ်ရပ်ဝန်းတွင် မပါစေကာမူ ကြီးမားသော စစ်ကိုင်းပြတ်ရွေ့နှင့် ပြတ်ရွေ့ငယ်များပေါ်တွင် တည်ရှိလျက်ရှိရာ လျှပ်ကိုမေ့ပျောက်ထား၍ မရပေ။ သို့သော်လည်း လျှပ်ကိုများစွာ မျှော်လင့်မထားမှုများ ကြိုတင်ပြင်ဆင်မှု မရှိသည်များကို အတွေ့များလေသည်။

**စိုးရိမ်စိတ်**

မကြာသေးမီကပင် လျှပ်လှုပ်ခတ်မှုများ အကြိမ်များများ လှုပ်ခတ်ခြင်းကြောင့် ရန်ကုန်မြို့ လူထုစိုးရိမ်သောကများဖြစ်ကြရ၏။ ညဥ့်အချိန်လှုပ်ခတ်ရာ အချို့ဆိုလျှင် အထပ်မြင့်တိုက်များမှ ပြေးဆင်းကုန်ကြရသည်။ စင်စစ်လျှပ်လှုပ်ခြင်းသည် စက္ကန့်ပိုင်း မိနစ်ပိုင်းမျှသာ လှုပ်ခတ်ခြင်းဖြစ်ရာ လျှပ်အန္တရာယ်ကို ကြိုတင်မှန်းဆ၍ ပြင်ဆင်ထားရန်သာ လိုပါသည်။ ကြိုတင်မှန်းဆနိုင်ခြင်းမရှိဘဲ ထိခိုက်ပျက်စီး ဆုံးရှုံးမှုကြီးမားသည့် ဘေးအန္တရာယ်ဖြစ်သော လျှပ်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရာ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် လိုအပ်လှပါသည်။

**ကြိုတင်ပြင်ဆင်**

ဂျပန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံကဲ့သို့ လျှပ်ရပ်ဝန်းအတွင်း ကျရောက်နေသည့်နိုင်ငံများသည် နေ့တိုင်းပင် လျှပ်ကိုမျှော်လင့်ထားရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် မီးတောင်အလှုပ်ရှားဆုံးနိုင်ငံဖြစ်သကဲ့သို့ လျှပ်ရပ်ဝန်းကျရောက်သည့်နိုင်ငံများရှိကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် လျှပ်ဘေးကျရောက်လျှင် လိုက်နာဆောင်ရွက်ဖွယ်ရာများကို အစဉ်အမြဲ လေ့ကျင့်ပြင်ဆင်ထားရလေသည်။ ဤသို့ကြိုတင်ပြင်ဆင်ထားသောကြောင့် အမှန်တကယ် လျှပ်ဘေးကြုံသည့်အခါတွင် လျှပ်ပြင်းထန်၍ အပျက်အစီးရှိသည့်တိုင် အသေအပျောက်နည်းပါးသည်ကို တွေ့ရသည်ဖြစ်၏။ သို့ဖြစ်၍ လျှပ်နှင့်ဝေးတတ်သည့် မြန်မာနိုင်ငံရှိစာသင်ကျောင်းများတွင် ဤသို့ပြင်ဆင်ထားခြင်း၊ လေ့ကျင့်ထားခြင်းမရှိရာ လက်တွေ့လျှပ် အန္တရာယ်နှင့် ကြုံတွေ့လျှင် အခြေခံဗဟုသုတနည်းပါး၍ မပြုလုပ်သင့်သည့် အမှားများကြောင့် ဆုံးရှုံးမှုဖြစ်နိုင်သည်။ ၂၀၀၄ ခုနှစ်တွင် ဖြစ်ခဲ့သည့် ဆူနာမီလှိုင်း ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် လူပေါင်းသိန်း နှင့်ချီ၍ အသက်ဆုံးရှုံးရသကဲ့သို့ မဖြစ်ရန် ကြိုတင်အသိပေးပြင်ဆင်ကြဖို့ လိုပါသည်။ မြန်မာနိုင်ငံရှိအဆောက်အဦအများစုမှာ လျှပ်ဒဏ်ကိုခံနိုင်ရန် ရည်ရွယ်၍ ဆောက်ခဲ့သည့်အဆောက်အဦ နည်းပါးလှသည်။

**တိုင်းတာခြင်း**

လက်ရှိအနေအထားတွင် အန္တရာယ်ရှိသည့် စစ်ကိုင်းပြတ်ရွေ့၏ လှုပ်ရှားမှုများကို သိနိုင်ရန် ကောင်းကင် ဓာတ်ပုံရိုက်ကူးရန် စီစဉ်လျက်ရှိကြောင်း သိရ၏။ မူလဂြိုဟ်တုဓာတ်ပုံများမှာ ဓာတ်ပုံအရည်အသွေးကျဆင်းခြင်းနှင့် အချက်အလက်တိကျမှန်ကန်မှုမရှိခြင်းတို့နှင့် ကြုံတွေ့နေရသည်ဖြစ်ကြောင်း သိရသည်။ ဤသို့လေ့လာခြင်းဖြင့် မည်မျှရွေ့သည်၊ အကြိမ်မည်မျှရွေ့သည်တစ်ကြိမ်လျှင် မည်မျှကြာသည်။ ယင်းမှဘူမိဆိုင်ရာ အသိပညာများစွာ ရနိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ မကြာသေးမီက အကြိမ်ကြိမ်လှုပ်ခတ်ခဲ့သည့် လျှပ်များသည် ပြည်သူလူထုအား အကြိမ်ကြိမ် သတိပေးခေါင်းလောင်းထိုးပေးနေခြင်းသာဖြစ်သည်။ ယခုလျှပ်မှာ ၆ ဒသမ ၀ အထိသာလှုပ်ခတ်ခဲ့သေးသည်။ ယခုလအတွင်း လျှပ်များ ဆက်တိုက်လှုပ်ခတ်လျက်ရှိသည်။ ဤကဲ့သို့ လျှပ်များ ဆက်တိုက်လှုပ်နေလျှင် လျှပ်ကြီးများ လှုပ်နိုင်ခြေနည်းပါးသည်ဟု ဆိုနိုင်သော်လည်း စံနှုန်းသတ်မှတ်ချက်အရ ရစ်ချ်တာစကေး ၆ ဒသမ ၅ နှင့်အထက်ကို အပျက်အစီးအများဆုံး အဖြစ်သတ်မှတ်ထားရာ မျှော်လင့်ထားကြရမည်သာဖြစ်သည်။

သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အသိပညာပေးထားမှုများကို ပြည်သူလူထုအတွင်းနှင့် ကလေးငယ်များစုဝေးရာ အခြေခံပညာကျောင်းများသို့ အချိန်တိုအတွင်း ထိရောက်စွာ ပညာပေးနိုင်မည့် အစီအစဉ်များကို ဆောလျင်စွာ စီမံဆောင်ရွက်ထားရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ဟားခါး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် REDD+ မဟာဗျူဟာဆိုင်ရာ ညှိနှိုင်းအလုပ်ရုံဆွေးနွေး

**ဟားခါး မတ် ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန UN REDD Programme နှင့် MERN တို့ပူးပေါင်းကျင်းပသော REDD+ Strategy Consultation Workshop တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် REDD+မဟာဗျူဟာဆိုင်ရာ ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲကို မတ် ၇ ရက်က ဟားခါးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါ ဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် (ကိုယ်စား) ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက ရာသီဥတု ပြောင်းလဲမှုသည် ယနေ့ကမ္ဘာပေါ်၌ စိန်ခေါ်မှုအသစ်အဖြစ် ပိုမိုသိသာ ထင်ရှားလာကြောင်း၊ သစ်တောများ ထာဝစဉ်ရှင်သန်တည်တံ့နိုင်စေရန် စီမံအုပ်ချုပ် လုပ်ကိုင်မှု၊ သစ်တောပြုန်းတီးမှုလျှော့ချခြင်းနှင့် အတန်းအစား ကျဆင်းနေသည့် သစ်တောများပြန်လည်ထိန်းသိမ်းခြင်းမှတစ်ဆင့် ရာသီဥတု ပြောင်းလဲမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး REDD အစီအစဉ်က များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်တွင် UN REDD အစီအစဉ်၏ မိတ်ဖက်နိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး ယခုအခါ သစ်တောဦးစီးဌာန၏ ဦးဆောင်မှု၊ UN REDD အစီအစဉ်၏ နည်းပညာပံ့ပိုးမှုများနှင့်အတူ မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တက်ရောက်လာကြသူများ အနေဖြင့် မိမိတို့၏ အတွေ့အကြုံများကို အခြေခံပြီး တက်တက်ကြွကြွပူးပေါင်းပါဝင်ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဝင်းနိုင်က ပြည်နယ်၏ သစ်တောများကဏ္ဍနှင့် ပြည်နယ်အတွင်း သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ MERN မှတာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် အဓိကမျှော်မှန်းရလဒ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြေစာရင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကိုနှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

**တိုက်ကြီးမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း ဆေးဆိုင်များ၌ တရားမဝင်ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ ရောင်းချခြင်းရှိ မရှိဆေးဝါးရောင်းချသောဆိုင်များကို မတ် ၇ ရက်က FDA မှ စစ်ဆေးစဉ်။** (အောက်ပုံ)

(အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မိုးကြည် ဦးဆောင်၍ မြို့မစခန်းမှူး ဒုရဲမှူးသန်းဦး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုကြီးကြပ်ရေးမှူး ဒေါ်တင်တင်ငွေ၊ ကျန်းမာရေးဦးစီးဌာနနှင့်အဖွဲ့ ကျန်းမာရေးဌာနမှ သုံးစွဲရန်မသင့်ဟုသတ်မှတ်ထားသော ဆေးဝါးများ၊ ရောင်းချခြင်း ရှိ မရှိစသော စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်)

**ထွန်းလှိုင်(မြိုင်)**



## ဆွမ်ပရာဘွမ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ဆွမ်ပရာဘွမ် မတ် ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ဒရူးခကျေးရွာ၌ ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း၊ လိုင်ဝါးယာန်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ခါ့ကရန်းယာန်ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် မိုင်ထောင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာကော်မတီဝင်များက ကိုယ်တိုင်လုပ်ငန်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေဖြင့် မိုင်ထောင်ကျေးရွာ၊ ခါ့ကရန်းယာန်ကျေးရွာ၊ ဒရူးခကျေးရွာ၊ လိုင်ဝါးယာန်ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အဆင်ပြေစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးမည်

**မန္တလေး မတ် ၉**

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းကို မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်း၍ အမေရိကန်နိုင်ငံ သံအမတ်ကြီးများ ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့မှုဖြင့် ဒုတိယအကြိမ်ပြုပြင် ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နိုင်ငံခြားပညာရှင်တို့ နှစ်ဖက်ညှိနှိုင်းမှု အဆင်မပြေခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက မတ် ၅ ရက်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည့် ရွှေနန်းတော်ကျောင်းကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ရွှေနန်းတော်ကျောင်းရှိ တိုင်လုံးများပြုပြင်ရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နိုင်ငံခြားပညာရှင်တို့၏ အဓိကညှိနှိုင်းမှုအဆင်မပြေခြင်းမှာ နိုင်ငံခြားပညာရှင်များက ခိုင်မာမှုကို အဓိကထား၍ တိုင်လုံးအသစ်များဖြင့် အစားထိုးပြုပြင်စေလိုပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရှေးမူမပျက်ဘဲ ပြုပြင်စေလိုခြင်းကြောင့် နှစ်ဖက်ညှိနှိုင်းမှု အဆင်မပြေခြင်းဖြစ်ကြောင်း သိရသည်။

"ရှေးဟောင်းသုတေသနနဲ့ အမေရိကန်သံအမတ်ကြီးများအဖွဲ့က ပုဂ္ဂိုလ်တွေရဲ့ စကားနားထောင်ကြည့်တော့ ကိုယ်လုပ်ချင်တာနဲ့ ကိုယ်ဖြစ်ချင်တာကို ကိုင်စွဲထားတာကို တွေ့ရတယ်၊ အဓိကကတော့ ညှိနှိုင်းမှုအားနည်းတာ တွေ့ရတယ်၊ ဘာကြောင့် ရွှေကျောင်းကို နိုင်ငံတကာအကူအညီနဲ့ ဆောင်ရွက်နေသလဲဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာ့အလယ်မှာ တင့်တယ်စေဖို့ နိုင်ငံတကာနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံစေလိုတဲ့အတွက်ကြောင့် အမေရိကန်သံအမတ်ကြီးများ ရန်ပုံငွေအဖွဲ့ကတာဝန်ခံပြုပြင်တာကို လက်ခံဆောင်ရွက်ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ညှိနှိုင်းမှုအဆင်မပြေတာတွေကို ကြီးကြပ်မှုကော်မတီနဲ့ ပြန်လည်အသေးစိတ်ဆွေးနွေးပြီး ဖြစ်နိုင်သမျှ ရအောင် လုပ်ပေးသွားမယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ကလည်း "ရှေးမူမပျက်အောင်ပြင်မယ်ဆိုတဲ့ အဖွဲ့အစည်းနဲ့ ခိုင်မာမှုရှိအောင်ပြင်မယ်ဆိုတဲ့ အဖွဲ့အစည်းကြားမှာ တစ်ဖက်နဲ့တစ်ဖက် သဘောတူညီမှု မရဘူးဖြစ်နေတယ်၊ ဒီအတိုင်းဆက်သွားရင် လုပ်ငန်းတစ်ခုလုံးပျက်စီးသွားလိမ့်မယ်။ အကြီးဆုံးပြဿနာဖြစ်နေတာက တိုင်အသစ်လဲတဲ့ ကိစ္စပဲ၊ ပြီးခဲ့တဲ့တစ်ခေါက်က ကျောင်းအနောက်ဘက်မှာ တိုင်လုံးတွေအကုန်လဲလိုက်တဲ့ကိစ္စမှာ ရှေးဟောင်းက လုံးဝမကြိုက်ဘူး၊ ခိုင်မာတဲ့ဘက်ကကြည့်ရင် ကောင်းပေမယ့် ရှေးမူမပျက်တဲ့ဘက်က ကြည့်ရင် အပြစ်ဖြစ်နေတယ်" ဟု ပြောသည်။

ရွှေနန်းတော်ကျောင်းကြီးကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍



အမေရိကန်နိုင်ငံသံအမတ်ကြီးများ ရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ငါးသိန်းငါးထောင်ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း၌ ထပ်မံ၍ ထောက်ပံ့ လှူဒါန်းငွေ ဒေါ်လာသုံးသိန်းကျော်ဖြင့် လည်းကောင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပူတာအိုရှိ ပြည်သူ့အခြေပြု တာဝန်ခံယူမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ပူတာအို မတ် ၉**

ပြည်သူနှင့် အစိုးရကြားယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းပါဝင်မှုများ ပိုမိုအားကောင်းလာစေရန် အစိုးရဌာနဆိုင်ရာများမှ သိသင့်သိထိုက်သော လုပ်ထုံးလုပ်နည်းများ ပူးပေါင်းပါဝင်ရေး၊ အသိပညာပေးခြင်းနှင့် နိုင်ငံသားများ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများကို ရည်ရွယ်၍ Oxfam in Myanmar၊ နမ်ရှနီ လူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ပြည်သူ့အခြေပြုတာဝန်ခံယူမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို မတ် ၈ ရက်က ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အမှာစကား ပြောကြားပြီး နမ်ရှနီ လူမှုဖွံ့ဖြိုးရေးအဖွဲ့ တာဝန်ခံ ဦးမင်ဆိုင်းက ဆွေးနွေးပွဲဖြစ်ပေါ်လာပုံနှင့် ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြော ကြားကာ Senior Program Manager ဦးသီဟကိုကိုက စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ပြည်သူများ၏ အိမ်ခြံမြေများဆိုင်ရာလုပ်ထုံး၊ လုပ်နည်းများ၊ ပြည်သူများသိသင့်သိထိုက်သော စိုက်ပျိုးမြေနေရာအတွက် မြစ်ချောင်းများ ထိန်းသိမ်းခြင်း၊ ကျွဲ၊ နွား စားကျက်မြေ ချထားပေးခြင်းကိစ္စရပ်များကို လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက တောင်သူများ သိသင့်သိထိုက်သော လယ်ယာမြေ ဥပဒေပါ လျှောက်ထားနိုင်သော နည်းမှန် လမ်းမှန်လျှောက်ထားရမည့် တရားဝင် လယ်ယာမြေပိုင်ဆိုင်ခွင့် အဆင့်ဆင့်ကို လည်းကောင်း ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ပြည်သူများနေ့စဉ်ဘဝလုံခြုံမှု၊ မူးယစ်ဆေးဝါးနှိမ်နင်းခြင်းနှင့် ရရှိနိုင်သောဝန်ဆောင်မှု ၊ ပြည်သူနှင့်အတူ မည်သို့အသိပညာပေးပူးပေါင်းသင့်သည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ကျန်းမာရေးဦးစီးဌာနက နှစ်အလိုက် ကျန်းမာရေးစီမံချက်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများလည်းကောင်း၊ ပညာရေးဦးစီးဌာနက ကျောင်းသူ ကျောင်းသားများအား ထောက်ပံ့ပေးနေသော ပြည်သူ့ဝန်ဆောင်မှုများ၊ နွမ်းပါးကျောင်းသူ ကျောင်းသားများ ထောက်ပံ့ကြေး လျှောက်ထားရမည့် နည်းလမ်းများကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပူတာအိုမြို့နယ်ရှိ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားနှုန်းထား၊ လိုင်စင်အမျိုးအစားများကိုလည်းကောင်း ဆွေးနွေးဟောပြောကြကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအားထောက်ပံ့ငွေပေးအပ်



**ငပလီ မတ် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ငွေ ပေးအပ်ပွဲကို ငပလီမြို့ ဂျိတ္တောရပ်ကွက် ဒေါင်းသောက်ဆည်ကော်မတီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမတစ်ဦး၊ အလကပြဆရာမတစ်ဦးနှင့် ရပ်မိရပ်ဖများက မတ် ၇ ရက်မှစတင်ကာ ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက်နှစ်နှစ်ပြည့်နှင့် ကိုယ်ဝန်ဆောင်မိခင်လောင်း တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၇၄ ဦးတို့ကို ထောက်ပံ့ကြေးငွေကျပ် ၇၂ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါးများကို မီးရှို့ဖျက်ဆီး

**မြစ်ကြီးနား မတ် ၉**

မြစ်ကြီးနား မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဈေးဆိုင်များကို ကွင်းဆင်းစစ်ဆေးသိမ်းဆည်းခဲ့သည့် သက်တမ်းလွန်နှင့် စားသောက်ရန်မသင့်သော အစားအသောက်၊ ဆေးဝါးနှင့် ကုန်ပစ္စည်းများကို ခရိုင်စားသုံးသူအခြေပြုအဖွဲ့အစည်းအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီဝင်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်မှုဖြင့် မတ် ၇ ရက်က မြစ်ကြီးနားမြို့နန်ကျင်ကျေးရွာရှိ စည်ပင်သာယာအမှိုက်ပစ်ကွင်း၌ မီးရှို့ဖျက်ဆီးခဲ့သည်။ **(ယာပုံ)**

ယင်းသို့ သက်တမ်းလွန်နှင့် စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုနှင့် ပတ်သက်ပြီး ဈေးကွက်မှာ သက်တမ်းလွန် ခေါက်ဆွဲခြောက်များ ရောင်းချနေတာနှင့် ပတ်သက်ပြီး လာရောက်တိုင်ကြားသည့်အတွက် ကနဦးဆိုင် သုံးဆိုင်တွင် သွားရောက်စစ်ဆေးရာမှ တွေ့ရှိခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ရေးကော်မတီတို့ ပူးပေါင်းပြီး မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များတွင် ဆက်လက်စစ်ဆေးရာမှ သိမ်းဆည်းရခဲ့သည့် စားသောက်ကုန်ပစ္စည်းများဖြစ်ပြီး တန်ဖိုးအားဖြင့်ငွေကျပ် ၁၉၇၇၃၀၀ ဖြစ်ကြောင်းကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ မြို့ပေါ်မှာရှိတဲ့ လက်လီလက်ကားရောင်းတဲ့ ဆိုင်ကြီးတွေမှာ သက်တမ်းလွန် စားသောက်ကုန်များနဲ့ FDA က တရားဝင်ထုတ်ပြန်ထားတဲ့ သက်တမ်းလွန်၊ ခွင့်မပြု စားသောက်ကုန်တွေကို ရောင်းချခြင်း မပြုဖို့ ကွင်းဆင်းစစ်ဆေးတဲ့အခါ တွေ့ရင် သိမ်း ဆည်းမယ်၊ စားသုံးသူကာကွယ်ရေး ဥပဒေအရ အရေးယူမယ်ဆိုပြီး စာဖြန့်ဝေခဲ့ပါတယ်၊ အဲဒီနောက်အဖွဲ့ နှစ်ဖွဲ့ ပူးပေါင်းပြီး မြို့ပေါ်က ဆိုင်တွေမှာ ကွင်းဆင်းစစ်ဆေးပြီး ပစ္စည်းတွေသိမ်းယူတယ်၊ နောက်နောင်သတိထားဖို့နဲ့ ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မီးရှို့ဖျက်ဆီးခဲ့သည့် သက်တမ်းလွန်ပစ္စည်းများမှာ မုန့်မျိုးစုံနှင့် အခြားစားသောက်ကုန်များ၊ အချိုရည်မျိုးစုံ၊ ခေါက်ဆွဲခြောက်မျိုးစုံ၊ အလှကုန်ပစ္စည်းများနှင့် ဆေးဝါးများ၊ မီးဖိုချောင်သုံးကုန်ပစ္စည်းများပါဝင်ပြီး ယခုလို ကွင်းဆင်းစစ်ဆေးမှုများနှင့်ဖျက်ဆီးမှုများ၊ အသိပေးဆွေးနွေးဆောင်ရွက်မှုများကိုပါ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# MPT က ဒေတာပက်ကေ့ချ်များကို ပိုမိုသက်သာသည့် နှုန်းထားများသို့ ပြောင်းလဲသတ်မှတ်

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံတစ်ဝန်းရှိ MPT မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် ဒေတာပက်ကေ့ချ် နှုန်းထားများကို ပိုမိုသက်သာသည့် နှုန်းထားများအဖြစ် မတ် ၈ ရက်မှ စတင်ပြောင်းလဲသတ်မှတ်လိုက်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မိုဘိုင်းအင်တာနက် သုံးစွဲသူများအတွက် ပိုမိုသက်သာသည့် နှုန်းထားများဖြင့် အသုံးပြုနိုင်စေရန် နှုန်းထားများကို ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ပြီး ဈေးကွက်အတွင်း အသက်သာဆုံးနှုန်းထားရှိသည့် ဒေတာပက်ကေ့ချ်များဖြစ်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ MPT ၏ ဒေတာပက်ကေ့ချ်များဖြစ်သော Social Pack, Night Time Data Pack, Daily Data Pack နှင့် Data Carry တို့ကို စတင်ရယူသည့် နှုန်းထားများကို ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ပြီး ပိုမိုသက်သာသည့်နှုန်းထားများကြောင့် ဆွေသဟာ၊ ရှယ်ပြော၊ ရွှေစကား စသည့် အစီအစဉ်များကို ရယူသုံးစွဲထားသူများအနေဖြင့် ပို၍အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲသတ်မှတ်လိုက်သည့် နှုန်းထားများအရ ဆိုရှယ်မီဒီယာများကို အသုံးပြုနိုင်မည့် Social Pack တွင် တစ်ရက်စာ 150 MB ကို ၁၆၉ ကျပ်၊ ခုနစ်ရက်စာ 800MB ကို ၈၉၉ ကျပ်နှင့် တစ်လစာ 3200MB ကို ၃၄၉၉ ကျပ်ဖြစ်ပြီး ည ၁၁နာရီမှ မနက် ၇ နာရီအထိ အသုံးပြုနိုင်သည့် Night Time Data Pack တွင်လည်း တစ်ရက်စာ 150 MB ကို 169 ကျပ်၊ ခုနစ်ရက်စာ 800MB ကို ၈၉၉ ကျပ်နှင့် တစ်လစာ 3200MB ကို ၃၄၉၉ ကျပ် ဖြစ်သည်။

အင်တာနက်အသုံးပြုမှုအားလုံးအတွက် အသုံးပြုနိုင်သော Daily Data Pack တွင် တစ်ရက်စာ 150MB အတွက် ၂၉၉ ကျပ်ဖြစ်သည်။ အင်တာနက်အသုံးပြုမှုအားလုံးအတွက် အသုံးပြုနိုင်ပြီး ရက် ၃၀ အကျုံးဝင်ကာ ဒေတာသယ်ယူနိုင်သောကာလ ခုနစ်ရက် ပါဝင်သည့် Data Carry Pack တွင် 300MB အတွက် ၅၉၉ ကျပ်၊ 555 MB အတွက် ၈၉၉ ကျပ်၊ 800 MB အတွက် ၁၂၉၉ ကျပ်၊ 1500 MB အတွက် ၂၃၉၉ ကျပ်၊ 2500 MB အတွက် ၃၉၉၉ ကျပ်၊ 5000 MB အတွက် ၇၈၉၉ ကျပ်၊ 10000 MB အတွက် ၁၅၇၉၉ ကျပ်နှင့် 19000 MB အတွက် ၂၉၉၉၉ ကျပ်ဖြစ်သည်။

MPT အနေဖြင့် ယခုကဲ့သို့ ဒေတာပက်ကေ့ချ်များ ဈေးနှုန်းပြောင်းလဲသတ်မှတ်လိုက်သလို ဒေတာအမြန်နှုန်းများ ပို၍ကောင်းလာရန်နှင့် ကွန်ရက်ကို ပို၍တိုးချဲ့နိုင်ရန်လည်း ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ MPT KSGM Joint Operations ၏ Chief Commercial Officer Mr. Reizo Umeda က "MPT အနေနဲ့ အမြန်ဆုံးဆုရရှိထားတဲ့ 4×4 MIMO နည်းပညာ အသုံးပြုထားတဲ့ LTE+ ကွန်ရက်ကိုလည်း ၂၀၁၈ အတွင်း မြို့နယ်ပေါင်း ၂၈၀ ကျော်မှာ ဖြန့်ကြက်ဆောင်ရွက်သွားမှာဖြစ်ပြီး သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ မိုဘိုင်းဝန်ဆောင်မှုတွေ ပေးနိုင်ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ MPT ရဲ့ဒေတာဝန်ဆောင်မှုတွေကို ပိုမိုသက်သာတဲ့နှုန်းထားတွေနဲ့ ရယူနိုင်မှာဖြစ်တဲ့အတွက် သုံးစွဲသူတွေအားလုံး ကျေနပ်နှစ်သက်မှု ရရှိမှာပါ"ဟု ပြောကြားသည်။

**သူရဖြိုး**

## MyJobs ဝက်ဘ်ဆိုက်က အလုပ်အကိုင်ပြပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော MyJobs.com.mm ဝက်ဘ်ဆိုက်က ကြီးမှူး၍ ရန်ကုန်အလုပ်အကိုင်ပြပွဲကြီးကို မတ် ၁၀ ရက်(ယနေ့)တွင် ရန်ကုန်မြို့အထက်ပန်းဆိုးတန်းလမ်းမရှိ Rose Garden Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲတွင် ပြည်တွင်းကုမ္ပဏီများနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံတကာ ကုမ္ပဏီများ စုစုပေါင်း ၄၀ ခန့် ပါဝင်ပြသကာ အလုပ်အကိုင် အမျိုးအစားပေါင်း ၅၀၀ ကျော်ကို ခေါ်ယူသွားမည်ဖြစ်၍ အလုပ်ရှာဖွေနေသော လူငယ်များအနေဖြင့် ပြပွဲသို့လာရောက်ပြီး သင့်တော်သည့်အလုပ်နေရာများကို ရွေးချယ်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ကမ္ဘာလုံးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဆုပေးပွဲတွင် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဆုနှစ်ဆုကို အူရီဒူးရရှိ

**ရန်ကုန် မတ် ၉**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်မှု(World HRD)ဆိုင်ရာ ဆုများပေးအပ်ခြင်း (၂၀၁၈) အခမ်းအနားတွင် အူရီဒူးမြန်မာက လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဆုနှစ်ဆုကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်မှုဆိုင်ရာ ဆုများကို ပေးအပ်ခြင်းမှာ ကောင်းမွန်စနစ်ကျသော လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အလေ့အထများကို ကျင့်သုံးသည့် နိုင်ငံတကာမှ ကုမ္ပဏီများအား အသိအမှတ်ပြုပေးခြင်းဖြစ်ကြောင်း၊ World HRD အခမ်းအနားသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများစွာမှ တက်ရောက်ခဲ့ကြပြီး အဖွဲ့အစည်းအနည်းငယ်သာလျှင် HR Excellence Awards 2018 ထဲမှ ဆုတစ်ဆုစီကို ရရှိဆွတ်ခူးနိုင်ခြင်းဖြစ်ကာ အူရီဒူးမြန်မာအနေဖြင့် အကောင်းဆုံးသော လုပ်ငန်းခွင်အလေ့အထများကျင့်သုံးသည့် ဆုဖြစ်သော Best Workplace Practices ဆုနှင့် ဝန်ထမ်းများကို ရေရှည်လက်တွဲလုပ်ကိုင်လိုစိတ်ရှိစေရန် မဟာဗျူဟာ တီထွင်ဆန်းသစ်နိုင်မှု ဆုဖြစ်သော "Award for Innovation in Retention Strategy" ဆုများကို ရရှိဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုများကို ရရှိခြင်းနှင့်အတူ အူရီဒူးမြန်မာအနေဖြင့် ဝန်ထမ်းများအား စဉ်ဆက်မပြတ် တိုးတက်မှုရှိစေရေး၊ ဝန်ထမ်းများ ပူးပေါင်းပါဝင်မှုရှိရေးနှင့် အကောင်းဆုံးသော လုပ်ငန်းခွင်ပတ်ဝန်းကျင် ဖြစ်ပေါ်စေရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

New Product

## ခြောက်လက်မ မျက်နှာပြင်နဲ့ Oppo F5 Youth စမတ်ဖုန်းသစ်

Oppo F5 Youth စမတ်ဖုန်းဟာ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဇန်နဝါရီလကုန်ပိုင်းက ဝင်ရောက်ထားတာဖြစ်ပါတယ်။ မျက်နှာပြင်အကျယ် ခြောက်လက်မရှိလို့ Screen အရွယ်အစားကြီးပေမယ့် ဘေးပေါင်တွေ မရှိသလောက်နည်းပြီး အထက်အောက်ဘောင်တွေကလည်း ကျဉ်းမြောင်းတာကြောင့် လက်ထဲမှာကိုင်ထားရင် အဆင်ပြေတဲ့ အရွယ်အစားဖြစ်ပါတယ်။ Resolution က 1080x2160 pixels ရှိတာကြောင့် ရုပ်ထွက်အရည်အသွေး အထူးကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းက 7.1(Nougat)ကို အသုံးပြုထားပြီး CPU က Octa-core 2.5 GHz Cortex-A53 နဲ့ RAM 3GB၊ မင်မိုရီ 32GB ပါဝင်ပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256 GB အထိ ထောက်ပံ့ပေးထားပါတယ်။ ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး ဓာတ်ပုံနဲ့ ဗီဒီယိုတွေ အရည်အသွေးကောင်းမွန်ဖို့ ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေ ပေါင်းထည့်ထားပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ ၁၆ မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ GSM ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး အင်တာနက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။ Finger print, USB on the go စနစ်တွေလည်း ပါဝင်ပြီး ဘက်ထရီကလည်း 3200 mAh Li-ion ဘက်ထရီကို သုံးထားလို့ စွမ်းရည်ပြည့်ဝပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်နဲ့ အနက်ရောင် နှစ်မျိုးရရှိနိုင်ပြီး ဈေးနှုန်းက ကျပ် ၃၂၀၀၀၀ ခန့် ရှိပါတယ်။

**ကျော်ဇင်ဦး**

## ဆမ်ဆောင်းစမတ်ဖုန်းမော်ဒယ်သစ် Galaxy S9 နှင့် S9+ ကို မြန်မာနိုင်ငံ၌ စတင်မိတ်ဆက်

**ရန်ကုန် မတ် ၉**

Samsung၏ တန်ဖိုးမြင့်ဖုန်းအမျိုးအစားဖြစ်သည့် Galaxy S စီးရီးစ်ထဲမှ မော်ဒယ်သစ်ဖြစ်သည့် Galaxy S9 နှင့် S9+ မိတ်ဆက်ပွဲကို ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်၌ မတ် ၆ ရက် ညပိုင်းက ကျင်းပသည်။

Galaxy S9 နှင့် S9+ တို့တွင် ကင်မရာများကို အရည်အသွေးမြင့် ရုပ်ပုံများ ရိုက်ယူနိုင်ရန် စွမ်းဆောင်နိုင်ရည်မြှင့်တင်ထားခြင်းနှင့်အတူ အလွန်လျင်မြန်သော Dual Pixel အာရုံခံစနစ် အပါအဝင် ထူးခြားသော လုပ်ဆောင်ချက်သစ်များ ပါဝင်သည်။ အဆင့်မြှင့်တင်ထားသော ကင်မရာပါဝင်သည့် Galaxy S9 နှင့် S9+ တို့တွင် low light ကင်မရာကို စွမ်းအင်ဖြည့်ပေးထားသည့် အလင်းဝင်ပေါက်နှစ်ခုပါဝင်သော မှန်ဘီလူး၊ Super Slow-mo ဗီဒီယိုများ ရိုက်နိုင်သည့် စွမ်းရည်များနှင့် စိတ်ကြိုက်ပြုလုပ်နိုင်သည့် AR Emoji ပါဝင်သောကြောင့် ရုပ်ပုံများ၊ emoji စတစ်ကာများဖြင့် တစ်ဦးနှင့် တစ်ဦးဆက်သွယ်မှု အများဆုံးပြုလုပ်သည့် အသက်အရွယ်အပိုင်းအခြားအတွက် ရည်ရွယ်ကြောင်း၊ AKG ၏ စွမ်းရည်ပြည့် stereo စပီကာများပါဝင်ပြီး Dolby Atmos အသံစနစ်၊ ဆန်းသစ်ထားသော edge-to-edge အဆုံးအစမဲ့မျက်နှာပြင်တို့ ပါဝင်သော Galaxy S9 နှင့် S9+ တို့တွင် Samsung ၏ လက်ရှိ IoT ဝန်ဆောင်မှုများကို အဆင့်မြင့်အတွေ့အကြုံများကို ပေးစွမ်းနိုင်သည့် SmartThings app လည်း ပါဝင်ကြောင်း သိရသည်။



အဆိုပါ Galaxy S9 နှင့် S9+ ဖုန်းများ ကြိုတင်မှာယူခြင်းအတွက် မတ် ၁ ရက်မှ ၁၄ ရက်အထိ မှာယူမှု လက်ခံလျက်ရှိပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် မြို့ကြီး ၃၆ မြို့ရှိ Samsung အရောင်းဆိုင်နှင့် လက်လီဆိုင်ကြီးများတွင် စရန်ငွေ ၅၀၀၀၀ ကျပ်ပေးသွင်း၍ ကြိုတင်မှာယူနိုင်မည်ဖြစ်ကာ Shop.com.mm ဝက်ဘ်ဆိုက်မှတစ်ဆင့်လည်း စရန်ငွေပေးသွင်းရန်မလိုအပ်ဘဲ ကြိုတင်မှာယူနိုင်မည်ဖြစ်သည်။ မှာယူထားသော ဖုန်းများကို မတ် ၁၉ ရက်တွင် ထုတ်ယူနိုင်မည်ဖြစ်ပြီး ကြိုတင်မှာယူသူများအတွက် အထူးအခွင့်အရေးအနေဖြင့် ကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ အထူးလက်ဆောင်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

Galaxy S9 နှင့် S9+ ကို ဈေးကွက်တွင် မတ် ၂၃ ရက်မှစ၍ ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး Galaxy S9 ကို မင်မိုရီ 64GB အမည်းရောင်တစ်မျိုးတည်းသာ ရရှိနိုင်မည်ဖြစ်ကာ ဈေးနှုန်းမှာ ကျပ် ၁၀၉၀၀၀၀ ဖြစ်ကြောင်း၊ Galaxy S9+ ကို အမည်းရောင်၊ အပြာရောင်နှင့် ခရမ်းရောင်ဟု အရောင်သုံးမျိုး ရနိုင်မည်ဖြစ်ပြီး မင်မိုရီ 128 GB နှင့် 256GB နှစ်မျိုးရှိကာ 128 GB မှာ ကျပ် ၁၂၇၉၀၀၀ နှင့် 256 GB မှာ ကျပ် ၁၄၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ နိုင်ငံတစ်ဝန်း၌ စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူပေါင်း ၂၅၀၀၀ ခန့်ကို သင်ကြားပေးသွားမည်

**နေပြည်တော် မတ် ၉**

နိုင်ငံတစ်ဝန်းရှိ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူပေါင်း ၂၅၀၀၀ ခန့်အား နွေရာသီကျောင်းပိတ်ရက်အတွင်း ကွန်ပျူတာ အခြေခံ ကျွမ်းကျင်မှုနှင့် အင်တာနက်ကို ဘေးကင်းစွာအသုံးပြုနိုင်မည့် အချက်များအကြောင်း သင်ကြားပေးသွားမည့် ဒစ်ဂျစ်တယ် နည်းပညာသင်တန်းများကို တယ်လီနော မြန်မာနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ မတ် ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ နွေရာသီ ဒစ်ဂျစ်တယ် နည်းပညာသင်တန်းများ ဖွင့်ပွဲကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြ၊ တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Lars Erik Tellmann နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံတွင်း ဒစ်ဂျစ်တယ်နည်းပညာ တတ်မြောက်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သွားမည့် အဆိုပါ နွေရာသီဒစ်ဂျစ်တယ်နည်းပညာသင်တန်းများသည် ကျေးလက်နှင့်မြို့ပြအကြား ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ကွာဟချက်ကို လျော့ကျသွားစေရန် တယ်လီနောမြန်မာက ဆောင်ရွက်နေသည့် လူထုအကျိုးပြု စီမံကိန်းများအနက် တစ်ခုလည်းဖြစ်သည်။ စီမံကိန်းကို ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး KMD, Ericsson, Irrawaddy Green Towers နှင့် Myanmar ICT for Development Organization(MIDO) တို့က ပူးပေါင်းပါဝင် ထောက်ပံ့ပေးထားသည်။

"တယ်လီနောအနေနဲ့ မြန်မာနိုင်ငံအတွင်း ဒစ်ဂျစ်တယ် နည်းပညာတတ်မြောက်မှု ပိုမိုကောင်းမွန်လာဖို့ ကူညီဆောင်ရွက်နေသလို အခုလည်း နွေရာသီ ဒစ်ဂျစ်တယ် နည်းပညာသင်တန်းကျောင်းတွေကနေတစ်ဆင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေတဲ့ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေမှာ တစ်စိတ်တစ်ပိုင်း အကူအညီပေးသွားနိုင်ဖို့ ရည်ရွယ်ပါတယ်၊ ဒီအစီအစဉ်ဟာ အရွယ်သေးငယ်ပေမယ့် ကျောင်းသား ကျောင်းသူတွေ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာရေး အကူအညီပေးနိုင်မှာဖြစ်ပြီး ရေရှည်မှာ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ကွာဟချက်ကိုလျှော့ချနိုင်ဖို့ ကြိုးပမ်းမှုကိုလည်း တစ်စိတ်တစ်ပိုင်း အကူအညီပေးသွားနိုင်မှာဖြစ်ပါတယ်၊ နိုင်ငံတစ်ဝန်းက KMD ကွန်ပျူတာ လေ့ကျင့်ရေးစင်တာတွေမှာ ဖွင့်လှစ်သွားမယ့် ကျွန်တော်တို့ရဲ့နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာ တတ်မြောက်မှု သင်တန်းတွေဟာ မြန်မာနိုင်ငံအတွင်း ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ပိုမိုအားကောင်းလာစေဖို့အတွက်ဖြစ်ပြီး ဒီအစီအစဉ်ကို အနာဂတ်မှာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ်က ပြောသည်။

"တယ်လီနောမြန်မာသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု တိုးတက်ရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ၎င်း၏ အလင်းအိမ် ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးရေးစင်တာများသည် လက်ရှိတွင် ကျောင်းသားကျောင်းသူပေါင်း တစ်သိန်းနီးပါးအား စမတ်ဖုန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းများ သင်ကြားပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် တယ်လီနော၏ "ဘေးကင်းသော အင်တာနက်" အစီအစဉ်များမှတစ်ဆင့် အင်တာနက်အား အကျိုးရှိစွာနှင့် ဘေးကင်းစွာ အသုံးချပုံများကို ကျောင်းသား ကျောင်းသူပေါင်း ၁၃၀၀၀၀ ကျော်အား သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**



# နွေစပါးခင်းများတွင် ဓာတ်မြေဩဇာများ အကျိုးအာနိသင်ထိရောက်မှုမရှိဖြစ်နေ

**ရေတာရှည် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးများ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ရာ ယခုဆိုလျှင် နှစ်လသက်တမ်းသို့ပင်ရောက်ရှိနေပြီဖြစ်သည်။ စိုက်ပျိုးပြီးစီးသော စပါးစိုက်ခင်းများတွင် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို သွင်းအားစုအနေဖြင့် သုံးစွဲကြရပြီး လက်ရှိအချိန်တွင် ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲကြရသော ဓာတ်မြေဩဇာများမှာ စပါးပင်ဖြစ်ထွန်းအောင်မြင်ရန် ထိရောက်သည့်အာနိသင် မရရှိသည့်အတွက် တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးသည့် စပါးအမျိုးအစားပေါ်မူတည်၍ မြေဩဇာကို ရွေးချယ်အသုံးပြုလေ့ရှိရာ လက်ရှိ တောင်သူများဝယ်ယူသုံးစွဲလျက်ရှိသော မြေဩဇာများမှာ ဈေးနှုန်းကြီးမြင့်စွာပေးရသလောက် အကျိုးအာနိသင်မှာ အားရဖွယ်မရှိကြောင်း ရေတာရှည်မြို့နယ်အတွင်း ဒေသအနှံ့အပြားရှိ နွေစပါး စိုက်ပျိုးသည့် တောင်သူအများစုကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် တူညီစွာပင် ဖြေကြားခဲ့ကြသည်။



“အခု ဈေးကွက်ထဲမှာ မြေဩဇာအတုတွေ ပျံ့နေတယ်ဆိုတဲ့သတင်းတွေ ကြားနေရတယ်၊ အခုတောင်ကျွန်တော်တို့သုံးစွဲနေတဲ့ မြေဩဇာဟာ အတုလားအစစ်လား မပြောတတ်တော့ဘူး၊ ပြောနိုင်တာကတော့ မြေဩဇာတွေ အာနိသင်လုံးဝမကောင်းဘူးဆိုတာပဲ၊ ဟိုးအရင်က မြေဩဇာတစ်ခါကြဲပြီးရင် စိမ်းစိုပြာမှိုင်းပြီး တစ်လနဲ့အထက် သက်တမ်းကြာတယ်၊ အခုမြေဩဇာတွေက ၁၄ ရက်လောက်ပဲခံတယ်၊ အပင်ကြီးထွားမှု အပင်ပွားနှုန်းနှေးတယ်၊ အဲ့တော့ ကျွန်တော်တို့မှာ ငွေတွေတအားကုန်ပြီး အကျိုးမဲ့တဲ့အဖြစ်မျိုး ကြုံနေရပြီ၊ တောင်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်တဲ့အနေနဲ့ တာဝန်ရှိသူတွေက မြေဩဇာရောင်းတဲ့ဆိုင်တွေကို စစ်ဆေးပေးသင့်ပါတယ်”ဟု တောင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

တောင်သူများအနေဖြင့် ဓာတ်မြေဩဇာအိတ်များကို ဝယ်ယူရာတွင် ဈေးမြင့်သည့်အပြင် လက်ငင်းမဝယ်နိုင်ကြပါက အကြွေးစနစ်ဖြင့် ငွေအတိုးပေးကာ ဝယ်ယူကြရပြီး လယ်ဧကအနည်းအများအပေါ် မူတည်၍ ၁၀ သိန်းနှင့်အထက် ကုန်ကျသည့်အတွက် စပါးပေါ်ချိန် ပြန်လည်ပေးဆပ်ရသော သွင်းအားစုကုန်ကျစရိတ်များ အနက် ပမာဏအများဆုံးလည်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူးထွန်းနိုင်ထွေးက ဦးစီး၍ ကျိုက်မရောမြို့မှ ရဲစခန်းမှူး ဒုရဲမှူးအေးသန်းတို့ ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် နံနက် ၉ နာရီမှစတင်၍ ကျိုက်မရောမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု နောင်လုံရပ်ကွက်လမ်းဆုံ၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောစဉ်။

၁၃၈

## မိတ္ထီလာတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မိတ္ထီလာ မတ် ၉**

မိတ္ထီလာတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို မတ် ၈ ရက်မွန်းလွဲ ၂ နာရီက ပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အိချိုဇော် က သက်ငယ်မုဒိမ်းမှုများ ကြိုတင်ကာကွယ်ရေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲမှ ဒေါက်တာအေးအေးကျော်က ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းယုမေသန်းဖေက ဥပဒေဆိုင်ရာ အသိပညာများနှင့် မြို့နယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူးဝင်းညွန့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာများကို အသီးသီး အသိပညာပေး ဟောပြောကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကလေးသူငယ်များဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ညောင်ဦး မတ် ၉**

ညောင်ဦးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန Myanmar Responsible Tourism Institute (MRTI) နှင့် UNICEF Myanmar တို့ ပူးပေါင်း စီစဉ်မှုဖြင့် ကလေးသူငယ်များ ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းနှင့် ရဲလုပ်ထုံးလုပ်နည်းဆိုင်ရာ အသိပညာမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက်နှင့် ၇ ရက်က ပုဂံမြို့ဟောင်းရှိ ပုဂံဟိုတယ်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကား ပြောကြားပြီး UNICEF Myanmar ၏ ဒေသတာဝန်ခံ ဒေါ်သီတာစိမ်းက ခရီးသွားလုပ်ငန်းတွင် ကလေးသူငယ်များအား အသုံးချ ခေါင်းပုံဖြတ်မှုများကို တာဆီးကာကွယ်ရန်နှင့် ကလေးသူငယ်ဆိုင်ရာမှုခင်းများအား ကိုင်တွယ်ရာတွင် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကလေးသူငယ်များအပေါ် စာနာနားလည်သော ရဲလုပ်ထုံးလုပ်နည်းဆိုင်ရာများကို လိုက်နာကိုင်တွယ်ရန်၊ ကျင့်ဝတ်များ ပိုမိုကောင်းမွန်အောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆိုးကျိုးများ လျော့နည်းစေရန် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ဦးမြင့်စိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတာဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၆၀ ခန့်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## သတင်းတိုများ

### စာဖတ်စွမ်းရည်မြှင့်မားရေး ပြိုင်ပွဲ နှင့် ဆုပေးပွဲကျင်းပ

ဘုတ်ပြင်းမြို့နယ်အတွင်း ကလေးငယ်များ အပြောစွမ်းရည်၊ မှတ်ဉာဏ်စွမ်းရည်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိတိုးတက်စေရန်နှင့် စာဖတ်ရှိန်မြှင့်မားရေးအတွက် ကျင့်ဝတ်ရွတ်ဆိုပြိုင်ပွဲနှင့် ဆုပေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မတ် ၇ ရက်က Community Center ခန်းမတွင် ကျင်းပ ပေးခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဖြူဖြူသိန်းက ပြိုင်ပွဲကျင်းပသည့်ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဆက်လက်ကျင်းပရာ မူလတန်းအဆင့်ကျောင်းသားကျောင်းသူ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်သာသနာရေးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ်ကော်မရှင်ရုံးမှ ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးတို့က ဆုများချီးမြှင့်ပြီး ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူအားလုံးကိုလည်း ဆေးရောင်စုံခြယ်စာအုပ်များ အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### ပေါင်မြို့နယ် မုတ္တမကျေးရွာ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကျင်းပ

ပေါင်မြို့နယ် မုတ္တမကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၄ ရက်က ကျင်းပခဲ့ရာ ရာအိမ်စုမှူးနှစ်ဦးက တစ်ဦးကို မုတ္တမကျေးရွာရှိ နယ်မြေ ၁၆ ခုမှ ပြည်သူများက လာရောက်မဲပေးခဲ့သည်။ နယ်မြေ ၁၆ ခုရှိ အိမ်ထောင်စု စုစုပေါင်း ၃၅၈၆ စုမှ မဲထည့်သူပေါင်း ၂၁၈၄ ဦးက လာရောက်မဲပေးကြကာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မဲစာရင်းများ မှန်ကန်စေရေးအတွက် ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးတို့က တာဝန်ယူဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

### မီးဘေးသင့်သူများအား သွားရောက်လှူဒါန်း

မန္တလေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာမှ မီးဘေးသင့်သူများအား ငွေနှင့် အဝတ်အထည်ပစ္စည်းများကို မြင်းခြံမြို့ရှိ အမှတ်(၆) ရပ်ကွက်လူငယ်ပရဟိတအသင်းနှင့် မြင်းခြံ အွန်လိုင်းပရဟိတအသင်းတို့ ဦးဆောင်၍ မြင်းခြံမြို့မှ စေတနာရှင်ပြည်သူများအဖွဲ့က မတ် ၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ မြင်းခြံမြို့မှစေတနာရှင်များလှူဒါန်းသည့် အလှူငွေ ကျပ်သုံးသိန်းနှင့် အဝတ်အထည်မျိုးစုံ ၄၈ အိတ်ကို အမှတ်(၆)ရပ်ကွက် လူငယ်ပရဟိတအဖွဲ့မှ ကိုကျော်နိုင်နှင့် မြင်းခြံအွန်လိုင်းပရဟိတအသင်းမှ ကိုဟိန်းစိုးတို့က မီးဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေး ကြီးကြပ်ကွပ်ကဲရေးရုံး တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး မြင်းခြံမြို့မှ ထပ်မံလှူဒါန်းရရှိသော ငွေနှင့် အဝတ်အထည် ပစ္စည်းများကိုလည်း ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## စက်သုံးဆီဆိုင်များနှင့် ဆေးဆိုင်များကို ကွင်းဆင်းစစ်ဆေး

**ခင်ဦး မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီဆိုင်များ ရောင်းချခြင်းရှိ မရှိနှင့် ဆေးဝါးအရောင်းဆိုင်များတွင် စံမညီဆေးဝါးများ ရောင်းချခြင်းရှိ မရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ မတ် ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ ကျန်းမာရေးမှူး ဦးလွင်မိုးဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်ထွန်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးဌေးတင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးပိုင်တို့ ပါဝင်သည့်အဖွဲ့က စက်သုံးဆီဆိုင်များ၌ သတ်မှတ်လိုင်စင်များရှိ မရှိနှင့် သက်တမ်းများ မှန်ကန်မှုရှိ မရှိ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများရှိ မရှိ၊ စက်သုံးဆီ သိုလှောင်ထားရှိမှုအခြေအနေနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားသည့် အခြေအနေစသည်တို့ကို လိုက်လံစစ်ဆေးခဲ့ပြီး ဆေးဝါးအရောင်းဆိုင်များတွင်လည်း စံမညီဆေးဝါးများ၊ တရားမဝင်ဆေးဝါးများ၊ ဆေးဝါးအတုများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချဖြန့်ဖြူးခြင်း မရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ဒေသခံပြည်သူများအား ထင်းများ ဖြန့်ဝေပေး

**ဆိပ်ဖြူ မတ် ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရွာသာအေးကျေးရွာအုပ်စု ရွာသာအေးကျေးရွာရှိ သပြေသဘာဝတော၌ တောထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတစ်ရပ်ဖြစ်သည့် ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀ လုပ်ငန်းဆောင်ရွက်စဉ် ထွက်ရှိသည့် ထင်း ရှစ်တန်ခွဲခန့်ကို ဒေသခံပြည်သူများအား မတ် ၆ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထင်းများဖြန့်ဝေပေးရာတွင် ပခုက္ကူခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်း-၂ က ဒေသခံပြည်သူများအား ယနေ့ကမ္ဘာကြီးတွင်ဖြစ်ပျက်နေသည့် ရာသီဥတုဖောက်ပြန်မှုများ၊ သစ်တော သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲနေကြခြင်း၏ ဆိုးကျိုးများ၊ သစ်တောသစ်ပင်များကို ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဆိပ်ဖြူမြို့နယ် ဦးစီးအရာရှိ ဦးသန်းမြင့်နှင့် ဆိပ်ဖြူမြို့နယ်၊ သစ်တောဦးစီးဌာန ဝန်ထမ်းများက ရွာသာအေးကျေးရွာနေ ဒေသခံပြည်သူများသို့ ထင်းများဖြန့်ဝေပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မွေးကင်းစကလေးများအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိ

**မကွေး မတ် ၉**
အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေနှင့် ပြည့်တန်ဆာဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားသည်။

မတ် ၈ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခု အစိုးရလက်ထက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာကော်မတီများကိုလည်း ကော်မတီ၏ဦးဆောင်မှုဖြင့် ဆက်လက်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီတွင် လွှတ်တော်ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အမျိုးသမီးအရေးကို ဦးဆောင်နေသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာ့စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့များကွန်ရက် အစရှိသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများဖြင့် ခိုင်ခိုင်မာမာ ဖွဲ့စည်းခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။



ထို့အပြင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) နှင့် ကမ္ဘာ့အမျိုးသမီးညီလာခံ(ဘေဂျင်း-၁၉၉၅)၏ စည်းမျဉ်းစည်းကမ်း လမ်းညွှန်မှုတို့အရ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂)ကို လုပ်ငန်းနယ်ပယ်(၁၂)ရပ်ဖြင့် ရေးဆွဲခဲ့ပြီး လုပ်ငန်းဧရိယာ (၁၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေနှင့် ပြည့်တန်ဆာဆိုင်ရာ ဥပဒေကြမ်းကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ ရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကလေးသူငယ်များအပေါ် ကျူးလွန်သည့် မုဒိမ်းမှု အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်ကြားနိုင်သော Help Line များကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်၍ ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး စတင်ဖွင့်လှစ်ချိန်မှစ၍ ယနေ့အထိ အမှုပေါင်း ၂၇၉ မှုကို လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်မှစ၍ မွေးကင်းစကလေးများအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေး လှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တက္ကသိုလ်၊ မကွေးတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

"မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားပြီး ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးထားသော ဦးတည်ချက်ဆောင်ပုဒ်မှာ အမျိုးသမီးများဘဝမြှင့်တင်ဖို့ ကျေးလက်နှင့်မြို့ပြ တက်ကြွလှုပ်ရှားသူများ ပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့"ဟူ၍ ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**



**တိပိဋက ယောဆရာတော်၏ ၇၅ နှစ်ပြည့် စိန်ရတုအိုပွဲ မင်္ဂလာအထိမ်းအမှတ်အလှူကို မတ် ၇ ရက်က ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရှိ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျောင်းကျောင်းတိုက်၌ ကျင်းပစဉ်။** (အဆိုပါပွဲတွင် ပင့်သံဃာ ၇၅ ပါးတို့အား တစ်ပါးလျှင် ငွေကျပ် တစ်သိန်းနှင့် သင်္ကန်းများ၊ သီလရှင် အပါး ၅၀ အား တစ်ပါးလျှင် ငွေကျပ် ငါးသောင်းနှင့် လက်ဆွဲအိတ်တို့ကို လှူဒါန်းခြင်းအပါအဝင် ဆရာတော်၏ မယ်တော်ကြီး ဒေါ်တုပ်ခိုင်အား ငွေကျပ် ၇၅ သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။) **မြန်မာ့အလင်း**

# အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ပေးမှုနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး အသိပညာပေးဟောပြော

**တံတားဦး မတ် ၉**
အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ပေးခြင်းနှင့် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ မတ် ၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အကျိုးအမြတ်မယူသော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ကျောက်ဆည်ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ကျောက်ဆည်ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က အမှာစကားပြောကြားကာ ခရိုင်ဥပဒေအရာရှိ ဒေါ်သီတာလွင်က ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

**မြို့နယ် (ပြန်/ဆက်)**

# မိုဘိုင်းဖုန်းအသုံးပြုပုံ ဆွေးနွေးပွဲကျင်းပ

**လှည်းကူး မတ် ၉**
မိုဘိုင်းဖုန်းသုံးစွဲမှု၏ အကျိုးကျေးဇူးများနှင့် ဆိုးကျိုးများနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပညာရေးကောလိပ် အစည်းအဝေးခန်းမ၌ မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် မိုဘိုင်းဖုန်းခေါ် ဆယ်လူလာမိုဘိုင်းဖုန်းများကို သုံးစွဲလျက်ရှိရာ မိုဘိုင်းဖုန်းသုံးစွဲသူ အများစုတို့မှာ မိုဘိုင်းဖုန်းများ၏ အသုံးဝင် ကျယ်ပြန့်မှုကိုသာ သိရှိထားကြပြီး အဆိုပါ မိုဘိုင်းဖုန်းများကို ကာလကြာရှည်စွာ မဆင်မခြင် သုံးစွဲကြမည်ဆိုလျှင် မည်ရွေ့မည်မျှ အတိုင်းအတာအထိ ဘေးထွက်ဆိုးကျိုးများနှင့် ကြုံတွေ့နိုင်ကြောင်း သိရှိကြစေရန် ရည်ရွယ်၍ ဆွေးနွေးခဲ့ကြကြောင်း ဆွေးနွေးပွဲတက်ရောက်လာသူ ဆရာတစ်ဦးက ပြောကြားသည်။ အဆိုပါဆွေးနွေးပွဲကို MPT Seminar အဖွဲ့နှင့် နယ်မြေခံ MPT အဖွဲ့ဝင်များ ပူးပေါင်းပြီး ပညာရေးကောလိပ်ရှိ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ ဆရာမ ၁၀၀၀ ကျော် တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# နှစ်နိုင်ငံ တောမီးကာကွယ်ရေးနှင့် မီးခိုးပပျောက်ရေးစီမံကိန်း ဆောင်ရွက်



**မယ်စဲ့ မတ် ၉**
ကယားပြည်နယ် မယ်စဲ့မြို့နယ် ဘီပီ(၁၃)နယ်စပ်ဂိတ် (ဟွေတန္တန်)၌ မြန်မာ-ထိုင်း နှစ်နိုင်ငံကြား တောမီးကာကွယ်ရေးနှင့် မီးခိုးပပျောက်ရေးစီမံကိန်းအတွက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

မီးဘေးကာကွယ်ရေး သရုပ်ပြရာတွင် ထိုင်းနိုင်ငံဘက်မှ TBC(မယ်ဟောင်ဆောင်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝါရာတက်ဘွန်ရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘက်မှ TBC(ဖားဆောင်း)ဥက္ကဋ္ဌ ဗိုလ်မှူး ဇင်ပိုင်ဦး၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နန့်မန်းကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ မယ်ဟောင်ဆောင်ဥက္ကဋ္ဌက မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက် နှစ်စဉ်နှစ်တိုင်း တောမီးလောင်ကျွမ်းခြင်း၊ မီးခိုးမှိုင်းနှင့် မြူခိုးများပိတ်ခြင်းကို ကြိုတင်ကာကွယ်ခြင်းအတွက် ပူးပေါင်းဆောင်ရွက်ရေး ပြောကြားခဲ့ပြီး ဖားဆောင်းဥက္ကဋ္ဌကလည်း နယ်စပ်ဧရိယာတွင် တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှု နည်းလမ်းများကို မီးသတ်ဦးစီးဌာနက ဦးဆောင်၍ သစ်တောဦးစီးဌာနအပါအဝင် ဌာနရုံးဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးလောင်မှုကို ငြိမ်းသတ်နည်း၊ လေမှုတ်စက်ဖြင့် မီးတားလမ်းပြုလုပ်နည်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြပြီး မယ်ဟောင်ဆောင် ဥက္ကဋ္ဌက BG အသားတိုးဝက်ပေါက်ငါးကောင်နှင့် ပိန်နွဲပင် ၂၀တို့ကို မြန်မာတာဝန်ရှိသူများထံ လက်ဆောင်ပေးအပ်ကာ နှစ်နိုင်ငံ တာဝန်ရှိသူများက နယ်စပ်တွင် အမှတ်တရသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ယာတောကျေးရွာအုပ်စု တောင်ယာတောရွာနှင့် ကြို့အင်းရွာများမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ် CNG 45 Group မှ ဒေါက်တာနေဝင်းနှင့် အဖွဲ့များ၊ တာပွန်မြို့ ပရဟိတ သာရေးနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးမင်းနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ မတ် ၇ ရက်က ဆောင်ရွက်ပေးနေစဉ်။ (အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် ဒေသခံပြည်သူ ၁၃၁ ဦးအား ကုသပေးနိုင်ခဲ့ကြောင်းသိရသည်)**
တင်မြင့်(နတ်တလင်း)

# ဂန့်ဂေါတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် စစ်တုရင်သင်တန်း ဖွင့်လှစ်

**ဂန့်ဂေါ မတ် ၉**
ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် စစ်တုရင်သင်တန်းကို ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မတ် ၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းချိန်မှာ စနေ၊ တနင်္ဂနွေမှအပ ကျန်ရက်များတွင် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးမည်ဖြစ်ကာ မတ် ၂၆ ရက်တွင် (၇၃)နှစ်မြောက် တပ်မတော်နေ့အကြို စစ်တုရင်ပြိုင်ပွဲကို ကျင်းပပေးမည်ဖြစ်ပြီး မတ် ၂၇ ရက်တွင် ကျင်းပမည့် သင်တန်းဆင်းပွဲ၌ ထူးချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **၁၀၁**

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာနှင်းဆီအဆင့်မြင့်ကွန်ဒိုနေ
ဦးမျိုးထူး (Marine Electrical Engineer) (F.G) နှင့် ဒေါ်အေးအေးမြင့်တို့၏သား

## ဒေါက်တာ ချမ်းမြေ့ထူး

**M.B.,B.S (Ygn)**
**M.Med.Sc (Internal Medicine) (First Year)**
**M.R.C.P (UK) (Part-2)**

**လက်ထောက်ဆရာဝန်**
**ဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ကွက်သစ်လမ်းနေ
ဦးမြင့်ဦး ဒုတိယရဲမှူး(ငြိမ်း)နှင့် ဒေါ်ထားထားဦး ရဲအုပ်(ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

## ဒေါက်တာဆင့်ရွှေရည်

**M.B.,B.S (Ygn)**
**M.Med.Sc (Dermatology) (Third Year)**

**လက်ထောက်ဆရာဝန်**
**အရေပြားရောဂါပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

တို့၏ ၂၆-၁၂-၂၀၁၇ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းလှိုင်၊ ၂၅-၂-၂၀၁၈ ရက် INYA LAKE HOTEL၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဘဘ ဦးအေးမြင့်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့် အန်တီဒေါ်ခင်ဝင်းမြင့်၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးအောင်မြင့် (ခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်မွန်(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးစိုးနိုင် (ညွှန်ကြားရေးမှူး၊ ရေကြောင်းလုပ်ငန်းဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)နှင့်ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်မေလှသွင်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း)၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးဇော်လင်းအောင်(ပါမောက္ခ၊ ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်)နှင့် ဇနီး ဒေါက်တာဒေါ်စိုးစိုးလင်း၊ ပါမောက္ခဒေါက်တာ ဒေါ်ခိုင်ခိုင်ဇော်(ပါမောက္ခ၊ ဌာနမှူး၊ အရေပြားရောဂါပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်)၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာဆန်းလှကြွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်ကိုင်ဆောင်ပေးသော ဒေါက်တာဝင့်ဝါဦး၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးသော ဒေါက်တာစိုးရူပါ၊ မင်္ဂလာသတို့သားအရံ ဒေါက်တာဇော်ဝင်းသန်းနှင့် ဒေါက်တာရဲဝင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာမေသန္တာစိုးနှင့် ဒေါက်တာနွယ်နီအောင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးခိုင်မြဲသာ၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော အဆိုတော် ဒေါ်စိမ်းမို့မို့နှင့် Nightingale တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်တော်ဝင်သူမေဦးမောင်၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ၊ ပန်းအလှဆန်မြန်းခြင်း၊ Pre-wedding နှင့် မင်္ဂလာဧည့်ခံပွဲတွင် ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်ပေးပါသော Wedding Palace One Stop Wedding Service အဖွဲ့အားလည်းကောင်း၊ ၂၅-၂-၂၀၁၈ ရက်ည မင်္ဂလာညစာစားပွဲ စီစဉ်ကျင်းပပြုလုပ်ပေးသည့် Pearl Rose Restaurant and Bar မှ ဘွားဘွား ဒေါ်ခင်လှရီ၊ ဦးထွန်းနိုင်နှင့် အန်တီရိုစီတို့အားလည်းကောင်း၊ INYA LAKE HOTEL မှ တာဝန်ရှိသူများ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲများကို အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသူများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာ ချမ်းမြေ့ထူး- ဒေါက်တာ ဆင့်ရွှေရည်**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှမနှင်းသီတာခိုင်၏ ဖခင် ဦးခိုင် (ဦးမောင်ခိုင်) ၈/စလန(နိုင်)၁၃၆၇၀၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခိုင်(ဦးမောင်ခိုင်)**

## မွေးသက္ကရာဇ်အမှန် ကြော်ငြာခြင်း

တာချီလိတ်မြို့၊ ကျောင်းလမ်း၊ ပုန်းထွန်ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အိမ်အမှတ် ၁၂/၁၃ နေ ဦးစိုးနိုင်၏သမီး မသဇင်နိုင် ၁၃/တခလ(နိုင်) ၁၀၁၅၀၇ သည် လက်ရှိပုံစံ(၁၀)ပါ မွေးသက္ကရာဇ် ၂၄-၁၂-၁၉၉၉ မှာ မှန်ကန်ပါကြောင်း။

## သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၇ ရက်မှ ၂၅ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန် တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမူနှင့်အညီ အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသီဟ (ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့် ဟောကြားပြသမည် ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ မတ်လ ၁၇ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန်ပြုပြင်ရန် အလှူရှင်များ ဖုန်း ၀၉-၄၂၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁ သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

**ရန်ကုန်တမြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့**

## မန္တလေးအသင်း (ရန်ကုန်) နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၄၁)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး၊ (၄၁)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သောဘွဲ့ထူး၊ ဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲ၊ မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေလှူဒါန်းပွဲကို ၂၀၁၈ခုနှစ် မတ် ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီတွင် အမှတ် ၆၂၈/၆၃၂ ပထမထပ်၊ (Royal Riverview Condo) ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ မန္တလေးအသင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်** ။ ။ ပါရဂူဘွဲ့ရသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ၊ အထောက်အထားများဖြင့် ဆက်သွယ်စာရင်းပေးပို့ကြပါရန်ဖြစ်ပြီး စေတနာရှင်အလှူရှင်များ၊ အမှတ် ၆၂၈/၆၃၂ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ မန္တလေးအသင်းတိုက် ဖုန်း- ၃၈၈၆၀၃၊ ၃၇၅၅၉၄နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွန့် ဖုန်း-၀၉-၄၄၀၉၉၉၄၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**မန္တလေးအသင်း(ရန်ကုန်)**

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ် မစိုးရိမ်တိုက်သစ် စာအောင်သံဃာတော်အရှင်သူမြတ်တို့အား (ဘဏ်တိုး)ဖြင့် (နှစ်စဉ်) စာအောင်ဆုလှူဒါန်းနိုင်ရန် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ် (၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆုထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅(-၄-၃)
(၂) ဦးမြဇော် (ဂေါပက) ဖုန်း-၀၉-၂၀၀၇၃၆၄

**အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်)သတင်းစာများမှ ဖော်ပြပေးသွားပါမည်။**

| ဖေဖော်ဝါရီလ အလှူရှင်စာရင်း | | | |
|---|---|---|---|
| ၁ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့် ရွှေဥသြရွှေဆိုင် မိသားစု | မန္တလေးမြို့ | 1000000 |
| ၂ | ဦးတိုးမောင်-ဒေါ်စန်းရင် သားသမီးမြေးတစ်စု | အိမ်တော်ရာ၊ ဆင်တဲတား (၂၄၅)ရပ်ကွက်၊ သီရိဟေမာအရှေ့၊ မန္တလေးမြို့ | 100000 |
| ၃ | ဦးရှိန်-ဒေါ်ကြည် မိသားစု | အမှတ်(၁၀)၊ ရတနာသိင်္ခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄ | (ဦးတင်ထွန်း)-ဒေါ်လှလှဌေး မိသားစု | အမှတ်(၂)၊ ဇလွန်လမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၅ | ဖခင်ကြီး ဦးကိုကိုကြီး-မိခင်ကြီး ဒေါ်လှမြင့်တို့အား ရည်စူး၍ ဦးစိန်ဝင်း-ဒေါ်ခင်ထားမိသားစု | အမှတ် (၁၆/၃၈)၊ တော်ဝင်လမ်း၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၆ | ဦးသိန်းဇော်-ဒေါ်မြမြမိသားစု | တမ္ပဝတီ၊ ပြည်တော်သာရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 500000 |
| ၇ | ဦးပုညဝရ | အမှတ် (၉)၊ သဘော်ကျင်းကျောင်း၊ တောင်ငူမြို့ | 100000 |
| ၈ | ဒေါ်သူဇာမြင့်၊ ဒေါ်အိအိမွန်၊ ဒေါ်ဝင်းဝင်း | ကြော်ငြာဌာန၊ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမြို့ | 50000 |
| ၉ | ဦးသက်ရင်အား ရည်စူး၍ သီရိသုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်း ရွှေပြည်သာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေး သ/မ လီမိတက် မိသားစု | (၉)လမ်း၊ ၇၆×၇၇ကြား၊ လှည်းတန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | 1000000 |
| ၁၀ | ဦးရဲသူ-ဒေါ်ယဉ်ယဉ်အောင် ဘ၀တက်လမ်းကျောက်မျက်ကုမ္ပဏီမိသားစု | ရတနာပုံလမ်း၊ မြို့သစ်၊ မန္တလေးမြို့ | 300000 |
| ၁၁ | နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးကျော်ကျော်-ဒေါ်ကြည်ကြည်ဝင်းမိသားစု | အလင်းရောင်မျက်မှန်ဆိုင်၊ စည်ပင်သာယာရပ်၊ မိုးကုတ်မြို့ | 120000 |
| ၁၂ | ဘဒ္ဒန္တနရိန္ဒ(နာယကစာချ) | နိကာယ်စာသင်တိုက်၊ (၂၆)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့ | 100000 |
| ၁၃ | မိခင်ကြီး ဒေါ်ကျန်ရှမေ အသက် (၁၀၃) နှစ်အား ရည်စူး၍ သမီး ဒေါ်ကြူလီ၊ ဒေါက်တာနွယ်နွယ်ထွန်း မိသားစု | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 1000000 |
| ၁၄ | ဦးဝင်းမောင်(ဒုညွှန်မှူး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ဝါဝါခိုင်(အထက်တန်းပြ၊ အထက-၅)မိသားစု | နေပြည်တော် | 100000 |
| ၁၅ | ဖခင်ကြီးဦးအေးအား ရည်စူး၍ နှစ်ဖက်မိဘများကို အမှူးထားလျက် ဦးမောင်မောင်အေး-ဒေါ်စန်းနွယ်၊ သား မောင်ကျော်စိုးဟိန်း၊ မောင်လပြည့်ဦး၊ သမီးလေး မအေးချမ်းမိုး မိသားစု | အမှတ် (၇၉)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၁၆ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | | 3000000 |
| ၁၇ | ဦးသောင်းညွန့်-ဒေါ်နော်ဆဲဖော မိသားစု | အမှတ်(၁၅၈)၊ အနော်ရထာလမ်းနှင့် ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၁၈ | မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ခင်စန်းရီ | မြို့သစ်၊ စက်မှု၊ မန္တလေးမြို့ | 300000 |
| ၁၉ | Mr.Sameinda ဦးဆောင်သော သီရိလင်္ကာဘုရားဖူးအဖွဲ့ | ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ | USD 4000 |
| ၂၀ | ဆရာမကြီး ဒေါ်ငွေဖြူ၊ ဒေါ်စီစီလှာနု | (၂၃)ရပ်ကွက်၊ နယ်မြေ (၃)၊ အစ္စကု၊ တောင်ငူမြို့ | 100000 |
| ၂၁ | ဦးရွှေရင်-ဒေါ်မတွဲ သား ဦးထွန်းသိန်း ဒေါ်ခင်ရီ ညီမ မစန်းစန်း | ကြံပင်ရွာ၊ ရမည်းသင်းမြို့နယ် | 100000 |
| ၂၂ | မရွှေရည်ဝင်း(ခ)မရွှေရည် (FDA-ဒုကြီးကြပ်ရေးမှူး) (၂၆)နှစ်အား ရည်စူး၍ ဦးအုန်းမောင် မိသားစု | တောင်ငူမြို့ | 200000 |
| ၂၃ | ဦးသောင်းထွန်းအားရည်စူး၍ ဒေါ်အေးမြင့် သမီး မသန်းသန်းအေး မိသားစု | ဟင်္သာတမြို့ | 150000 |
| ၂၄ | Buddhist Essential Support Trust (B.E.S.T) | လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ | 2500000 |
| ၂၅ | ဦးသုမန | သာသနရံသီကျောင်း၊ မြင်းဝန်တိုက်၊ မန္တလေးမြို့ | 100000 |
| ၂၆ | ဦးမောင်မောင်သိုး-ဒေါ်ကေသီနိုင် သမီး မပွင့်ကေသီမောင်မောင် မိသားစု | အမှတ် (၂၉)၊ ရွှေဝါထွန်းလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ | 100000 |
| ၂၇ | ဒေါ်ကြင်နု မိသားစု | တိုက် (၅)၊ အခန်း (၆၀၉)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၈ | ဦးသေဋ္ဌိလ၊ (၇၉)နှစ်ပြည့်မွေးနေ့အလှူ | အောင်ဇေယျာကျောင်း၊ သင်္ဂဇာတိုက်၊ မန္တလေးမြို့ | 100000 |
| ၂၉ | ဦးစိုင်းမျိုးတင့်-ဒေါ်နန်းဌေးဌေးညီမိသားစု | အမှတ်(၁)၊ မာလာမြိုင်လမ်း၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၀ | အသက်(၇၀)ပြည့်မွေးနေ့အလှူ ဦးထွန်းမြင့်နိုင်-ဒေါ်လှလှ သားသမီးမြေးတစ်စု (Target Travel Services.MDY) | အမှတ် (၄)ရပ်ကွက်၊ ကလောမြို့ | 100000 |
| ၃၁ | ဦးကျော်သက်-ဒေါ်သန်းသန်းအေး မိသားစု | ငမိုးရိပ်၊ (၂)လမ်း၊ အမှတ် (၂၅၇)၊ ရန်ကုန်မြို့ | 100000 |
| ၃၂ | အဖ ဦးခင်မောင်-အမိ ဒေါ်သန်းအေးတို့အား ရည်စူး၍ သား ဦးတင်ထွန်းအောင် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)မိသားစု | အမှတ် (၂)ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့ | 300000 |
| ၃၃ | ဒေါ်အမာချစ်အား ရည်စူး၍ ဒေါက်တာထွန်းလင်း မိသားစု | စိန်ပန်းရပ်၊ မန္တလေးမြို့ | 100000 |
| | | | **12320000** |
| စုစုပေါင်း ၁၂၃ သိန်း ၂သောင်းကျပ်နှင့် ဒေါ်လာ ၄၀၀၀ | | | |

## မြေကွက်ဝယ်လိုသည်

ဒဂုံတောင်ပိုင်းနှင့် ဒဂုံဆိပ်ကမ်း

ဖုန်း-၀၉-၇၉၆၅၅၉၁၁၊ ၀၉-၄၄၃၂၇၆၆၇၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/7082 Manstar Medium Truck(MST-171) P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလင်း ၈/ဂဂန(နိုင်)၀၅၄၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၉၆၀၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်တည်နေရာအမှတ် ၁၉၆၀၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့ရှိ ဦးဇေယျာဦး အမည်ပေါက်ပါမစ်မြေအား ဦးဖြိုးဆက်(ဘ)ဦးအေးလှိုင် ၁၂/မဘန(နိုင်)၁၁၂၅၆၇ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/5788 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅C/၆၉၉၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်တော် မောင်ဇင်ဦးလွင် ၁၀/မလမ(နိုင်) ၂၃၃၁၈၇ နှင့် မပွင့်ဖြူအောင် ၁၀/မလမ(နိုင်) ၂၀၃၄၅၈ တို့သည် ၄-၃-၂၀၁၈ ရက်တွင် နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ဇင်ဦးလွင်**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ပြည်ထောင်စုနယ်မြေအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၅၀)ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန<br>တိုင်းဒေသကြီး/ပြည်နယ်/<br>ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ယွမ်ယွမ်ကုမ္ပဏီလီမိတက် | အမှတ် ၁/၁၆၊ ရန်-မန်းလမ်းဟောင်း၊ ကံဦးရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကားတင်သွင်း+ဂက်(စ်)ရောင်းဝယ်ရေး | |
| ၂ | ထူးပြည့်သာကုမ္ပဏီလီမိတက် | အမှတ် ၂၄၄၅၊ ဝေဒလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃ | ထိုက်ထိုက်ဝင်းကုမ္ပဏီလီမိတက် | အမှတ် ၁၄/၇၂၊ ၁၂လမ်း၊ ပေါင်းလောင်း(၂)၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေး | |
| ၄ | ဒေါ်အေးဆိုင် | အမှတ် ၃၃၆၊ ၃၃၇၊ ၃၃၈၊ ပိတောက်လမ်း၊ သပြေကုန်း၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေ+RC နှစ်ထပ်အဆောက်အအုံရောင်းချခြင်း | |
| ၅ | ဦးတင်ထွန်း(ခ)ဦးကရင်ဟူစိန် | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အကွက်အမှတ် ၅၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေကွက်ရောင်းချခြင်း | |
| ၆ | Sky Palace Hotel Group Co.,Ltd | အမှတ်H-16၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Sky Palace Hotel | |
| ၇ | ရွှေထိုက်တန်ကုမ္ပဏီ | အမှတ် ၁/၁၆၊ နေပြည်တော်ကောင်စီလမ်း၊အောင်ဇမ္ဗူရပ်ကွက်၊ဇမ္ဗူသီရိမြို့နယ်၊ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၈ | မွန်သွေးနီ | အမှတ် ၁၀၅၄၃၊ စန္ဒာ(၁)လမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၉ | ဦးစိုးညီညီ | အမှတ် ၃၂/၃၆၊ ပန်းခင်းရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | The Feel စားသောက်ဆိုင် | |
| ၁၀ | LINN IT Solution Co.,Ltd | အမှတ် ၁၁/၇၊ ဗိုလ်ချုပ်လမ်း၊ ရန်အောင်(၁)ရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကွန်ပျူတာဆက်စပ်ပစ္စည်းနှင့် မိုဘိုင်းဖုန်းရောင်းဝယ်ရေး | |
| ၁၁ | ဦးဇော်မျိုးဦး Future Power Group Co.,Ltd | အမှတ် (ယ-၇/၇၀)၊ နယ်မြေ(၇)၊ (၅)လမ်း၊ အောင်မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Audio & Video System တပ်ဆင်ခြင်းဝန်ဆောင်မှု | |
| ၁၂ | ဝိုင်းပြည့်လျှံကုမ္ပဏီ | အမှတ် ၃၆၁၊ အိုင်စောက်ကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၃ | ဦးမျိုးဝေလင်း | ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး၊ အမှတ် (၆)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | စားသောက်ဆိုင်(၁)+(၂)၊ သစ်ဆိုင်ကွန်ကရစ်လုပ်ငန်း | |
| ၁၄ | ဦးအောင်ထက်ကျော် | ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေ+အုတ်အဆောက်အအုံရောင်းချခြင်း | |
| ၁၅ | လွမ်းထက်အောင်ကုမ္ပဏီလီမိတက် | အမှတ် ၉၈၊ ဇော်ဂျီလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၆ | ရွှေဝင့်မြေကုမ္ပဏီလီမိတက် | အမှတ် ၃၀၈၊ ရွှေအင်ကြင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၇ | ဦးဝင်းအောင် | နဝရတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | သစ်အချောထည်လုပ်ငန်း | |
| ၁၈ | တော်ဝင်လင်းဆောက်လုပ်ရေးနှင့် အိမ်အလှဆင်ကုမ္ပဏီ | အမှတ် ၁/၂၄၊ ကံဦးရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေး | |
| ၁၉ | ဒေါ်စန္ဒာဝင်း | အမှတ် H-4၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှေဧည့်သည်ဟိုတယ် | |
| ၂၀ | ဦးသန်းကျော်ထူး | အမှတ် ၂၂၆၈-အေ၊ ယင်းမာလမ်း၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေကွက်+အိမ်ရောင်းချခြင်း | |
| ၂၁ | ဦးအိုက်ပန် | အမှတ် ၉(က+ခ)၊ သပြေကုန်းဈေး၊ ကုန်းပေါ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မောခမ်းနွံ စားသောက်ဆိုင် | |
| ၂၂ | ဦးအောင်ထွန်း(ဆက်ခံ)ဒေါ်စိန်စိန်ငွေး | ဇ-၁၅/၁၆၊ ဇီဝကဆေးဆိုင်ခန်း၊ သပြေကုန်းရပ်ကွက်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကောင်းသစ်ဆေးရုံ | |
| ၂၃ | Aung Fiber Glass Trading Co.,Ltd | အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဖိုက်ဘာပစ္စည်းရောင်းဝယ်ရေး | |
| ၂၄ | ဦးသက်နိုင်ထွန်း နိုင်စွမ်းအားကုမ္ပဏီလီမိတက် | အမှတ် ၉/၄၂၊ ပန်းခင်းလမ်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေး | |
| ၂၅ | ဦးအောင်ချို | အမှတ် h-2၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဖူမန်လုံစားသောက်ဆိုင် | |
| ၂၆ | ဦးအောင်ငွေ | ၁၆၁၆၊ ရတနာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေကွက်ရောင်းချခြင်း | |
| ၂၇ | ဦးစွမ်းထက်စိုး | အမှတ် ၁/၇၀၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | နန်းစိန်မုန့်တိုက် | |
| ၂၈ | ဦးနေဇော်အောင် မှူးသစ်ပိုင်ကုမ္ပဏီလီမိတက် | မြို့မဈေးအနောက်ဘက်၊ ၈လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေး | |
| ၂၉ | ဒေါ်တင်မာလွင် ရွှေကံဦးကုမ္ပဏီလီမိတက် | အမှတ်၈/၁-ဘီဗိုလ်တောက်ထိန်လမ်း၊ဘုရားလမ်းနှင့်ဦးရာဇတ်လမ်းကြား၊ရန်အောင်(၂)၊ပျဉ်းမနားမြို့နယ်၊ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၀ | ဦးစိန်ဝင်း | ပ-၂၁၅၃၈၊ သုခဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေကွက်ရောင်းချခြင်း | |
| ၃၁ | ဒေါ်စန္ဒာခင်မောင် | ဇ-၁/၂/၃/၄၊ ဇီဝကဆေးဆိုင်ခန်း၊ သပြေကုန်း၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ | ပြည်ထောင်စုနယ်မြေ | ဘောဂသိဒ္ဓိစားသောက်ဆိုင် | |
| ၃၂ | ဦးကြည်စိုး | အမှတ် ၂/၂၂၊ (၇)လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ခေတ်သစ်အိမ်ဆောက်ပစ္စည်း | |
| ၃၃ | ဦးအောင်မင်း နတ်သစ်ရှက်ကုမ္ပဏီလီမိတက် | အမှတ် ၁၅/၁၂၇၊ (၁၇)လမ်း၊ ပေါင်းလောင်း ၂၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၄ | OHANA Co.,Ltd | အမှတ် ၁၊ တော်ဝင်ရတနာလမ်းမကြီး၊ စည်ပင်ဧည့်ရိပ်သာနောက်ဘက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | အဝတ်လျှော် | |
| ၃၅ | ဦးဇေယျာဦး(ဆက်ခံ)ဒေါ်ခင်အေး | အမှတ် ၄၉၅၊ ပိတောက်လမ်း၊ သပြေကုန်း၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | SPIRIT လက်ဆောင်ပစ္စည်းဆိုင် | |
| ၃၆ | ဦးသိန်းသန်းဦး ပါ(၂) | အမှတ် h-2၊ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မန်းမြန်မာဟိုတယ် | |
| ၃၇ | ဦးအောင်ဇော်ဝင်း+ဦးစိုးရိုန် | အမှတ် ၁၀၀၀၊ ရာဇဌာနီလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြင့်မိုရ်နန်းတည်းခိုခန်း | |
| ၃၈ | ဒေါ်ကျောက်ကျို့ကြီး | ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး၊ အကွက်အမှတ် ၆၈၄/၈၃၉၊ အမှတ်(၇)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြေနှင့်အဆောက်အအုံရောင်းချခြင်း | |
| ၃၉ | ဒေါ်ကြည်ကြည်အောင် | အမှတ် ၁၅/၄၉၊ ရာဇဌာနီလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကျောက်မဲယူနန်စားသောက်ဆိုင် | |
| ၄၀ | ဦးဘိုဘိုဟန် | အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဝက်လိုင်စင်လုပ်ငန်း | |
| ၄၁ | ဦးတင်မောင်လတ် | အမှတ် ၃/၄၊ ပန်းခင်းရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Plam Spring KTV + စားသောက်ဆိုင်+တည်းခိုခန်း | |
| ၄၂ | ထက်ရှိုင်းဆောက်လုပ်ရေး | အမှတ် ၅၂/၅၃ဘီ၊ ၂၇လမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၃ | ဦးထွေးလွင် | ရန်ကုန်-မန္တလေးလမ်းဘေး၊ အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Eagle အရက်ချက်လုပ်ငန်း | |
| ၄၄ | ဒေါ်ဝင်းမင်းသိန်း | ၅၅၅၁၊ စစ်ကိုင်းလမ်း၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | နေအိမ်ငှားရမ်းခြင်း | |
| ၄၅ | ဦးစိန်လွင် Megamax Construction Co.,Ltd | အမှတ် ၅၄၄၊ ၂၀လမ်း၊ ပေါင်းလောင်း(၂)၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၆ | ဒေါ်သီသီနွဲ့ | အမှတ် ၁၅/၂၄၅၊ ၁၅လမ်း၊ ပေါင်းလောင်း ၂၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | KTM သောက်ရေသန့် | |
| ၄၇ | ဦးဝင်းငွေး | အမှတ် ၁၅၉၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Key Stone ကဖီး | |
| ၄၈ | ဦးကောင်းထက်အောင် | အမှတ်၁၃၅၊ ၂လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ပညာ့ပန်းတိုင်ကျူရှင်သင်တန်း | |
| ၄၉ | ဦးဘရန်အောင် | အမှတ်၃၀၁၃/၃၀၁၄၊ ရာဇဌာနီလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မန္တလေးယူနန်စားသောက်ဆိုင် | |
| ၅၀ | ဦးကျော်ငွေး ပါ(၂) | စ-၄၂၊ ဘောဂသီရိကားဝင်း၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | 145 KTV+ရှင်းရှင်းကြေးအိုး | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ် **“ပြည်ထောင်စုနယ်မြေအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင် (၅၀) ဦး၏စာရင်း”**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ယွမ်ယွမ် ကုမ္ပဏီလီမိတက် | အမှတ် ၁/၁၆၊ ရန်-မန်းလမ်း၊ ကံဦးရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကားတင်သွင်း+ဂတ်(စ်)ရောင်းဝယ်ရေး | |
| ၂ | မြန်မာ့လုပ်ငန်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုအုပ်စုကုမ္ပဏီလီမိတက် | အမှတ် ၁၅၀၁၊ ဖြထပ်ရုံး၊ ၅လွှာ၊ ဇမ္ဗူသီရိဆေးရုံကြီးအနီး၊ ACE ရိပ်သာ၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃ | Sky Palace Hotel Group Co.,Ltd | အမှတ် H-16၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Sky Palace Hotel | |
| ၄ | ထူးပြည့်သာကုမ္ပဏီလီမိတက် | အမှတ် ၂၄၄၅၊ ဝေဒလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၅ | ဦးထွေးလွင် | ရန်ကုန်-မန္တလေးလမ်းဘေး၊ အမှတ်-၂ရပ်ကွက်၊လယ်ဝေးမြို့၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Eagle အရက်ချက်လုပ်ငန်း | |
| ၆ | ပန်းသခင်မြေယာရှုခင်း | အမှတ် ၂၁၆၇/၂၁၆၉၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ပန်းသခင်မြေယာရှုခင်း | |
| ၇ | ဦးစိုးညီညီ | အမှတ် ၃၂/၃၆၊ ပန်းခင်းရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | The Feel စားသောက်ဆိုင် | |
| ၈ | ဦးဝင်းဌေး | အမှတ် ၁၅၉၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Key Stone ကဖီး | |
| ၉ | SBS ကုမ္ပဏီ | အမှတ် 2006၊ ခတ္တာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၀ | မွန်သွေးနီကုမ္ပဏီ | အမှတ် ၃၀၅၄၃၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၁၁ | ဦးစွမ်းထက်စိုး | အမှတ် ၁/၇၀၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | နန်းစိန်မုန့်တိုက် | |
| ၁၂ | New Aye Yar Co.,Ltd | အမှတ် ၁၆-A/ v-4၊ ဟိုတယ်ဇုန်-၃၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | New Ayeyar Hotel | |
| ၁၃ | LINN IT Solution Co.,Ltd | အမှတ် ၁၁/၇၊ ဗိုလ်ချုပ်လမ်း၊ ရန်အောင်-၁၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကွန်ပျူတာဆက်စပ်ပစ္စည်းနှင့် မိုဘိုင်းဖုန်းရောင်းဝယ်ရေး | |
| ၁၄ | ဦးမျိုးဝေလင်း | ရန်ကုန်-မန္တလေးလမ်းဘေး၊ အမှတ်-၆ ရပ်ကွက်၊ လယ်ဝေးမြို့၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | စားသောက်ဆိုင်(၁)+(၂)သစ်ဆိုင်၊ ကွန်ကရစ်လုပ်ငန်း | |
| ၁၅ | ဦးအောင်ချို | အမှတ် H-2၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်-၁၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဖူမန်လုံစားသောက်ဆိုင် | |
| ၁၆ | Future Power Group Co.,Ltd | အမှတ် ယ-၇/၇၊ နယ်မြေ-၇၊ ၅လမ်း၊ အောင်မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Audio & Video System တပ်ဆင်ခြင်းဝန်ဆောင်မှု | |
| ၁၇ | ဦးထွန်းထွန်းသိန်း | ပျဉ်းမနား-တောင်ညိုလမ်း၊ စည်ပင်ဧည့်ရိပ်သာအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဇမ္ဗူထွန်းမြေယာရှုခင်း | |
| ၁၈ | ဒေါ်ရွှေစင်စိုး | မြို့ရှောင်လမ်းဘေး၊ ပုံချီကျေးရွာ၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှေလီစက်သုံးဆီဆိုင် | |
| ၁၉ | ဒေါ်တင်တင်မိုး | မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှေရည်ဝင်းရွှေဆိုင် | |
| ၂၀ | ဝိုင်းပြည့်လျှံကုမ္ပဏီ | အမှတ် ၃၆၁၊ အိုင်စောက်ကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၂၁ | ဒေါ်စန္ဒာဝင်း | အမှတ် H-4၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန် ၁၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှေဧည့်သည်ဟိုတယ် | |
| ၂၂ | ဒေါ်ကြည်ကြည်အောင် | အမှတ် ၁၅/၄၉၊ ရာဇဌာနီလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ကျောက်မဲယူနန်စားသောက်ဆိုင် | |
| ၂၃ | ဦးသိန်းအောင် | အမှတ် H-12၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန် (၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဟိုတယ်ရွှေပြည်တော် | |
| ၂၄ | ဒေါ်မိုးနွေဦး | အမှတ် ၁၊ ဇမ္ဗူ့သပြေလမ်း၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဘောဂသိဒ္ဓိစားသောက်ဆိုင် | |
| ၂၅ | ဦးတင်မောင်လတ် | အမှတ် ၃/၄၊ ပန်းခင်းရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Palm Spring KTV+ စားသောက်ဆိုင်+တည်းခိုခန်း | |
| ၂၆ | ဦးကျော်ဌေး ပါ(၂) | စ-၄၂၊ ဘောဂသီရိကားဝင်း+ပေါင်းလောင်း-၂၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | 145KTV + ရှင်းရှင်းကြေးအိုး | |
| ၂၇ | ဒေါ်အဲအီ | အမှတ် B(1+2)၊ သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှေရင်ချမ်းစားသောက်ဆိုင် | |
| ၂၈ | ဦးဇော်သက်လွင် | အမှတ် ၁၆၅၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Lion House စားသောက်ဆိုင် | |
| ၂၉ | ဦးစံဝင်း | မြို့ရှောင်လမ်းဘေး၊ သာဝတ္ထိကျေးရွာ၊ လယ်ဝေးမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Hyper Top စက်သုံးဆီဆိုင် | |
| ၃၀ | ဒေါ်မြင့်မြင့်ဝင်း | အမှတ် C(1+2)၊ သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ခိုင်လီဟော့ပေါ့ဆိုင် | |
| ၃၁ | စာရာမေရီမိသားစု ကုမ္ပဏီလီမိတက် | အမှတ် ၂၂၇၉၊ ပဒုမ္မာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၂ | Aung Fiber Glass Trading Co.,Ltd | အမှတ် ၉/၁၃၊ ဇမ္ဗူ့သပြေလမ်း၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဖိုက်ဘာပစ္စည်းရောင်းဝယ်ရေး | |
| ၃၃ | ဦးကြည်စိုး | အမှတ် ၂/၂၂၊ ၈လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ခေတ်သစ် အိမ်ဆောက်ပစ္စည်း | |
| ၃၄ | ဦးဇေယျာဦး(ဆက်ခံ)ဒေါ်ခင်အေး | အမှတ် ၄၉၅၊ ပိတောက်လမ်း၊ သပြေကုန်း၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | SPIRIT လက်ဆောင်ပစ္စည်းဆိုင် | |
| ၃၅ | ဦးသိန်းသန်းဦး ပါ(၂) | အမှတ် H-19၊ ရာဇသင်္ဂဟလမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မန်းမြန်မာဟိုတယ် | |
| ၃၆ | အကောင်းမွန်ဆုံးဒီဇိုင်းကုမ္ပဏီလီမိတက် | အမှတ် ၁၄၀၊ ၁၄၁၊ မြစ်မခ ၁လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၇ | ရွှေဝင့်မြေကုမ္ပဏီလီမိတက် | အမှတ် ၃၀၈၊ ရွှေအင်ကြင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၃၈ | ဦးကျော်ဌေး ပါ(၂) | အမှတ် ၆၆၃၊ စိန်ပန်း ၂ လမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | Jade Royal Hotel | |
| ၃၉ | လွမ်းထက်အောင်ကုမ္ပဏီလီမိတက် | အမှတ် ၉၈၊ ဇော်ဂျီလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၀ | ဒေါ်ခင်ပြုံးရွှေ | GH-5+6၊ ရွှေကြာပင်လမ်း၊ ဟိုတယ်ဇုန်(၁)၊ ဒက္ခိဏသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှေဟသ်ာဟိုတယ် | |
| ၄၁ | ဦးဇေယျာထွေး အောင်ရွှေပိုင်ကုမ္ပဏီလီမိတက် | အမှတ် ၈/၁၄၀၈၊ ၁၇လမ်း၊ ပေါင်းလောင်း-၃၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၂ | ဒေါ်သီသီနွဲ့ | အမှတ် ၁၅/၂၄၅၊ ၁၅လမ်း၊ ပေါင်းလောင်း-၂၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | KTM သောက်ရေသန့် | |
| ၄၃ | ဦးငြိမ်းချမ်းအေး | အမှတ် ၈/က+ခ၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | PLAN-B စားသောက်ဆိုင် | |
| ၄၄ | ဦးဝင်းအောင် | နဝရတ်လမ်း၊ အမှတ် ၁ ရပ်ကွက်၊ လယ်ဝေးမြို့၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | သစ်အချောထည်လုပ်ငန်း | |
| ၄၅ | ဦးအောင်ဇော်ဝင်း+ဦးစိုးရှိန် | အမှတ် ၁၀၀၀၊ ရာဇဌာနီလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | မြင့်မိုရ်နန်းတည်းခိုခန်း | |
| ၄၆ | ဦးနေဇော်အောင် မှူးသစ်ပိုင်ကုမ္ပဏီလီမိတက် | မြို့မဈေးအနောက်ဘက်၊ ၈လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၇ | ဒေါ်တင်မာလွင် ရွှေကံဦးကုမ္ပဏီလီမိတက် | အမှတ် ၈/၁-ဘီ၊ ဗိုလ်တောက်ထိန်လမ်း၊ ဘုရားလမ်းနှင့်ဦးရာဇတ်လမ်းကြား၊ ရန်အောင်-၂၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၈ | ဦးအောင်မင်း နတ်သစ်ရွက်ကုမ္ပဏီလီမိတက် | အမှတ် ၁၅/၁၂၇၊ ၁၇လမ်း၊ ပေါင်းလောင်း-၂၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၄၉ | ထက်ရှိုင်းဆောက်လုပ်ရေး | အေ-၅၂/၅၃ဘီ၊ ၂၇လမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ဆောက်လုပ်ရေးလုပ်ငန်း | |
| ၅၀ | ဦးဆန်းဝင်း | ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး၊ အမှတ် ၁ရပ်ကွက်၊ လယ်ဝေးမြို့၊ ပြည်ထောင်စုနယ်မြေ။ | ပြည်ထောင်စုနယ်မြေ | ရွှက်နုဝေစက်သုံးဆီဆိုင် | |

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မေမေခင်

**သန့်လျှင်မက်ဒရစ်ကျောင်းသူဟောင်း**

**အသက်(၈၂)နှစ်**

ဦးသက်လွင်တိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း)-ဒေါ်လွင်လွင်ကျော်တို့၏မိခင်ကြီး ဒေါ်မေမေခင်သည် ၅-၃-၂၀၁၈ရက် ည ၇း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ကိုကျော်ဝင်းနိုင်(ခ)နိုင်နိုင် (ဗိသုကာ)

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ် ၄၁နေ ဦးငွေးဝင်း(အတွင်းရေးမှူး၊ အရှေ့ပိုင်းခရိုင် GEC)-ဒေါ်ခင်စောတို့၏သား၊ ကိုဖြိုးကျော်ခိုင်(PCML)-မဝင်းယုမွန်၊ မဝင်းလဲ့မွန်တို့၏အစ်ကို၊ မသွန်းနန္ဒီ၊ မောင်ခန့်နောင်အေးတို့၏ဘကြီးသည် ၉-၃-၂၀၁၈ရက် (သောကြာနေ့)နံနက် ၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်ချူးရီ အသက်(၇၆)နှစ်

**မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ ၅လမ်း၊ အမှတ် ၃၈နေ(ဦးဘိုးဝေ-ဒေါ်နု)တို့၏သမီး၊ (ဦးဝင်းမြင့်မော်)၏ဇနီး၊ (ဦးစောဘိုကြီး)-နော်ရိစလင်းတို့၏ညီမ၊ (ဦးစောလူးလူ-နော်ရူဖော)၊ (ဦးစောနီးနီ)-နော်ရှာသ၊ ဦးစောလွယ်ဖော-နော်ရာစေး၊ ဦးစောရှီးလယ်-နော်အယ်ရှီး၊ ဦးစောကီးလယ်-နော်အားဗလုတို့၏အစ်မ၊ ဦးမိုးကျော်သူ-ဒေါ်မြင့်မြင့်ရီ၊ (ဦးစိုးမိုးသူ)-ဒေါ်မြတ်မြတ်နွယ်၊ ဦးအောင်နိုင်သူ-ဒေါ်ထားဇင်သင်းဇော်၊ ဦးသိဂ်ါ-ဒေါ်အေးအေးဝင့်မော်၊ ဦးတိုးလှသော်-ဒေါ်သီတာဝင့်မော်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၈ရက်(သောကြာနေ့)ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် အလုံကရင်ခြံရပ်ကွက် ဗင်တန်အောက်မေ့ဘွယ် ကရင်နှစ်ခြင်းဘုရားကျောင်း၌ ၁၁-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ညနေ ၃နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးရဲမြင့်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၇၂)နှစ်**

ဦးရဲမြင့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန]သည် ၆-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းဟောင်းများက မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အငြိမ်းစားဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးဇော်မြင့်(ခ)ဦးငယ်

## အသက်(၆၃)နှစ်

မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ဒိုင်လူကြီးအဖွဲ့ဝင် အာရှအဆင့် ဒိုင်လူကြီးတစ်ဦးဖြစ်သည့် ဦးဇော်မြင့်(ခ)ဦးငယ်သည် ၈-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် ဒိုင်လူကြီးအဖွဲ့ဝင်များ**
**မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသိန်းဟန်

**အသက်(၅၈)နှစ်**

ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံးမှ ဒေါ်လှလှတင်(ကျွမ်း-၆)၏ ခင်ပွန်းသည် ၇-၃-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**(က·က·ဝယ်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မိုးစိန်(မြောက်ဦး/ပျဉ်းမနား) အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန် အောင်ဇေယျာအိမ်ရာ၊ တိုက် ၅၊ အခန်း ၂နေ (ဦးစံရွှေဦး)-ဒေါ်ဦးစိန်သာတို့၏သမီး၊ ဗိုလ်မှူးစိုးမြင့်(ငြိမ်း)၏ဇနီး၊ ဦးမောင်အေး(ကျောင်းဆရာ၊ ငြိမ်း)-ဒေါ်မဖဲဖြူတို့၏ညီမ၊ ဦးဘအေး(ARG)၊ ဦးထွန်းခင်(ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်မသိန်းနု၊ ဦးစိန်လှမောင်-ဒေါ်မသိန်းညွန့်၊ ဒေါ်မလှတင်၊ ဦးသိန်းအေး(M2 ဆောက်လုပ်ရေး)၊ ဦးစံအေး-မမိမိ('စံ' ချုပ်ထည် မင်္ဂလာဈေး)၊ဦးနီအေး(ဆောက်လုပ်ရေး)-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ဦးအောင်စိုးမိုး-ဒေါ်တင်တင်မာ၊ ဦးကျော်စိုးမိုး-ဒေါ်မိုးမိုးခိုင်၊ ဦးနိုင်စိုးမိုး၊ ဦးအောင်မင်းသူရိန်-ဒေါ်စန္ဒီစိုးမိုးတို့၏မိခင်၊ မောင်ပိုင်စိုးမိုး၊ မထက်ထက်စိုးမိုး၊ မောင်ချစ်စိုးမိုး၊ မောင်လင်းလင်းစိုးမိုး၊ မောင်ကြာချစ်လင်းစိုးမိုးတို့၏ အဘွားသည် ၉-၃-၂၀၁၈ရက် နံနက် ၁၁း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

## ဦးငွေလှိုင်

**အသက်(၈၀)**

ရန်ကုန်မြို့နေ(ဦးဇင်-ဒေါ်သဲဝါ)တို့၏သားထွေး၊ (ဦးချိန်အေး-ဒေါ်ခင်ယုံ)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၄၈နေ ဒေါ်မြမြဆင့်(အထပြ၊ငြိမ်း)၏ခင်ပွန်း၊ဦးညွန့်ဝင်း(CE/MTM SHIP MANAGEMENT)-ဒေါ်ခိုင်မွန်ဦး၊ မသင်းစုထွေးတို့၏ဖခင်၊ မဝင်းလဲ့မွန်(Pride ISM)၊ မရွှန်းလဲ့ဝင်း(Pride ISM)တို့၏အဘိုးသည် ၉-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လှ (ပဲခူး)

**အသက်(၈၉)နှစ်**

ပဲခူးမြို့နေ (ဦးစံဖေ-ဒေါ်ပြေ)တို့၏သမီး၊ (ဒေါ်ခင်မြ)၊ (ဒေါက်တာမန်းမျိုးမြင့်)-ဒေါ်မမတို့၏ညီမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၇၁၈(ခ)နေ (ဦးထွန်းမြင့်)-ဒေါ်လှရီတို့၏အစ်မ၊ ဦးဝင်းနိုင်ထွန်း(MD,CSC Co.,Ltd)-ဒေါ်ရီရီခင်(Director, CSC Co.,Ltd)၊ ဒေါက်တာဝါဝါထွန်း(ပါမောက္ခ၊ ဌာနမှူး၊ ဥပဒေပညာဌာန၊မြစ်ကြီးနားတက္ကသိုလ်)၊ ဒေါက်တာဆန်းငြေး-ဒေါ်မာမာထွန်း၊ ဦးအောင်ကျော်မိုး-ဒေါ်အောင်အောင်ထွန်း(Sr. Mgr, Octagon International Services Co.,Ltd)၊ ဦးတင်မောင်ထွန်း(MD, Asia Concrete Products Co.,Ltd)-ဒေါ်အေးသန္တာကျော်(Executive Director, Mindhama Co.,Ltd)တို့၏ကြီးကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးညွန့်

**အငြိမ်းစားကျောင်းဆရာကြီး (ချောင်းဦး)**

**အသက်(၈၇)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ ဦးထွန်းသစ်-(ဒေါ်စောကြည်)၊ ဒေါက်တာစိုးမိုး-ဒေါက်တာလွင်လွင်ခိုင်တို့၏ဖခင်၊ ဒေါက်တာစည်သူလင်း-ဒေါက်တာစုမြတ်၊ ကိုအေးချမ်း-မမိုးမိုးသက်၊ မောင်ထက်မြက်တို့၏အဘိုး၊ (ဆရာမကြီးဒေါ်အမာနီ)၏ခင်ပွန်းသည် ၈-၃-၂၀၁၈ရက်တွင်ကွယ်လွန်သွားပါ၍ ၉-၃-၂၀၁၈ရက် ညနေ ၄နာရီတွင် မကျီးစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမောင်မောင်လေး

**အငြိမ်းစားဆရာကြီး**

**အသက်(၈၆)နှစ်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဆောင်(၃-၄)၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ တွဲဖက်ပါမောက္ခ/အထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးမင်းဦး၏ ကျေးဇူးရှင်ဖခင်ကြီးဖြစ်သူ ဦးမောင်မောင်လေး အသက်(၈၆)နှစ်သည် ၈-၃-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာဝန်၊ ဆရာမများ**
**အရိုးရောဂါပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှလှတင်(ခ)ဒေါ်ဒေစီ အသက်(၇၉)နှစ်

**အထက(၁)သဃ်န်းကျွန်း (အထက်တန်းပြ-ငြိမ်း)**

**ဝင်းမော်ဦးစာအုပ်တိုက်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်းနေ(ဦးမောင်ကြီး-ဒေါ်မိမိကြီး)တို့၏သမီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၆၅/၆၇ နှင့် အနော်ရထာလမ်း၊ အမှတ် ၁၆၂(ပထမထပ်)နေ[ဦးတင်မောင်(ပါလီမန်အမတ်-ငြိမ်း၊ ဂျပန်ခေတ် တ တိယပတ် ဗိုလ်သင်တန်းဆင်း၊ ဝင်းမော်ဦးစာပေ)]၏ဇနီး၊ ဦးမြင့်ကြွယ်(ဝင်းမော်ဦးစာပေ)၊ (ဦးဇော်မင်းဦး)-ဒေါ်မြတ်မော်(ခ)ဒေါ်မော်မော် (ဗိုလ်ချုပ်ဈေး)တို့၏မိခင်၊ မောင်ထက်နိုင်လင်း၏အဘွားသည် ၈-၃-၂၀၁၈ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းဟန် (စစ်တွေ)

**အသက်(၇၂)နှစ်**

စစ်တွေမြို့နေ (ဦးစောဟန်-ဒေါ်မကောက်)တို့၏သမီး၊ (ဦးသထော်ဦး-ဒေါ်စံခိုင်ဖြူ)တို့၏ချွေးမ၊ စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ စစ်ကဲလမ်းနေ ဦးစောလှဖြူ (ဌာနစုမှူး၊ ဘဏ္ဍာရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)၏ဇနီး၊ ဒေါ်ဦးခင်စော(စာရင်းကိုင်-၁၊ အဆောက်အအုံအထူးအဖွဲ့-၁၄၊ စစ်တွေ)၊ ဦးသိန်းထွန်း၊ဦးမောင်သိန်းနု-ဒေါ်စိုးစိုးဖြူ၊ဒုတိယဗိုလ်မှူးကြီးရွှေလှဖြူ(သပိတ်ကျင်း)-ဒေါ်လှမေသန်း(လက်ထောက်ကထိက၊ GTI ပြင်ဦးလွင်)တို့၏ ချစ်လှစွာသောမိခင်၊ မဝင်းဝင်းဖြူ (GBE-Civil၊ နည်းပညာတက္ကသိုလ်၊ စစ်တွေ)၊ မောင်ဇော်ဇော်အောင်၊ မောင်ဉာဏ်လင်းဖြိုးတို့၏အဘောင်ရှင်၊ (ဦးစစ်ဟန်)၊ ဒေါ်သောင်းဟန်၊ ဒေါ်မြထွေးဟန်တို့၏ညီမ/အစ်မသည် ၈-၃-၂၀၁၈ရက်မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် အာဂိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ချိုချို

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးမောင်ညွန့်-ဒေါ်တင်အုန်း)တို့၏ချွေးမ၊ (ဦးချစ်ဝင်း-ဒေါ်သန်းကြူ)တို့၏သမီး၊ ဦးသိန်းမြင့်လေး-ဒေါ်တင်သိန်း၊ (ဦးမျိုးကြွယ်)-ဒေါ်တင်တင်ငြိမ်း၊ (ဦးမောင်မောင်)-ဒေါ်မာမာအေး၊ (ဦးတင်ရွှေ)-ဒေါ်နန်းအက်စ်စတာသောင်း၊ (ဦးဝင်းကြည်)-ဒေါ်တင်တင်ရီ၊ ဦးနေဝင်း-ဒေါ်တိုးတိုးတို့၏ညီမ၊ ဦးတင်မောင်ကြည်-ဒေါ်မငယ်၊ (ဦးအေးမြင့်နိုင်)-ဒေါ်သို့ထွေး၊ ဦးတင်သိန်း-ဒေါ်ခင်မြင့်မွန်တို့၏အစ်မ၊ တူ၊တူမ ၂၂ယောက်တို့၏အဒေါ်၊ မယဉ်သူအောင်၏မိခင်၊ ဦးအောင်အောင်၏ဇနီးသည် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် အမှတ် ၁၆၃ (ပထမထပ်)၊ ၄ဝါလမ်း၊ အလုံမြို့နယ် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သထုံမြို့နယ်အသင်း(ရန်ကုန်မြို့)**

## ဒေါ်ခင်မြ (B.A, B.L)

**အသင်းဝင်အမှတ်(၂၈၇)**

**ဒုညွှန်မှူး(ငြိမ်း)**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့နေ ရန်ကုန်အရေးပိုင် (မွန်ဦးဘိုးကျေး - ဒေါ်ဒေါ်အုန်း)တို့၏ သမီးသည် ၇-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးခင်လှိုင်

**(ဟိုတယ်/ခရီး၊ ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ ဦးချစ်၏သား၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးလှမောင်-ဒေါ်အေး)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်းနေ ဒေါ်သန်းရီ(ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊ ကိုကိုလှိုင်၊ ညီညီလှိုင်၊ဇော်ဇော်လှိုင်တို့၏ဖခင်သည် ၉-၃-၂၀၁၈ရက် နံနက် ၇း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက်နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## အဖီးနော်ထူးဖော

**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မအူကုန်းရပ်ကွက်၊ ခရစ်ယာန်သာသနာဝင်းမေတ္တာလမ်း၊ အမှတ် ၁နေ (ဦးပြားကြီး-နော်မယ်ဂျီ)တို့၏သမီး၊ (ဦးအောင်ကြီး-ဒေါ်ဒွန်းရေး)တို့၏ သမီးချွေးမ၊ စောသန်းထွဋ်အုန်း၊ ဆရာမနော်နီလာအုန်း၊ Rev စောရဲထွဋ်အုန်း-နော်ထူးလွယ်၊ ဆရာစောတင်ထွဋ်အုန်း-နန်းနှင်းဝတ်ရည်၊ ဆရာမ နော်ရှီဗာအုန်း-ဆရာစောမြသူရိန်တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွား၊သိက္ခာတော်ရဆရာဦးအုန်းပန်း၏ ချစ်လှစွာသောဇနီးသည် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၆း၄၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် လက်ပံတန်း ကရင်နှစ်ခြင်းခရစ်ယာန်အသင်း ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး အရှေ့ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်းစိုး (သုံးခွမြို့)

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ သင်္ဂဟလမ်း၊တိုက် ၈၊ ပထမထပ်နေ(ဦးသောင်းကြွယ်-ဒေါ်ခင်သိန်း)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ အနမ်းပင်ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဒေါ်တင်တင်၏တူ၊ ဦးမြင့်ဟန်-ဒေါ်ခင်ဝင်း၊ဒေါ်ခင်စန်းဝင်းတို့၏ညီ/မောင်၊ ကိုလှသိန်း-မခင်သန်းဝင်း၊ မစန္ဒာထွန်း၊ ကိုစည်သူထွန်း၊ မအေးအေးခိုင်၊ မစန္ဒာမြင့်တို့၏အစ်ကို၊ မမီမီခိုင်၊ မဇာဇာလှိုင်၊ မခင်မာဇင်၊မလင်းလက်ပိုင်တို့၏ဘကြီးသည် ၇-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ည ၉နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးကျော်မြင့်(ခ) အီဗရာဟင်(မ်)

**ဗိုလ်ချုပ်ဈေး**

**အသက်(၄၅)နှစ်**

ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အနောက်(B)ရုံ၊ ဆိုင်အမှတ်(၆၄)၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၄၅နေ ဦးတင်မောင်-(အိုင်ရှာဘီ)တို့၏သား၊ အိုင်ရှာဘီ(ခ) မမီမီထွေး၏ချစ်လှစွာသောခင်ပွန်း၊ဒေါ်တင်တင်မြင့်-ဦးမြင့်တင်၊ ဒေါ်ကြည်ကြည်မြင့်-ဟာဂျီဦးလှရွှေ (ကားဆေးမှုတ်လုပ်ငန်း)၊ဒေါ်သန်းသန်းမြင့်-ဦးသန်းငွေး၊ဒေါ်စန္ဒာဝင်း-ဦးမြင့်ဦးတို့၏မောင်၊ ကိုသက်လွင်(Geomotion Singapore)-မနှင်းပွင့်ဖြူ၊ ကိုမြင့်ထွန်းတို့၏အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ ဦးလေးသည် ၈-၃-၂၀၁၈ရက် နံနက် ၃း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာလ်ဆွာလာသ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၅-၃-၂၀၁၈ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်မေမေခင် နာမကျန်းစဉ် စေတနာ သဒ္ဒါတရားအပြည့်ဖြင့် ကြပ်မတ်ကုသပေးခဲ့ပါသော ဝိတိုရိယဆေးရုံကြီးမှ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်မောင်သန်း၊ သွေးချိုအထူးကုဆရာဝန်ကြီး ဒေါက်တာငြိမ်းငြိမ်းမော်၊ နှလုံးအထူးကုဆရာဝန်ကြီး Dr.Pavlin Parlov နှင့် တာဝန်ကျဆရာဝန်၊ ဆရာမများနှင့်တကွ ဆေးရုံဝန်ထမ်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်း၊ အီးမေးလ်နှင့် လူမှုကွန်ရက်မှ ဝမ်းနည်းကြောင်းပြောကြားသော မိတ်ဆွေများကိုလည်းကောင်း၊ ကိုယ်တိုင်လာရောက်ပို့ဆောင်သတင်းမေးခဲ့သော ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ သံတမန်များ၊ ပြည်တွင်း၊ ပြည်ပမှခရီးသွားလုပ်ငန်း မိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ အားလုံးကိုလည်းကောင်း၊ နာရေးကူညီမှုအသင်းနှင့်အထူးသဖြင့်အစစအရာရာကူညီပေးခဲ့သော Myanmar Voyages Group of Companies မှ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းစိန် အသက်(၉၆)နှစ်

**သစ္စာဒီပကနာယကကြီး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ ၄လမ်း၊ အမှတ် ၅၈၇နေ(ဒေါ်ကြင်မေ)၏ခင်ပွန်း၊ (ဦးအောင်ချစ်)-ဒေါ်ခင်သန်းဦး(အထပြ၊ ငြိမ်း၊အထက-၃၊ တ/ဥ)၊(ဦးအောင်မြင့်)-ဒေါ်မာမာမြင့်၊ ဦးမျိုးကြည်(ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မဠူ(အထပြ၊ ငြိမ်း)တို့၏ဖခင်၊ ဦးမြတ်စိုး-ဒေါ်စိုးစိုးကြည်၊ ဦးရဲမင်းကျော်(ဒုညွှန်မှူး၊ ကျေးလက်ဦးစီး)-ဒေါ်စုရည်မွန်၊ ဦးဇေယျာမျိုးထက်-ဒေါ်သက်စုမွန်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ဘိုးဘိုးသည် ၈-၃-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် တောင်ဥက္ကလာပနေအိမ်တွင်လည်းကောင်း၊ မော်လမြိုင်မြို့ အရာထမ်းကြီးအိမ်ရာ၊ မောင်ငံရပ်ကွက်တွင်လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်မောင်တင်(ခ)ဦးကိုကိုလေး

**မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)**

**အသက်(၈၅)နှစ်**

ဟသ်ာတမြို့နယ်၊ သံပုရာတိုင်းကျေးရွာနေ (ဦးလှ-ဒေါ်သိန်း)တို့၏သား၊ (ဦးဖုန်းကျင်-ဒေါ်ကြည်)တို့၏သားသမက်၊ (ဦးထင်အောင်-ဒေါ်သန်းသန်း)၊ (ဦးကျော်မြ-ဒေါ်မြစိန်)၊ (ဦးတင်လှိုင်-ဒေါ်ညွန့်ရီ)၊ (ဦးကိုကို-ဒေါ်ခင်သာသာ)တို့၏ညီ/မောင်၊ (ဦးမြင့်သိန်း)-ဒေါ်သန်းစိန်၊ ဗိုလ်မှူးချုပ်စိုးဝင်းမောင်(ငြိမ်း)-ဒေါ်မြင့်မြင့်ဝေ၊ ဒေါက်တာသန်းဝင်း-(ဒေါ်ခင်မာချို)တို့၏အစ်ကို၊ ဒေါ်ကြည်အောင်၏ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၄း၄၅နာရီတွင် O.S.C (မြောက်ဥက္ကလာပ)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်မောင်တင်(ခ)ဦးကိုကိုလေး

**မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)**

**အသက်(၈၅)နှစ်**

ဟသ်ာတမြို့နယ်၊ သံပုရာတိုင်းကျေးရွာနေ (ဦးလှ-ဒေါ်သိန်း)တို့၏သား၊ (ဦးဖုန်းကျင်-ဒေါ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၁)လမ်း၊ အမှတ် ၃၈၀နေ ဒေါ်ကြည်အောင်၏ချစ်လှစွာသောခင်ပွန်း၊ ဒုဗိုလ်မှူးကြီးတင်သိန်း(ငြိမ်း)-(ဒေါ်မော်မော်တင်)၊ ဦးကျော်စိုးဦး-ဒေါ်မာမာတင်၊ ဦးဇော်တင်(3/E SSC Ship Management Pte Ltd)-ဒေါ်လှလှငွေး၊ ဦးထွန်းအောင်(E/E PIL Shipping)-ဒေါ်မိမိတင်(ဒုညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ (ဦးလှမြင့်အောင်)-ဒေါ်ထွေးထွေးအောင်(မြန်မာ့အာမခံ၊ ငြိမ်း)၊ ဒေါ်ခင်တိုးတိုးအောင်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၉-၃-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၄၅နာရီတွင် O.S.C (မြောက်ဥက္ကလာပ)ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၃-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်လှ(ခ)ဦးလှ

**အိုးအိမ်ဦးစီးဌာန(ငြိမ်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ တိုက် ၃၇၊ လေးလွှာ(ဝဲ)နေ (ဦးမွှေးဦး-ဒေါ်စိန်ဦးမေ)တို့၏သား၊ ဦးရွှေစိန်မောင်-ဒေါ်စိန်ညွန့်(ကျန်းမာရေးဌာန၊ ငြိမ်း)တို့၏အစ်ကိုသည် ၈-၃-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

## ဦးမြင့်ရှိန်

**အသက်(၆၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျိုက်မဲကျေးရွာနေ (ဦးလှမောင်-ဒေါ်ကျင်ယုံ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးကျော်သန်း-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ဒေါ်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မြင့်-မညီညီမြင့်၊ကိုသိန်းမြင့်၊ ကိုကျော်ဇောဦး-မခင်ဝင်းရီ၊ ကိုဝင်းထွန်း-မမျိုးသူသူဇင်၊ ကိုအောင်နိုင်ထွန်း-မအိဖြူမွန်၊ မနွယ်နွယ်ခင်၊ မခင်ခင်မျိုးတို့၏ဖခင်သည် ၈-၃-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၈ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ပိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၂၁၀/ခ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးအတွက် ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၉**

မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံအကြား လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးအတွက် မတ် ၈ ရက်တွင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် မတ် ၉ ရက်တွင် ဝန်ကြီးအဆင့် အစည်းအဝေးတို့ကို နေပြည်တော် Horizon Lake View Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးအဖွဲ့ (National Energy Administration - NEA) ၏ Vice Administrator, H.E. Mr. Li Fanrong၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားနှင့် ဓာတ်သတ္တုအရင်းအမြစ်များဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် Dr. Tawfiq-e-Elahi Chowdhury,BB နှင့် စွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သဘောတူ**

အစည်းအဝေးတွင် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ်သုံးနိုင်ငံနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံတို့အကြား လျှပ်စစ်ဓာတ်အား ကုန်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆွေးနွေးရာ သုံးနိုင်ငံမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group) ကို ဖွဲ့စည်း၍ လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်း (Feasibility Study) ကို ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေး သဘောတူခဲ့ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❄




မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံအကြား လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးအတွက် သဘောတူညီချက်စာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။ သတင်းစဉ်

# မြန်မာ ယူ-၂၃ အသင်း စခန်းဝင်လေ့ကျင့်ရန် ကစားသမား ၂၅ ဦးရွေးချယ်



မြန်မာ ယူ-၂၃ အသင်းတိုက်စစ်မှူး ဝင်းနိုင်ထွန်း။
ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မတ် ၉**

မြန်မာ ယူ-၂၃ အသင်းသည် ဘရူနိုင်းနိုင်ငံ၌ ကျင်းပမည့် ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ အပတ်စဉ် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သော်လည်း မတ် ၁၁ ရက်တွင် စခန်းဝင်လေ့ကျင့်နိုင်ရန် ပဏာမကစားသမား ၃၁ ဦးမှ ၂၅ ဦးသို့ လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲကို ဧပြီ ၂၀ ရက်မှ မေ ၅ ရက် အထိ ကျင်းပမည်ဖြစ်သည်။

**ခြေစမ်းပွဲကစားမည်**

မြန်မာ ယူ-၂၃ အသင်းသည် ဘရူနိုင်းဘုရင့်ဖလား ပြိုင်ပွဲအတွက်သာ လေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်ပြီး ပြင်ဆင်ချိန် တစ်လကျော်ရမည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၃ အသင်းတွင် မြန်မာဘောလုံးပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့် ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ဘုန်းသစ္စာမင်း (**ဂိုး**)၊ ရဲရင့်အောင်၊ စိုးမိုးကျော်၊ ဝင်းမိုးကျော်၊ ပြည့်စုံနိုင်နှင့် အောင်ကောင်းမာန်တို့ ပါဝင်လာသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး တစ်ပတ်လျှင် နှစ်ရက်လေ့ကျင့်မှု ပြုလုပ်ရာတွင် ကြံ့ခိုင်မှုကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်း၌ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည့် ဂျာမနီနိုင်ငံသား မားကပ်စ်ကို ပြန်လည်ခန့်အပ်ထားသောကြောင့် ကြံ့ခိုင်မှုဦးစားပေးလေ့ကျင့်နေကာ စခန်းဝင်လေ့ကျင့်မှသာ နည်းဗျူဟာနှင့် ကစားကွက်အတွက် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အသင်းများနှင့် ညှိနှိုင်းလျက်ရှိသည်။

**ပါဝင်**

မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးချစ်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးကျော်အောင်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် မားကပ်စ်၊ ကစားသမားများအဖြစ် **ဂိုးသမား-** ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ နိုင်လင်းထွန်း (ဟံသာဝတီ)၊ *စာမျက်နှာ ၅ ကော်လံ ၁* ❍

## MFF Futsal Open Cup ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ဖူဆယ်ပြိုင်ပွဲအုပ်စု စတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့တွင် အုပ်စု (ည) ပထမနေ့ပွဲများနှင့် အုပ်စု (က၊ ခ) ဒုတိယမြောက်ပွဲများကျင်းပပြီး အုပ်စု (ည) အဖွင့်ပွဲတွင် ရွှေမြဝတီအသင်းက မျိုးချစ်လူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂန္ဓမာ GB အသင်းက Montaung အသင်းကို ၁၀ ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (က၊ ခ) ဒုတိယမြောက်ပွဲများတွင် GV Athletic အသင်းက MGG အသင်းကို ၁၀ ဂိုး- နှစ်ဂိုး၊ ရိပ်သာအသင်းက Monster Hero အသင်းကို ၁၄ ဂိုး-နှစ်ဂိုး၊ Zombie အသင်းက Best Friend အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MSJ အသင်းက United အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အကောင်းဆုံးကစားသမားဆုများကို ရွှေမြဝတီအသင်းမှ သီဟအောင်၊ ဂန္ဓမာ GB အသင်းမှ ဖြိုးသော်ကောင်း၊ GV Althletic အသင်းမှ အောင်သူမျိုး၊ ရိပ်သာအသင်းမှ ဖြိုးသီဟကျော်၊ Zombie အသင်းမှ ဖြိုးသူရ၊ MSJ အသင်းမှ စည်သူအောင်မျိုးကျော်က ရရှိခဲ့သည်။ **ရဲရင့်ရှိုင်း**

# ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပဲနွယ်ကုန်းရွာမအုပ်စု ကွင်းတာဝန်ခံအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တရားစွဲဆို

**နေပြည်တော် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရွာမကျေးရွာအုပ်စု ဒိုးတန်းကျေးရွာနေ နစ်နာသူက ၎င်းတို့ပိုင်ဆိုင်သည့် လယ်များကို သား၊ သမီးများအား လုပ်ကိုင်စားသောက်ရန် ခွဲဝေပေးရာတွင် ကျောက်တံခါးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကွင်းတာဝန်ခံ ကိုမောင်မောင်သည် လယ်ယာမြေစာချုပ် ချုပ်ဆိုခြင်းနှင့် အမည်ပြောင်းခြင်းတို့အတွက် ငွေကြေးတောင်းခံခြင်းအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပဲနွယ်ကုန်းရွာမအုပ်စု ကွင်းတာဝန်ခံမြေတိုင်း(၄) ဦးလပြည့်ဝန်း (ခ)ဦးမောင်မောင်သည် လယ်မြေအရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇) ပြုလုပ်ရန်လာရောက်သူများထံမှ ၂၀၁၄ ခုနှစ် မေလခန့်မှ စ၍ ၂၀၁၇ ခုနှစ် မေလကုန်အထိ စုစုပေါင်း ၁၅ ကြိမ် ငွေကျပ် ၁၁၂၅၀၀၀ တောင်းခံခြင်းနှင့် လက်ခံရယူခဲ့ခြင်းသည် ၎င်း၏ ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး *စာမျက်နှာ ၅ ကော်လံ ၃* ❑

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၉**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ ညောင်လေးပင်မြို့၊ ဘော်လခဲမြို့၊ ကော့ကရိတ်မြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ ဒသမ ၈၃ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၅၉ လက်မ တို့ဖြစ်ကြသည်။

**မိုး/ဇလ**

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)